အမှတ်(၁)၊ ဒီဇင်ဘာလ ၂၀၀၈ ခုနှစ်

# အလင်းတန်း ဂျာနယ်

ဒီမိုကရေစီလေ့လာရေးလုပ်ငန်းနဲ့ ဒီမိုကရေစီဖေါ်ဆောင်ရေးတာဝန်
**အယ်ဒီတာ့တင်ပြချက်**

တတိယလှိုင်းဒီမိုကရက်တိုက်ဇေးရှင်း
**ဝင့်ထန်း** ၇

လှိုင်းတွေဘာကြောင့် ဘယ်လိုဖြစ်ခဲ့သလဲ
**သိုက်နိုင်ဝင်း** ၁၆

ဒီမိုကရေစီထိုင်းမှိုင်းမှုနှင့် သရဲမရဲစီးနိုင်ငံများ
**ရဲမြင့်ကျော်** ၂၅

ဒီမိုကရေစီဖေါ်ဆောင်ရေးနှင့် လူထုအခန်းကဏ္ဍ
**မောင်စီ** ၃၄

ဒီမိုကရေစီ ရေခံမြေခံနဲ့ တစိတ်တည်းပဲလား
**မောင်ရင်** ၄၁

တဖက်စောင်းနေသောကမ္ဘာနှင့် ခေါင်းဆောင်မှုပညာ
**ဝင်းမြင့်မောင်** ၅၂

ဗီယက်နမ်ကပေးတဲ့သင်ခန်းစာ (ဟင်နရီကစ်ဆင်ဂျား)
**ဇော်မြင့်ကျော်** ၅၉

ပြည်တွင်းစစ်အပြီးပြန်လည်တည်ဆောက်ရေး
**ရဲနွယ်မိုး** ၆၈



ဤဂျာနယ်အား နော်ဝေးမြန်မာကော်မတီ
(Norwegian Burma Committee) ၏ ရံပုံငွေ ထောက်ပံ့ကူညီမှုဖြင့်
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ သုတေသနနှင့်လေ့လာရေးဌာန က
ထုတ်ဝေဖြန့်ချိပါသည်။

တာဝန်ခံအယ်ဒီတာ

ဇော်ဇော်ထွန်း

တွဲဘက်အယ်ဒီတာ

ရဲမြင့်ကျော်

ထုတ်ဝေသူ

သုတေသနနှင့် လေ့လာရေးဌာန
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

P.O Box (294)
Chiang Mai University Post Office
Chiang Mai, 50202, Thailand

http://www.dpnsburmese.org

အယ်ဒီတာ့တင်ပြချက်

# ဒီမိုကရေစီလေ့လာရေးလုပ်ငန်းနဲ့ ဒီမိုကရေစီပေါ်ဆောင်ရေးတာဝန်

နှစ်ဆယ်ရာစုအဆုံးပိုင်းကာလဟာ သမိုင်းမှာ ထူးခြားတဲ့ဖြစ်ပေါ်တိုးတက်မှုတွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲ့ဒီလို သမိုင်းတွင်ရစ်လောက်တဲ့ ဖြစ်ထွန်းမှုတွေကတော့ ကမ္ဘာ့နေရာ အနှံ့အပြားမှာ ဒီမိုကရေစီပေါ်ထွန်းလာခြင်းပဲ ဖြစ်ပါတယ်။ သမိုင်းကို ပြန်ကြည့်ရင် ၁၉၀၀ ခုနှစ်တုန်းက ဒီမိုကရေစီနိုင်ငံ (၁၀)နိုင်ငံသာ ရှိခဲ့တယ်။ ရာစုနှစ်အလယ်အရောက်မှာ အရေ အတွက်က သုံးဆယ်အထိတိုးလာပြီး ၁၉၇၀လွန်နှစ်များအထိ အဲ့ဒီအတိုင်းပဲ ရှိနေခဲ့တယ်။ ၂၀၀၅ ခုနှစ် စာရင်းအရ ကမ္ဘာ့နိုင်ငံပေါင်း (၁၉၀)အနက် (၁၁၉)နိုင်ငံဟာ ယေဘူယျအားဖြင့် ပြောရရင် ဒီမိုကရေစီနိုင်ငံများ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီလို ကမ္ဘာ့အတိုင်းအတာနဲ့ ဒီမို ကရေစီဖြစ်ပေါ်တိုးတက်မှုကို ပြီးခဲ့တဲ့ရာစုနှစ်အတွင်း တစ်ခုတည်းသော အရေးပါဆုံး နိုင်ငံရေး ဖြစ်ထွန်းမှုလို့ ပညာရှင်များက သတ်မှတ်ပြောဆိုကြပါတယ်။

ဒါဆိုရင် နိုင်ငံတစ်ခုကို 'ဒီမိုကရေစီ' နိုင်ငံလို့ သတ်မှတ်နိုင်ဖို့ ဘာတွေလိုအပ်သလဲ၊ အခြေခံအားဖြင့် ဘယ်လို သွင်ပြင်လက္ခဏာတွေ ရှိရမှာလဲ ဆိုတာတွေကို စဉ်းစားရန် ဖြစ်လာပါ တယ်။ ဒီမိုကရေစီလေ့လာရေးဆိုင်ရာဘာသာရပ်မှာ ထင်ရှားတဲ့ နိုင်ငံရေးသိပ္ပံပညာရှင် ပါမောက္ခ လာရီဒိုင်းမွန်း က ...

- ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ပြည်သူလူထုက သူတို့ကို အုပ်ချုပ်မယ့် ခေါင်းဆောင် တွေကို ပုံမှန်ကျင်းပတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲများကတဆင့် ရွေးချယ်ခွင့်ရှိကြတယ်။ ဒါပေမဲ့ ပြည်သူလူထုဆိုတာမှာ လူဦးရေဘယ်လောက်ကို ပြောတာလဲ၊ ဘယ်နှစ်ရာခိုင်နှုန်းကိုပြောတာလဲ။ နိုင်ငံသားအချို့ကို မဲပေးခွင့်မပြု တဲ့၊ ရွေးကောက်ပွဲဝင်ခွင့်မပြုတဲ့ တိုင်းပြည်ရဲ့ နိုင်ငံရေးစနစ်ကို ဒီမိုကရေစီလို့ ဆိုနိုင် ပါ့မလား။ နိုင်ငံသားအများအပြားက ရွေးကောက်ပွဲဆိုတာကို ဂရုမစိုက်၊ ပါဝင်မှု လည်း မရှိဘူးဆိုရင်ကော။
- ရွေးကောက်ပွဲတွေဆိုတာ လွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့် ရှိရမယ်။ ဆိုလို တာက ပါတီစုံကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရမှာ ဖြစ်တယ်။ ဒါဆိုရင် ဘယ်လို အတွေးအခေါ်မျိုးမဆို၊ ဘယ်လို စံနှုန်းတန်ဘိုးမဆို ကိုင်စွဲတဲ့ နိုင်ငံရေးပါတီတိုင်း၊ အဖွဲ့အစည်းတိုင်း၊ အုပ်စုတိုင်းကို ခွင့်ပြုမှာလား။

- လူတစ်ဦးချင်းစီရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်နဲ့ ပတ်သက်လို့ကော။ ဒီမိုကရေစီဆိုတာ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံသားများ၏အခြေခံရပိုင်ခွင့်များဆိုင်ရာပြဋ္ဌာန်းချက် (Bill of Rights)၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) များကဲ့သို့ နိုင်ငံများအလိုက် ဒါမှမဟုတ် နိုင်ငံတကာဆိုင်ရာ ပဋိညာဉ်များ ကွန်ဗင့်ရှင်းများမှာ အာမခံထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ လွတ်လပ်ခွင့်များနဲ့ မသက်ဆိုင်ဘူးလား။
- အကယ်၍ နိုင်ငံသားများအနေနဲ့ အခြေခံပြည်သူ့လွတ်လပ်ခွင့်တွေဖြစ်တဲ့ ပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့် စတာတွေ လုပ်ခွင့်မရှိဘူးဆိုရင် ကန့်သတ်ပိတ်ပင်ခံထားရရင် အဲ့ဒီတိုင်းပြည်ဟာ ဒီမိုကရေစီနိုင်ငံဖြစ်နိုင်ပါ့မလား။
- ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်တယ်ဆိုရင် ရွေးကောက်ပွဲတစ်ခုနဲ့ တစ်ခု ကြားကာလတွေမှာ နိုင်ငံသားများအနေနဲ့ သူတို့ရဲ့ လိုလားချက်တွေ ရရှိဖို့၊ နစ်နာမှုတွေကို ဖြေရှင်းပေးဖို့ တောင်းဆိုမှုတွေ ဆန္ဒပြမှုတွေကနေတဆင့် ဆောင်ရွက်ခွင့် အခွင့်အရေး မရှိသင့်ဘူးလား။
- ဒီမိုကရေစီနိုင်ငံတစ်ခုမှာ မိမိတစ်ဦးချင်း ကိုးကွယ်ယုံကြည်မှုကို (မကိုးကွယ်မှုကို) လက်ခံကျင့်သုံးပိုင်ခွင့်၊ မိမိနေလိုတဲ့အရပ်ဒေသမှာ နေထိုင်ပိုင်ခွင့်၊ လွတ်လွတ် လပ်လပ် ခရီးသွားပိုင်ခွင့်၊ ပုဂ္ဂလိကပစ္စည်း ပိုင်ဆိုင်ခွင့် လွှဲပြောင်းခွင့် ရောင်းချခွင့်၊ ကူးသန်းရောင်းဝယ်ခွင့် စတဲ့ လွတ်လပ်ခွင့်တွေကော မရှိသင့်ဘူးလား။
- နိုင်ငံတစ်ခုမှာ လူမျိုးစုအရ၊ လူမျိုးအရ၊ ဘာသာရေးအရ လူနည်းစုတွေကို ဖိနှိပ်ချုပ်ချယ်နေတယ်၊ သူတို့ရဲ့ အခွင့်အရေးတွေကို ကန့်သတ်ပိတ်ပင်ထားတယ်ဆိုရင် ဒီမိုကရေစီစနစ်လို့ ပြောနိုင်ပါ့မလား။
- နိုင်ငံသားအားလုံးဟာ ဥပဒေရဲ့ ရှေ့မှောက်မှာ တန်းတူညီမျှမှုရှိမယ်၊ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိဘူး၊ ဥပဒေတွေကို နိုင်ငံသားအားလုံးက သိရှိနိုင်မယ်၊ ဘက်မလိုက်တဲ့ တရားရေးစနစ်ရှိမယ်ဆိုရင် တရားဥပဒေစိုးမိုးရေး ရှိတယ်လို့ ဆိုနိုင်တယ်။ အဲ့ဒီလိုမျိုး အချက်အလက်တွေနဲ့ ပြည့်စုံတဲ့ တရားဥပဒေစိုးမိုးရေးဆိုတာ မရှိတဲ့ နိုင်ငံရေးစနစ်တစ်ရပ်ကို ဒီမိုကရေစီလို့ သတ်မှတ်နိုင်ပါ့မလား။

အစရှိတဲ့ မေးခွန်းတွေနဲ့ ဒီမိုကရေစီဆိုတာကို ဖွင့်ဆိုနိုင်ဖို့၊ ဘယ်လို အခြေခံသွင်ပြင်လက္ခဏာတွေ ရှိသင့်သလဲဆိုတာတွေကို တင်ပြထားပါတယ်။

သူကပဲ ဆက်လက်ပြီး ‘နိုင်ငံတစ်ခုမှာ လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့် မရှိဘူးဆိုရင်၊ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်း လှုပ်ရှားစည်းရုံးပိုင်ခွင့် မရှိဘူးဆိုရင်၊ တရားဥပဒေစိုးမိုးမှု မရှိဘူးဆိုရင် အဲ့ဒီတိုင်းပြည်ဟာ ဒီမိုကရေစီမဖြစ်နိုင်တော့ဘူး။ အဲ့ဒါဘာကြောင့်လည်း။ အဲ့ဒီလို အခြေအနေအောက်မှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွေဟာ ဘယ်လိုနည်းနဲ့မှ လွတ်လပ်ပြီး တရားမျှတနိုင်မှာ မဟုတ်ဘူး။ ဒါ့အပြင် နိုင်ငံတစ်ခု ဒီမိုကရေစီဖြစ်ဖို့ဆိုတာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ရှိရုံနဲ့ မလုံလောက်ပါဘူး။’ ဆိုပြီး “ဒီမိုကရေစီ

၏ အခြေခံအနှစ်သာရ" (The Spirit of Democracy) ဆိုတဲ့စာအုပ်ထဲက ဒီမိုကရေစီ၏ တန်ဘိုး (democratic value) ကို ဆွေးနွေးရာမှာ တင်ပြထားပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် ဒီမို ကရေစီလေ့လာရေးလုပ်တဲ့အခါ အခြေခံအားဖြင့် အထက်ပါအချက်တွေကို လေ့လာရမှာ ဖြစ်ပါတယ်။ သမိုင်းနောက်ခံနဲ့ လူမှုစီးပွားအခြေခံမတူညီတဲ့ နိုင်ငံတိုင်းအတွက် တစ်ခုတည်း သော အဖြေကို မျှော်လင့်လို့ရမှာ မဟုတ်သလို၊ သူများတွေရဲ့ အတွေ့အကြုံတွေကို မိမိတို့ရဲ့ လက်တွေ့မှာ တစ်ထပ်တည်း ပုံတူကူးလို့တော့ရမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှိသင့်ရှိထိုက်တဲ့ တန်ဘိုးတွေ၊ သွင်ပြင်လက္ခဏာတွေကတော့ အခြေခံအားဖြင့် ကွဲလွဲမှုမရှိပါဘူး။ မိမိတို့ လူမှု လက်တွေ့နဲ့ ကိုက်ညီတဲ့ ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ရပ်ထူထောင်ရေးလုပ်ငန်းအတွက် သင်ခန်းစာယူစရာတွေကို လေ့လာပြီး အသုံးချနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ ပတ် သက်ပြီး ပညာရှင်များရဲ့ လေ့လာဆန်းစစ်မှုတွေ၊ ဆွေးနွေးမှုတွေကို တဆင့်ပြန်လည်တင်ပြ ရခြင်း ဖြစ်ပါတယ်။

ခေတ်သစ်သမိုင်းမှာ ဒီမိုကရေစီလှိုင်း သုံးခုဖြစ်ခဲ့ရာမှာ ပထမလှိုင်းနဲ့ ဒုတိယလှိုင်း နှစ်လှိုင်းကိုကြည့်ရင် တစ်ခုစီမှာ နောက်ပြန်လှိုင်း (reverse wave) တွေ ကပ်လိုက်နေပါ တယ်။ ဒီမိုကရေစီကူးပြောင်းထားပြီးသားနိုင်ငံအချို့မှာ အာဏာရှင်တွေပေါ်လာပြီး ဒီမိုကရေစီ ဖွံ့ဖြိုးလာရမဲ့အစား နောက်ပြန်ဆုတ်သွားတာမျိုးတွေရှိခဲ့တယ်။ ဒါကြောင့် "ဖွံ့ဖြိုးဆဲနိုင်ငံများ အနေနဲ့ ဒီမိုကရေစီကူးပြောင်းမှုကို အသေအချာလေ့လာသင့်သလို ဒီမိုကရက်တိုက်ဇေးရှင်း လှိုင်းနဲ့ သူ့ရဲ့ နောက်ပြန်လှိုင်းတို့ရဲ့ကာလဖြစ်ရပ်တွေကို အတိအကျ ပိုင်းခြားကြည့်ဖို့လည်း လိုအပ်ပါလိမ့်မယ်။" ဆိုပြီး ဒီမိုကရေစီပထမလှိုင်းနဲ့ သူ့ရဲ့ နောက်ပြန်လှိုင်းကာလ၊ ဒုတိယ လှိုင်းနဲ့ သူ့ရဲ့နောက်ပြန်လှိုင်းကာလတို့ကို ပိုင်းခြားစိတ်ဖြာ ရှင်းလင်းတင်ပြတာကို **'တတိယ လှိုင်း ဒီမိုကရက်တိုက်ဇေးရှင်း'** မှာ တွေ့ရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး အဲ့ဒီစာစုမှာပဲ ဒီမိုကရေစီလှိုင်းနဲ့ပတ်သက်ပြီး အချက်(၄)ချက်ကို ထောက်ပြထားပါတယ်။ အဲ့ဒါတွေကတော့ (၁) ဒီမိုကရေစီနဲ့ လူတစ်ဦးချင်း လွတ်လပ်ခွင့်အခွင့်အရေး ဆက်စပ်မှု၊ (၂) နိုင်ငံရေးတည်ငြိမ်မှုနဲ့ အစိုးရပုံစံ၊ (၃) ဒီမိုကရေစီပြန့်နှံ့မှုနဲ့ နိုင်ငံတကာဆက်ဆံရေး၊ (၄) အမေရိကရဲ့အမှတ်အသား လက္ခဏာ (identity) နဲ့ လစ်ဘရယ်ဒီမိုကရက်တစ်တန်ဖိုး ဆက်စပ်မှု ဆိုတဲ့အချက်တွေ ဖြစ်ပါတယ်။ အဆုံးမှာတော့ စာရေးသူက လက်ရှိမှာ ဒီမိုကရေစီတတိယလှိုင်းဟာ မောသွားပြီ လား ဆိုတဲ့မေးခွန်းထုတ်ထားခဲ့ပါတယ်။

ဒီမိုကရေစီလှိုင်းတွေ ဘာကြောင့်ဖြစ်ပေါ်ခဲ့သလဲ။ ဘယ်လိုဆင့်ကဲဖြစ်ထွန်းခဲ့ကြ သလဲ။ ဒီမိုကရေစီလှိုင်းတွေပေါ်ပေါက်အောင် တွန်းပို့ပေးတဲ့ နောက်ခံအကြောင်းအရင်းတွေက ဘာတွေလဲ။ ဒါကို အဖြေရှာဖို့ **'လှိုင်းတွေ ဘာကြောင့် ဘယ်လို ဖြစ်ခဲ့သလဲ'** မှာ စာရေးသူက ပါမောက္ခဟန်တင်တန်ရဲ့ တတိယလှိုင်း (Third Wave) ထဲက ဖွင့်ဆိုရှင်းလင်းချက်လေးခုကို တင်ပြခဲ့ပြီး အဲ့ဒီ အချက်တွေဟာ အချိန်မရွေး ရွေ့လျားနေတတ်ပြီး၊ နိုင်ငံရေးလှိုင်းတွေကို ဖြေရှင်းပြဖို့ ကြိုးစားအားထုတ်တဲ့အခါတိုင်း ထည့်သွင်းစဉ်းစားထားရမယ့် မော်ဒယ်တွေ

ဖြစ်တယ်လို့ ဆိုပါတယ်။ "ဒီမိုကရက်တိုက်ဇေးရှင်းတွေ လေ့လာဖို့ဆိုရင် သီအိုရီများစွာနဲ့ အချက်အလက်ပေါင်းများစွာ ရှိနေပါလိမ့်မယ်။ တစ်ကြောင်းဆွဲနဲ့မရဘဲ လွတ်လပ်ပြီး မူသေမဟုတ်တဲ့ ကိန်းရှင် (independent variables) ပေါင်းများစွာ စဉ်းစားရပါမယ်။" ဒ့ါအပြင် "သို့သော် ဒီမိုကရက်တိုက်ဇေးရှင်း အကြောင်းတရားများဟာ တစ်နေရာနဲ့ တစ်နေရာ၊ တစ်ချိန်မှတစ်ချိန် အမျိုးမျိုး ကွာခြားနေတတ်ပါတယ်။" လို့ ဆွေးနွေးရင်း တဆက်တည်းမှာ တတိယလှိုင်းဒီမိုကရေစီနိုင်ငံတွေရဲ့ အာဏာရှင်ကနေ ဒီမိုကရေစီကူးပြောင်းမှုပုံစံ(၅)မျိုး (five patterns) နဲ့ ဟန်တင်တန်ရဲ့ တတိယလှိုင်းက ဖွင့်ဆိုတဲ့ အကြောင်းရင်း (၅)ချက်ကို တင်ပြထားပါတယ်။ အဲ့ဒါတွေကတော့ (၁) ဒီမိုကရေစီတန်ဖိုးမြင့်တက်လာခြင်း၊ (၂) ကမ္ဘာ့စီးပွားရေး တိုးတက်မှုနဲ့ မြို့ပြလူလတ်တန်းစား အပြန့်ကျယ်လာမှု၊ (၃) ကက်သလစ်ကျောင်းတော်များရဲ့ ပြုပြင်ပြောင်းလဲမှု၊ (၄) နိုင်ငံခြားရေးပေါ်လစီအပြောင်းအလဲ၊ (၅) နှင်းဘောလုံးဖြစ်စဉ် လို့ဆိုတဲ့ နိုင်ငံတစ်ခုရဲ့ လူထုဆန္ဒပြပွဲများက အခြားနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုတို့ပဲ ဖြစ်ပါတယ်။ ဟန်တင်တန်ရဲ့ ဒီအကြောင်းတရားများဟာ ဒီမိုကရေစီရေးလှုပ်ရှားသူများအတွက် လမ်းညွှန်မှုများ ဖြစ်နိုင်ပါ့မလား။

ကမ္ဘာ့အတိုင်းအတာနဲ့ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုတွေ ဖြစ်နေတယ်၊ နိုင်ငံပေါင်း (၁၁၉)နိုင်ငံမှာ အနည်းနဲ့အများဆိုသလို ဒီမိုကရေစီဖြစ်ထွန်းနေပြီလို့ ဆိုနေပေမယ့်လည်း၊ တဖက်မှာ ဒီမိုကရေစီကူးပြောင်းစနိုင်ငံများမှာ အခက်အခဲပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ လက်ရှိမှာ "ဒီမိုကရေစီလှိုင်းနှေးကွေးနေပြီး ကမ္ဘာကြီးဟာ ဒီမိုကရေစီဆုတ်ယုတ်ကျဆင်းမှု (democratic recession) ထဲ လျှောကျသွားနေပါတယ်။" ဘောဂဗေဒမှာ စီးပွားရေးရီဆက်ရှင်းလို့သုံးနှုန်းသလို ဒီမိုကရေစီရီဆက်ရှင်းလို့ဆိုရမယ့်ကာလ ဖြစ်နေတယ်လို့ ပါမောက္ခလာရီဒိုင်းမွန်းရဲ့ **'ဒီမိုကရေစီထိုင်းမှိုင်းမှုနှင့် သရဲမရဲစီးနိုင်ငံများ'** မှာ ဆိုထားပါတယ်။ "ဒီမိုကရေစီဟာ နောက်ထပ် ဆက်မဖြန့်ကျက်နိုင်သေးခင် အရင်ဆုံးရှိနှင့်ပြီးသားနိုင်ငံတွေမှာ နက်နက်ရှိုင်းရှိုင်း စွဲမြဲအခြေကျဖို့ လိုအပ်နေပါတယ်။" ဒီအတွက် မဟာဗျူဟာသစ်တွေ လိုနေပါပြီ။ အုပ်ချုပ်ရေးညံ့ဖျင်းမှုနဲ့ အင်စတီကျူးရှင်းလိုအပ်ချက် အခြေခံပြဿနာကို မကိုင်တွယ်ရင် ဒီမိုကရေစီပျက်ယွင်းမှုတွေ ပိုဖြစ်လာနိုင်ပါတယ်။ ဒ့ါအပြင် "အဂတိလိုက်စားမှု ထိန်းချုပ်ဖို့နဲ့ အုပ်ချုပ်မှုအရည်အသွေးကောင်းမွန်စေဖို့ နိုင်ငံတကာရဲ့ဆုံးဖြတ်ချက်နဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းမှုတွေ မရှိဘူးဆိုရင် လက်ရှိ ဒီမိုကရေစီကျဆင်းမှု ရီဆက်ရှင်း ဟာ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရက်တစ် ရီဆက်ရှင်းဆီ ဦးတည်သွားပါလိမ့်မယ်။" ဒါဆိုရင် "လူသားတွေရဲ့ လွတ်လပ်မှုနဲ့ လုံခြုံမှု"ကို အများကြီး ထိခိုက်နစ်နာစေလိမ့်မယ်လို့ စာရေးသူက သတိပေးထားပါတယ်။

ဒီမိုကရေစီဖြစ်ထွန်းခြင်းနဲ့ပတ်သက်ပြီး **'ဒီမိုကရေစီဖေါ်ဆောင်ရေးနှင့် လူထုအခန်းကဏ္ဍ'** ဆိုတဲ့ စာစုမှာ စာရေးသူက "ရေရှည်တည်တံ့မည့် ဒီမိုကရေစီစနစ် တိုးတက်ဖြစ်ထွန်းရေးအတွက်မူ ပြည်သူတို့က မိမိတို့၏လိုလားချက်များ အကောင်အထည် ပေါ်လာစေရန် ခေါင်းဆောင်များအပေါ် မည်မျှထိထိရောက်ရောက် ဖိအားပေးနိုင်စွမ်း ရှိ မရှိ ဟူသည့်အပေါ် တည်မှီလျှက်ရှိသည်။ ထိုကဲ့သို့ ဖိအားပေးနိုင်စွမ်းဆိုသည်ကလည်း ပြည်သူတို့က

သက်ဆိုင်ရာလူ့အဖွဲ့အစည်းရှိ အရင်းအမြစ်များအား မည်မျှရယူသုံးစွဲ နိုင်သည်၊ မိမိတို့၏ ကိုယ်ပိုင်ယုံကြည်ချက်များ အမြင်များ အယူအဆများအား မည်မျှထုတ်ဖော်ကျင့်သုံးပိုင်ခွင့်ရှိသည်ဟူသည့် ပြည်သူများ၏စွမ်းရည်နှင့် လုပ်ပိုင်ခွင့်ပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ စွမ်းရည်နှင့် လုပ်ပိုင်ခွင့် မြင့်မားလာရေး၊ တနည်းအားဖြင့် ပြည်သူ့စွမ်းအားမြှင့်တင်ရေး human empowerment သည် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် အရေးကြီးပေသည်။'' လို့ နိဒါန်းအစချီပြီး ''နိုင်ငံသားပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်း'' ဆိုတာ ဒီမိုကရေစီဖြစ်တယ်။ ပြည်သူများအနေနဲ့ နိုင်ငံရေးဖြစ်စဉ် တနည်းအားဖြင့် နိုင်ငံရေးရာများနဲ့ ပတ်သက်လို့ ဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်များမှာ ပါဝင်နိုင်ဖို့လိုပါတယ်။ အဲ့ဒါကြောင့် အဲ့ဒီလို ပါဝင်နိုင်ဖို့ဆိုရင် ပြည်သူ့စွမ်းအားမြှင့်တင်ရေးလုပ်ငန်းဟာ အရေးကြီးတယ်။ အဲ့ဒီလုပ်ငန်းမှာ အဓိကအားဖြင့် ''(၁) အရင်းအမြစ်များ action resources (၂) ကိုယ်ပိုင်အမြင်အယူအဆ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားမှုများ self-expression values (၃) ဒီမိုကရေစီအဆောက်အအုံများ democratic institutions စတဲ့ ကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးစေရန်လိုအပ်သည်။''လို့ တင်ပြထားပါတယ်။ ဒ့ါအပြင် လူ့သမိုင်းတွင် အုပ်ချုပ်သူလူတန်းစားများက ပြည်သူလူထုအား ဖိနှိပ်အုပ်ချုပ်နိုင်ခြင်းကြောင့် မင်းဆိုးမင်းညစ်များ၊ အာဏာရှင်စနစ်များ တည်ရှိခဲ့ရခြင်း မဟုတ်ဘဲ ''ပြည်သူလူထု၏လက်ဝယ် အရင်းအမြစ်များနှင့် ဒီမိုကရေစီအဆောက်အအုံများအား ရယူနိုင်မည့် စည်းရုံးရေးအတတ်ပညာကျွမ်းကျင်မှုမရှိခဲ့သဖြင့်၊ ဒီမိုကရေစီ အဆောက်အအုံများ ရယူရေးအား ထိပ်တန်းဦးစားပေးအဆင့် တွင် မထားရှိခဲ့သဖြင့်'' အဆိုပါ ဆိုးဝါးတဲ့စနစ်များ တည်ရှိခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ အချုပ်အားဖြင့် ''ဒီမိုကရေစီဖော်ဆောင်ခြင်း ဆိုသည်မှာ သာမန်နိုင်ငံသူနိုင်ငံသားများ၏လက်ဝယ်သို့ နိုင်ငံရေးအာဏာလွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ် ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီဖော်ဆောင်ခြင်းလုပ်ငန်းတွင် ပြည်သူလူထု၏ စွမ်းအားပြည့်ပါဝင်မှုသည် အခရာကျသည်။ လူထုကိုသာ အခြေခံရမည်ဖြစ်သည်။''

**'ဒီမိုကရေစီ ရေခံမြေခံနဲ့ တစိတ်တည်းပဲလား'** စာစုမှာတော့ စာရေးသူက သမိုင်းတလျှောက် ကမ္ဘာတဝှမ်း အမေရိကန်ရဲ့ ''ဒီမိုကရေစီ ဖော်ဆောင်ရေးစီမံကိန်း'' အတွေ့အကြုံများနဲ့ အတွင်းသရုပ်တွေ၊ အောင်မြင်မှုတွေ၊ မအောင်မြင်မှုတွေကို သုံးသပ်တင်ပြထားပြီး၊ အမေရိကန်တို့ရဲ့ အကောင်အထည်ဖော်တဲ့နည်းကို ''ဝီ(လ်)ဆိုနီယံနည်း'' လို့ အမည်ပေးထားပါတယ်။ အဲ့ဒီမှာ အရေးကြီးတဲ့ အချက် သုံးချက်က (၁) ဒီမိုကရေစီ ရေခံမြေခံ အတွေ့အကြုံ၊ (၂) ပြည်ပအန္တရာယ်ခြိမ်းခြောက်မှု၊ (၃) တသွေးတသားတည်း လူမျိုးစုလူဦးရေ တို့ ဖြစ်ပါတယ်။ စာရေးသူက အဆိုပါအချက်သုံးချက်ကို လက်ရှိမြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လက်တွေ့နဲ့ပါ ဆက်စပ်ဖို့ ကြိုးစားထားပါတယ်။ ဒီအခါ မြန်မာနိုင်ငံဟာ အမေရိကန်ရဲ့ ''ဝီ(လ်)ဆိုနီယံနည်း'' မလိုဘဲ ဒီမိုကရေစီနိုင်ငံတော် ဖြစ်လာမယ်လို့ သုံးသပ်ပြထားပါတယ်။ အကြောင်းက မြန်မာနိုင်ငံဟာ ဒီမိုကရေစီအတွေ့အကြုံ တစုံတရာရှိနေတယ်။ လူထုက အပြည့်အဝထောက်ခံတဲ့ ဒေါ်အောင်ဆန်းစုကြည်လို၊ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေလို ခေါင်းဆောင်မျိုးတွေ ရှိနေတယ်။ ရှစ်လေးလုံးလူထုလှုပ်ရှားမှုနဲ့ ရဟန်းသံဃာတွေဦးဆောင်တဲ့ ၂၀၀၇–စက်တင်ဘာလှုပ်ရှားမှုတွေ ရှိခဲ့တယ်။ ဒါတွေဟာ ဒီမိုကရေစီရေခံမြေခံ ကောင်းတွေလို့ ဆိုပါတယ်။ ဒုတိယအချက်အနေနဲ့ မြန်မာနိုင်ငံဟာ

ကြီးမားတဲ့ ပြည်ပရန်လည်းမရှိပါဘူး။ တတိယအချက်အနေနဲ့ လူမျိုးစုအများအပြားရှိနေတဲ့ နိုင်ငံဖြစ်နေပေမဲ့လည်း "ပင်လုံစာချုပ်ချုပ်ဆို နိုင်ခဲ့တဲ့အထိ ဒီလူမျိုးစုအားလုံး ညီညွတ်နိုင်တယ်ဆိုတာ သမိုင်းကသက်သေပြခဲ့တဲ့အတွက် တတိယအရေးကြီးဆုံးအချက်ဖြစ်တဲ့ တသွေးတည်းတသားတည်းဖြစ်နေတဲ့ လူမျိုးစုအရေးအတွက် ဆိုတာကလည်း ဒီမိုကရေစီဆိုတဲ့ စနစ်အတွက် အသင့်ရှိနေပြီလို့ဆိုရင်လည်း ရနေပါတယ်။ တကယ်ညီညွတ်ကြဖို့ပဲ လိုပါတယ်။" တကယ်သာ သွေးစည်းညီညွတ်နေမယ်ဆိုရင်တော့ ဒီမိုကရေစီဖော်ဆောင်ရေး အောင်မြင်မှုအတွက် မဝေးတော့ပါဘူးလို့ သုံးသပ်တင်ပြထားပြီး။ "မြန်မာမပါတဲ့ ဒီမိုကရေစီနိုင်ငံနဲ့ ဒီမိုကရေစီမပါတဲ့ မြန်မာနိုင်ငံလို့ဆိုရမယ့်" အဖြစ်မျိုးမရောက်ဖို့က မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ တာဝန်ပဲ ဖြစ်တယ်လို့ ထောက်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၈၈ ခုနှစ်ကစလို့ ဒီမိုကရေစီဖေါ်ဆောင်ရေးလုပ်ငန်းစဉ်ကို အစပျိုးခဲ့ပါတယ်။ ဒီမိုကရေစီရေးလုပ်ငန်းစဉ်ဟာ မပြီးသေးပါဘူး။ ဒီမိုကရေစီရေးလုပ်ငန်းစဉ်ဟာ နိုင်ငံကို ဒီမိုကရေစီအသွင်ပြောင်းရုံတင်မကပါဘူး၊ ရေရှည်တည်တံ့ခိုင်မြဲမယ့် ဒီမိုကရေစီဖြစ်ထွန်းဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းပါ အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီဖေါ်ဆောင်ရေး အစပိုင်းမှာကတည်းက လိုအပ်တဲ့ ဝန်းကျင်နဲ့ အခြေခံကောင်းတွေ ပြင်ဆင်တည်ဆောက်ထားဖို့ လိုပါတယ်။ ဒါမှ နောက်ပြန်လှိုင်းဆိုတာမျိုးနဲ့ မကြုံတွေ့ရမှာ ဖြစ်တယ်။ ဒီမိုကရေစီ ရှိဆက်ရှင်းမျိုးနဲ့ ဝေးမှာ ဖြစ်ပါတယ်။ အဲ့လို ဒီမိုကရေစီဖေါ်ဆောင်ရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့ တပြိုင်တည်းမှာ ဒီမိုကရေစီလေ့လာရေးလုပ်ငန်းကို လုပ်ဆောင်ဖို့ လိုအပ်ကြောင်းတင်ပြလိုက်ပါတယ်။

ဒီမိုကရေစီဆိုတာ ရည်မှန်းချက်ပန်းတိုင်တစ်ရပ်ဖြစ်ပြီး၊ ဒီမိုကရေစီဖေါ်ဆောင်ခြင်းဆိုတာ ဖြစ်စဉ်တစ်ရပ်ဖြစ်တယ်။ ဒီမိုကရေစီ ဖေါ်ဆောင်ခြင်းဟာ တရားမျှတမှုနဲ့ တိုးတက်ပြောင်းလဲမှုကို ဆောင်ကျဉ်းပေးနိုင်လို့ ငြိမ်းချမ်းရေးကို ဖြစ်ထွန်းစေတဲ့ အကြောင်းတရားဖြစ်တယ်။

**ဘူးထရို့စ် ဘူးထရို့စ်ဂါလီ**
**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း**

ဒီမိုကရေစီနိုင်ငံတစ်ခုမှာ လူတစ်ဦးချင်းစီအဖို့ အမြင့်မားဆုံးအာဏာပိုင်စိုးမှုရှိသလို တာဝန်ရှိမှုလည်း အမြင့်မားဆုံးရှိနေတယ်။

**နော်မန်ကာစင် (၁၉၁၅–၁၉၉၀)**
**ထင်ရှားတဲ့ နိုင်ငံရေးသတင်းစာဆရာ၊ စာရေးဆရာ၊**
**ပါမောက္ခနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရှေ့ဆောင်သူ**

# တတိယလှိုင်းဒီမိုကရက်တိုက်ဖေးရှင်း

ဝင့်ထန်း

ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်းဆိုတာ သီးခြားအချိန်ကာလတစ်ခုအတွင်းမှာ ဒီမိုကရေစီမဟုတ်တဲ့ အုပ်ချုပ်မှုပုံစံတွေကနေ ဆန့်ကျင်ဘက်လားရာဖြစ်တဲ့ ဒီမိုကရေစီစနစ်ဆီ ထူးခြားစွာကူးပြောင်းလာတဲ့ အုပ်စုနိုင်ငံတွေကို ရည်ညွှန်းပြောတာဖြစ်ပါတယ်။ လှိုင်းတစ်ခုမှာ များသောအားဖြင့် တင်းပြည့်ဒီမိုကရက်တစ် မဖြစ်သေးဘဲ၊ ဒီမိုကရေစီတဝက်တပျက် စကျင့်သုံးတဲ့နိုင်ငံတွေ ပါဝင်ပါတယ်။

ခေတ်သစ်ကမ္ဘာမှာ ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်း သုံးခုဖြစ်ခဲ့ပါတယ်။ လှိုင်း တစ်ခုချင်းစီဟာ သက်ဆိုင်ရာနိုင်ငံများအပေါ် အများကြီးအကျိုးသက်ရောက်ခဲ့ပြီး အစိုးရစနစ်အကူးအပြောင်းတွေ ဖြစ်ခဲ့ပါတယ်။ သို့သော် သမိုင်းဟာ သပ္ပတ်အူလိုက်ပြီး ရှုပ်ထွေးပါတယ်။ နိုင်ငံရေးအပြောင်းအလဲတွေဟာ သမိုင်းသေတ္တာ ဘီဒိုတွေထဲ သူ့အကန့်နဲ့သူ သူ့ဘာသာ သေသေသပ်သပ်ဝင်သွားတာ မဟုတ်ပါဘူး။ သမိုင်းဟာ ဦးတည်လားရာတစ်ခုထဲကို တသမတ်တည်း ဖြောင့်ဖြောင့်မသွားပါဘူး။ ဒါကြောင့်ပဲ ဒီမိုကရေစီကူးပြောင်းမှုဖြစ်ရပ်တွေဟာ ရှုပ်ထွေးပွေလီပါတယ်။

ပထမနဲ့ ဒုတိယ ဒီမိုကရက်တိုက်ဖေးရှင်း လှိုင်းနှစ်လှိုင်းကိုကြည့်ရင် တစ်ခုစီမှာ နောက်ပြန်လှိုင်း (reverse wave) တွေ ကပ်လိုက်နေပါတယ်။ ဒီမိုကရေစီကူးပြောင်းထားပြီးသား နိုင်ငံတချို့ဟာ အာဏာရှင်စနစ်မျိုးတွေဆီ ဒုံရင်းပြန်လည်ပြီး နောက်ပြန်သွားတာတွေ ရှိပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ဒီမိုကရေစီကူးပြောင်းမှုကို အသေအချာလေ့လာသင့်သလို ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်းနဲ့ သူ့ရဲ့ နောက်ပြန်လှိုင်းတို့ရဲ့ကာလ ဖြစ်ရပ်တွေကို အတိအကျပိုင်းခြားကြည့်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ အစိုးရအုပ်ချုပ်မှုစနစ် အပြောင်းအလဲလှိုင်းများရဲ့ ခုနှစ်ကာလတွေဟာ အောက်ပါအတိုင်းပါပဲ။

| | | |
|---|---|---|
| ပထမ | ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်းရှည် | ၁၈၂၈ – ၁၉၂၆ |
| ပထမ | နောက်ပြန်လှိုင်း | ၁၉၂၂ – ၄၂ |
| ဒုတိယ | ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်းတို | ၁၉၄၃ – ၆၂ |
| ဒုတိယ | နောက်ပြန်လှိုင်း | ၁၉၅၈ – ၇၅ |
| တတိယ | ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်း | ၁၉၇၄ – |

## ဒီမိုကရက်တိုက်ဖေးရှင်း ပထမလှိုင်း

ပထမလှိုင်းဟာ အမေရိကန်တော်လှန်ရေးနဲ့ ပြင်သစ်တော်လှန်ရေးမှာ အခြေတည်ပေါ်ပေါက်ခဲ့တာပါ။ ဆယ့်ကိုးရာစုအတွင်း အနောက်တိုင်းပြည်အများစု ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေ တစတစ ဖွံ့ဖြိုးလာပါတယ်။ ဆယ့်ကိုးရာစုနိုင်ငံရေးစနစ်တွေမှာ ဒီမိုကရက်တစ် အရည်အသွေး အင်္ဂါရပ်ရှိလာတာကို အချက်နှစ်ချက်နဲ့ ထောက်ပြကြပါတယ်။

(၁) အရွယ်ရောက်ပြီးအမျိုးသား ၅၀ ရာခိုင်နှုန်း မဲပေးနိုင်ခွင့်ရှိလာတာ၊

(၂) ရွေးချယ်ခံပါလီမန်မှ အများစုထောက်ခံတဲ့သူ (သို့) ပုံမှန်ကျင်းပပေးတဲ့ ရွေးကောက်ပွဲမှ ပြည်သူအများတိုက်ရိုက်ရွေးချယ်တဲ့သူသာ အုပ်ချုပ်ဖို့ တာဝန် ရှိတယ်ဆိုတဲ့ အချက်ပါပဲ။

အဲဒီ နှုန်းစံအချက်တွေအပေါ် အမေရိကန်ပြန်ထောင်စုဟာ ပြုပြင်ဖာထေးကျင့်သုံးခဲ့ပြီး၊ ပထမလှိုင်းဒီမိုကရေစီဟာ ၁၈၂၈ ခုနှစ်မှာ အမေရိကမှာ စပြီး တာထွက်ခဲ့တယ်လို့ အကြမ်းဖျင်းပြောနိုင်ပါတယ်။ ပြည်နယ်အသစ်တွေ ဝင်ရောက်လာတဲ့နောက်တော့ သမ္မတရွေးကောက်ပွဲတွေမှာ အမျိုးသားအားလုံး မဲပေးနိုင်ခွင့်တွေအထိ တက်လာပါတယ်။ နောက်ပိုင်းဆယ်စုနှစ်များမှာတော့ အခြားတိုင်းပြည်တွေကလည်း တဖြည်းဖြည်း မဲပေးတဲ့စနစ်တွေ တိုးချဲ့၊ လျှို့ဝှက် မဲပေးစနစ်ကို မိတ်ဆက်၊ ပါလီမန်မှာ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးအဖွဲ့ရဲ့တာဝန်တွေ ခွဲဝေ အပ်နှင်းလာပါတယ်။ ဆွစ်ဇာလန်၊ အင်္ဂလိပ် ဒိုမီနီယံတိုင်းပြည်များ၊ ဂရိတ်ဗြိတိန်နဲ့ ဥရောပနိုင်ငံငယ်လေးပေါင်းများစွာဟာ ဆယ့်ကိုးရာစုမကုန်ခင် ဒီမိုကရေစီကိုကူးပြောင်းခဲ့ကြပါတယ်။

ပထမကမ္ဘာစစ်မတိုင်မီမှာတင် အီတလီနဲ့ အာဂျင်တီးနားတို့ဟာ ဒီမိုကရေစီအစိုးရပုံစံကို မိတ်ဆက်ကျင့်သုံးကြပါတယ်။ စစ်ကြီးပြီးတော့ အိုင်ယာလန်နဲ့ အိုက်စလန်းတို့ဟာ လွတ်လပ်တဲ့ဒီမိုကရက်တစ်တွေ ဖြစ်လာခဲ့ပါတယ်။ ၁၉၃၀ ပြည့်လောက်မှာတော့ ပထမလှိုင်းဟာ လုံးဝရပ်တံ့သွားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်တစ်ရာကာလအတွင်းမှာ နိုင်ငံသုံးဆယ်ကျော်မှာ အမျိုးသားဒီမိုကရက်တစ်အင်စတီကျူးရှင်းပုံစံတွေကို အနည်းနဲ့ အများ ထူ ထောင်နိုင်ခဲ့ကြတယ်လို့ ဆိုရပါမယ်။

## ပထမနောက်ပြန်လှိုင်း

၁၉၂၀ ပြည့်လွန်နဲ့ ၁၉၃၀ ပြည့်လွန်တို့ရဲ့ နိုင်ငံရေးဖွံ့ဖြိုးမှုဟာ ဒီမိုကရေစီလမ်းကြောင်းကနေ သွေဖီသွားပြီး၊ အစဉ်အလာ အာဏာရှင်စနစ်ပုံစံတွေနဲ့ ရက်စက်တဲ့ ပါတီအာဏာရှင်စနစ်တွေဆီ ပြန်ကျော့လာပါတယ်။ ပထမကမ္ဘာစစ်မတိုင်မီနဲ့ ပြီးကာစမှာ ဒီမိုကရက်တစ်ပုံစံ ကျင့်သုံးပြီးသား နိုင်ငံအများအပြားမှာ နှိပ်ကွပ်တဲ့အာဏာရှင်စနစ်ဆီ နောက်ပြန်လည်မှုတွေရှိလာပါတယ်။ ၁၉၁၀ နဲ့ ၁၉၃၀ အကြား ဒီမိုကရက်တစ် အင်စတီကျူးရှင်း စကျင့်သုံးတဲ့နိုင်ငံ ဆယ့်ခုနှစ်နိုင်ငံအနက် လေးနိုင်ငံပဲ ဆက်ထိန်းထားပြီး၊ ကျန်နိုင်ငံများက နောက်ပြန်လည်သွားခဲ့ပါတယ်။

ပထမနောက်ပြန်လှိုင်းဟာ ၁၉၂၂ ခုနှစ် ရောမမှာခြီစားနေတဲ့ အီတလီ ဒီမိုကရေစီကို မူဆိုလီနီက အလွယ်တကူဖြုတ်ချပြီး စတင်ခဲ့ပါတယ်။ နောက်ဆယ်စုတစ်ခုအကြာမှာတော့ လစ်သူရေးနီးယား၊ ပိုလန်၊ လတ်ဗီးယားနဲ့ အက်စ်တိုးနီးယားတို့က ချိနဲ့နေတဲ့ ဒီမိုကရက်တစ်

အင်စတီကျူးရှင်းများကို စစ်အာဏာသိမ်းပိုက်ပြီး ဖြုတ်ချဖယ်ရှားခဲ့ပါတယ်။ ဘယ်တုန်း ကမှ ဒီမိုကရေစီမကြားဖူးတဲ့ ယူဂိုဆလားဗီးယားနဲ့ ဘူဂေးရီးယားတို့လို တိုင်းပြည်တွေမှာ ခက်ထန်မာကျောတဲ့အာဏာရှင်စနစ် ပုံစံအသစ်တွေ ဝင်လာခဲ့ပါတယ်။

၁၉၃၃ ခုနှစ် ဟစ်တလာရဲ့အာဏာအောင်ပွဲက ဂျာမဏီဒီမိုကရေစီကို အဆုံးသတ်ပစ်ပါတယ်။ နောက်နှစ်မှာ သြစတြီးယားဒီမိုကရေစီ အဆုံးသတ်သွားပြီး၊ ၁၉၃၈ မှာ ချက်ဒီမိုကရေစီကို မြေမြှုပ်လိုက်ပြီး၊ ၁၉၂၆ ပေါ်တူဂီအာဏာသိမ်မှုက ရှည်လျားတဲ့အာဏာရှင်စနစ်ဆီ ဦးတည်သွားပါတယ်။ ၁၉၃၀ မှာ ဘရာဇီးနဲ့ အာဂျင်တီးနားမှာ စစ်အာဏာသိမ်းခဲ့ပြီး၊ ၁၉၃၃ မှာ ဥရုဂွေးကအာဏာရှင်စနစ်ဆီ ပြန်သွားပါတယ်။ ၁၉၃၆ စပိန်စစ်အာဏာသိမ်းမှုက ပြည်တွင်းစစ်ကို ဦးတည်ခဲ့ပြီး၊ ၁၉၃၉ မှာ စပိန်သမ္မတစနစ်ကို သင်္ဂြိုလ်ပစ်ခဲ့ပါတယ်။ ၁၉၂၀ပြည့်လွန်များမှာ ဒီမိုကရေစီမိတ်ဆက်နိုင်ခဲ့တဲ့ ဂျပန်ဟာ ၁၉၃၀ ပြည့်လွန် အစောပိုင်းမှာ စစ်အာဏာရှင်စနစ်နဲ့ အစားထိုးပစ်ခဲ့ပါတယ်။

အဲဒီ့ အုပ်ချုပ်ရေးစနစ်အပြောင်းအလဲတွေက ကွန်မြူနစ်၊ ဖက်ဆစ်နဲ့ စစ်ရေးအိုင်ဒီယိုလော်ဂျီထကြွမှုတွေကို ရောင်ပြန်ဟပ်ခဲ့ပါတယ်။ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေ ဆက်ရှိနေတဲ့ ပြင်သစ်၊ ဗြိတိန်တို့မှာတောင် ၁၉၂၀ ပြည့်လွန် စီးပွားရေးကပ်ကနေ ဒီမိုကရေစီဆန့်ကျင်ရေးလှုပ်ရှားထကြွမှုတွေ အားကောင်းခဲ့ပါတယ်။ ချုပ်ကြည့်ရင် ပထမနောက်ပြန်လှိုင်းကာလမှာ ဒီမိုကရေစီခရီးစဉ်ဟာ သူ့ကိုဖျက်ဆီးမယ့် လက်ဝဲကဲတဲ့အယူအဆတွေကို မဟန့်တားနိုင်ခဲ့ပါဘူး။

## ဒီမိုကရက်တိုက်ဖေးရှင်း ဒုတိယလှိုင်း

ဒုတိယ ကမ္ဘာစစ်စတင်ချိန်မှာပဲ ဒုတိယဒီမိုကရက်တိုက်ဇေးရှင်းလှိုင်းတို့ ဖြစ်ပွားခဲ့ပါတယ်။ မဟာမိတ်တို့ရဲ့သိမ်းပိုက်မှုက အနောက်ဂျာမဏီ၊ အီတလီ၊ သြစတြီးယား၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့မှာ ဒီမိုကရက်တစ်အင်စတီကျူးရှင်း သမိုင်းသစ်တွေ စတင်ပေးခဲ့ပါတယ်။ ဒါပေမယ့် တဘက်မှာ ဆိုဗီယက်က ချက်ကိုစလိုဗက်ကီးယားနဲ့ ဟန်ဂေရီတို့ရဲ့ ကနဦး ဒီမိုကရေစီကို ဘူးသီးအမွှေးသပ်ပစ်လိုက်ပါတယ်။

၁၉၄၀ ပြည့်လွန်နောက်ပိုင်းနဲ့ ၁၉၅၀ ပြည့်လွန်အစောပိုင်းများမှာ တူရကီနဲ့ ဂရိဟာ ဒီမိုကရေစီဆီပြောင်းလဲခဲ့ပြီး၊ လက်တင်အမေရိကမှာ ဥရုဂွေး၊ ဘရာဇီးနဲ့ ကော့စတာရီကာတို့ ဒီမိုကရေစီသို့ ရွေ့လျားခဲ့ပါတယ်။ အခြားလက်တင်အမေရိကလေးနိုင်ငံဖြစ်တဲ့ အာဂျင်တီးနား၊ ကိုလံဘီယာ၊ ပီရူးနဲ့ ဗင်နီဇွဲလားတို့မှာ ၁၉၄၅ နဲ့ ၁၉၄၆ ခုနှစ် ရွေးကောက်ပွဲတွေက သင့်လျော်စွာရွေးချယ်ခဲ့တဲ့အစိုးရတွေ စတင်ချထားပေးခဲ့ပါတယ်။ သို့သော် သူတို့ရဲ့ ဒီမိုကရေစီ ကျင့်သုံးမှုဟာ သိပ်တာမရှည်ဘဲ၊ ၁၉၅၀ ပြည့်လွန်များမှာ မတည်မငြိမ် ပဋိပက္ခပေါင်းစုံနဲ့ အာဏာရှင်စနစ်ထဲ ပြန်ကျသွားပါတယ်။

ဒီလိုအချိန်မှာ အနောက်ကိုလိုနီအုပ်စိုးမှု အဆုံးသတ်မှုကနေ နိုင်ငံသစ်တွေအများကြီးထုတ်ပေးပါတယ်။ အများစုမှာ ဒီမိုကရက်တစ်အင်စတီကျူးရှင်း အသက်သွင်းမှုတွေကို အားမထုတ်ခဲ့ပါဘူး။ အချို့ဒီမိုကရေစီကျပြန်တော့လည်း မခိုင်မာပါဘူး။ ဥပမာ၊ ပါကစ္စတန်မှာ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေဟာ ဘယ်တော့မှခြေကုပ်မမြဲခဲ့ဘဲ၊ ၁၉၅၈ မှာ တရားဝင်ဖျက်သိမ်းပစ်ခဲ့ပါတယ်။

၁၉၅၇ မှာ မလေးရှားဟာ လွတ်လပ်ရေးရပြီး တဝက်တပျက်ဒီမိုကရေစီနဲ့ စခန်းသွားပါတယ်။ အင်ဒိုနီးရှားဟာ ၁၉၅၀ ကနေ ၁၉၅၇ အထိ ရှုပ်ထွေးတဲ့ ပါလီမန်ဒီမိုကရေစီ ရှိခဲ့ပါတယ်။ အိန္ဒိယ၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ အစ္စရေးစတဲ့ နိုင်ငံအသစ်အနည်းငယ်မှာ ဒီမိုကရက်တစ်အင်စတီကျူးရှင်း ကြာရှည်ထိန်းထားနိုင်ပြီး၊ ၁၉၆၀ မှာ အာဖရိကရဲ့ အကြီးဆုံးနိုင်ငံ နိုက်ဂျီးရီးယားမှာ ဒီမိုကရေစီ စပြီး အသက်သွင်းနိုင်ခဲ့ပါတယ်။

## ဒုတိယနောက်ပြန်လှိုင်း

၁၉၆၀ ပြည့်လွန်အစောပိုင်းမှာပဲ ဒုတိယလှိုင်းဟာ သူ့ဘာသာ အားကုန်သွားပါတယ်။ အာဏာရှင်စနစ်တို့ ပြန်လည်ခေါင်းထောင်လာမှုဟာ လက်တင်အမေရိကမှာ အထူးခြားဆုံးဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ် ပီရူးမှာ စစ်တပ်က ရွေးကောက်ပွဲရလဒ်တွေကို ကြားဝင်ပြောင်းပစ်ပြီး အာဏာရှင်စနစ်ဆီ ပြန်သွားခဲ့တယ်။ ၁၉၆၄ ခုနှစ် ဘရာဇီးနဲ့ ဘိုလီးဗီးယားမှာ အရပ်သားအစိုးရတွေကို စစ်အာဏာသိမ်းပြီးဖြုတ်ချခဲ့တယ်။ အလားတူပုံစံ ၁၉၆၆ မှာ အာဂျင်တီးနားနဲ့ ၁၉၇၂ ခုနှစ်မှာ အီကွေဒေါတို့မှာ ဖြစ်ခဲ့ပါတယ်။ ၁၉၇၃ မှာ ဥရုဂွေးနဲ့ ချီလီတို့မှာ စစ်တပ်စိုးမိုးမှုတွေ စတင်ခဲ့တယ်။ အဲဒီ ပုံစံတွေကို "ဗျူရိုကရက်တစ် အာဏာရှင်စနစ်" လို့ နိုင်ငံရေးပုံစံသစ်အဖြစ်တောင် သီအိုရီထုတ်ခဲ့ကြပါသေးတယ်။

အာရှရှိ ပါကစ္စတန်ဟာ ၁၉၅၈ ခုနှစ်မှာ စစ်တပ်က မာရှယ်လောကြေညာခဲ့ပါတယ်။ ၁၉၅၀ နောက်ပိုင်းမှာ ဆိုင်မန်ရီးက ကိုရီးယားရဲ့ဒီမိုကရေစီလုပ်ထုံးတွေကို ချိန့်စေခဲ့ပြီး၊ ၁၉၆၀ မှာ သူ့ကိုဆက်ခံတဲ့ ဒီမိုကရက်တစ်အစိုးရကို ၁၉၆၁ မှာ စစ်တပ်က အာဏာသိမ်းပစ်ပါတယ်။ အာဏာရှင်တဝက်တပျက်အစိုးရဟာ ၁၉၆၃ ရွေးကောက်ပွဲနဲ့ တရားဝင်မှုယူခဲ့ပြီး၊ ၁၉၇၃ မှာ တင်းပြည့်အာဏာရှင်စနစ်ဆီ အမြင့်ဆုံးပြောင်းပစ်ပါတယ်။

၁၉၅၇ မှာ ဆူကာနိုက အင်ဒိုနီးရှားရဲ့ ပါလီမန်ဒီမိုကရေစီကို လမ်းပြဒီမိုကရေစီ (guided democracy) ဆိုတာနဲ့ အစားထိုးပါတယ်။ ၁၉၆၅ မှာ စစ်တပ်က လမ်းပြဒီမိုကရေစီ ကို အဆုံးသတ်ပြီး တတိုင်းပြည်လုံး အာဏာသိမ်းခဲ့ပါတယ်။ ၁၉၇၂ မှာ သမ္မတဖာဒီနန်မားကိုစ်က ဖိလစ်ပိုင်မှာ မာရှယ်လောအစိုးရဖွဲ့စည်းခဲ့ပြီး၊ ၁၉၇၅ မှာ အင်ဒီရာဂန္ဒီက ဒီမိုကရက်တစ်ကျင့်သုံးမှုတွေရပ်ဆိုင်းရင်း အိန္ဒိယမှာ အရေးပေါ်အခြေအနေအုပ်စိုးမှု ကြေညာခဲ့ပါတယ်။ ထိုင်ဝမ် ရဲ့ KMT စစ်အစိုးရက အတိုက်အခံတွေကို သည်းမခံဘဲ နှိပ်ကွပ်ခဲ့တာကြောင့် ၁၉၆၀ ပြည့်လွန်များဟာ ထိုင်ဝမ်ရဲ့ အမှောင်ခေတ်ပါပဲ။

မြေထဲပင်လယ်ဒေသမှာ ဂရိဒီမိုကရေစီဟာ ၁၉၆၅ နဲ့ ၁၉၆၇ ခုနှစ် စစ်အာဏာသိမ်းမှုနဲ့အတူ ပြုတ်သွားခဲ့ပါတယ်။ တူရကီစစ်တပ်ဟာ ၁၉၆၀ မှာ အရပ်သားအစိုးရကို ဖြုတ်ချပြီး၊ အကြိမ်ကြိမ်အာဏာသိမ်းပွဲတွေနဲ့အတူ ၁၉၈၀ မှာတော့ တင်းပြည့်အာဏာရှင်စနစ်ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်လွန်များမှာ ဗြိတိသျှကိုလိုနီလက်အောက်မှ နိုင်ငံပေါင်းများစွာ လွတ်မြောက်လာပြီး ဒီမိုကရေစီစနစ်ကျင့်သုံးပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ ဂျမေကာ၊ ထရီနီဒက်၊ တိုဘရို၊ မော်လ်တာ၊ ဘာဘေဒိုး၊ မော်ရေးရှတို့ ပါဝင်ပါတယ်။ တချိန်ထဲမှာပဲ အာဖရိကနိုင်ငံအများအပြားလည်း လွတ်လပ်ရေးရရှိခဲ့ကြပါတယ်။ ဒါပေမယ့် အာဏာရှင်စနစ်ပေါင်းစုံဆီ သက်ဆင်းသွားကြပါတယ်။

နိုက်ဂျီးရီးယားဟာ ဒီမိုကရေစီနဲ့ စတင်ပေမယ့်၊ ၁၉၆၆ မှာ အာဏာရှင်စနစ်ဆီ ပြန်လည်သွားတယ်။ ဒီမိုကရေစီအလေ့အကျင့်ကို ရေရှည်ဆက်ထိန်းထားနိုင်တဲ့ တခုတည်းသော အာဖရိကတိုင်းပြည်ကတော့ ဘော့ဇ်ဝါနာပဲ ဖြစ်ပါတယ်။ ၁၉၅၆ နဲ့ ၁၉၇၀ အကြား အာဖရိကသုံးဆယ့်သုံးနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး အာဏာရှင်စနစ်ဆီရောက်ရှိသွားကြပါတယ်။ အာဖရိကဟာ ကိုလိုနီစနစ်ရုပ်သိမ်းလိုက်ပြီးနောက် လွတ်လပ်တဲ့ အသွေးအရောင်စုံ အာဏာရှင်အစိုးရမျိုးစုံဆီ ဦးတည်ခဲ့ပါတယ်။

၁၉၆၀ ပြည့်လွန်နဲ့ ၁၉၇၀ ပြည့်လွန်အစောပိုင်းရဲ့ ကမ္ဘာ့ဒီမိုကရေစီ သွေဖီဘက်ပြန်မှုဟာ အတော်ထူးခြားပါတယ်။ ၁၉၆၂ မှာ အစိုးရဆယ့်သုံးခုဟာ အာဏာသိမ်းမှုကနေ ပေါ်ထွက်လာတယ်။ ၁၉၇၅ ခုနှစ်မှာ သုံးဆယ့်ရှစ်ခုက အာဏာသိမ်းအစိုးရများဖြစ်တယ်။ အဲဒီ နောက်ပြန်မှုက ‘ဗျူရိုကရက်တစ်အာဏာရှင်စနစ်’ ကို လှုံ့ဆော်ပေးပါတယ်။ နောက်ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ဒီမိုကရေစီကျင့်သုံးမှုအပေါ် အဆိုးမြင်စေပြီး၊ နှစ်ပေါင်းများစွာ ဒီမိုကရေစီတည်ရှိပြီးသား ဖွံ့ဖြိုးပြီးနိုင်ငံများကို စိုးရိမ်ပူပန်မှုဖြစ်စေခဲ့ပါတယ်။

## ဒီမိုကရက်တိုက်ဇေးရှင်း တတိယလှိုင်း

မထင်မှတ်တဲ့ သမိုင်းဖြစ်ရပ်တွေက လူမှုသိပ္ပံသီအိုရီတွေကို ဂျွမ်းပြန်သွားစေတတ်ပါတယ်။ ၁၉၇၄ ပေါ်တူဂီ အာဏာရှင်စနစ် စတင်အဆုံးသတ်ပြီး၊ နောက်ဆယ့်ငါးနှစ်မှာတော့ ဥရောပ၊ အာရှနဲ့ လက်တင်အမေရိကက အာဏာရှင်နိုင်ငံသုံးဆယ်နီးပါးမှာ ဒီမိုကရက်တစ်အစိုးရတွေ အစားဝင်လာခဲ့ပါတယ်။ အခြားနိုင်ငံတွေမှာလည်း ဒီမိုကရေစီလှုပ်ရှားမှုတွေ အားကောင်းလာပြီး တရားဝင်မှု ရရှိလာပါတယ်။ ၁၉၈၈ မြန်မာနဲ့ ၁၉၈၉ တရုတ်တို့မှာလို ပြန်လည်ခုခံ ဖိနှိပ်မှုတွေရှိခဲ့သော်လည်း၊ ဒီမိုကရေစီလှုပ်ရှားမှုရေစီးဟာ ထုနဲ့ထည်နဲ့ ကမ္ဘာ့ လှိုင်းကြီးအဖြစ် ဒေသတစ်ခုမှ တစ်ခု အောင်မြင်မှုတွေ ရခဲ့ပါတယ်။

ဒီမိုကရက်တစ် တတိယလှိုင်းဟာ ပထမဆုံး တောင်ဥရောပမှာ ဖြစ်ခဲ့တယ်။ ၁၉၇၄ ပေါ်တူဂီ အပြောင်းအလဲဖြစ်ပြီး သုံးလအကြာမှာ၊ ဂရိစစ်အစိုးရပြုတ်ကျပြီး အရပ်သားအစိုးရ တက်ခဲ့ပါတယ်။ ၁၉၇၅ နိုဝင်ဘာ ၂၀ ရက်မှာ ဗိုလ်ချုပ်ကြီးဖရန်ကိုသေဆုံးမှုက သူ့ရဲ့ သုံးဆယ့်ခြောက်နှစ်တာ အာဏာရှင်စနစ် စပိန်မှာ စိုးမိုးမှုကို အဆုံးသတ်စေခဲ့ပါတယ်။ ပါလီမန်စနစ် ခိုင်မြဲစေခဲ့ပြီး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဥပဒေနဲ့အတူ ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပါတယ်။

၁၉၇၀ပြည့်လွန်နောက်ပိုင်းမှာတော့ ဒီမိုကရက်တစ်လှိုင်းဟာ လက်တင်အမေရိကဆီ ရွေ့သွားပါတယ်။ ၁၉၇၂ ခုနှစ်မှာ အီကွေဒေါစစ်ရေးခေါင်းဆောင်များက နိုင်ငံရေးမှာ မပတ်သက်ချင်တော့ကြောင်း ကြေညာပြီး၊ ၁၉၇၈ မှာ အခြေခံဥပဒေသစ်ရေးဆွဲ၊ ၁၉၇၉ ရွေးကောက်ပွဲတွေကနေ အရပ်ဘက်အစိုးရ ပေါ်ထွက်လာပါတယ်။ ပီရူးမှာ စစ်ရေးရုပ်သိမ်းမှု၊ ၁၉၇၈ ရွေးကောက်ပွဲ၊ ၁၉၇၉ အခြေခံဥပဒေသစ်နဲ့ ၁၉၈၀ အရပ်သားသမ္မတသစ်တို့ ဖြစ်ပေါ်လာပါတယ်။ ဘိုလီဗီးယားရဲ့ ၁၉၇၈ အာဏာသိမ်းမှုက ပြဿနာတွေရှိလာပြီး ၁၉၈၂ ကျမှ ရွေးကောက်ပွဲနဲ့ သမ္မတသစ်တက်လာနိုင်ပါတယ်။

၁၉၈၂ ခုနှစ် ဂရိတ်ဗြိတိန်ကို စစ်ပွဲရှုံးနိမ့်မှုက အာဂျင်တီးနား စစ်အစိုးရကို ချိနဲ့သွားစေပြီး၊ ၁၉၈၃ မှာ ကျင်းပတဲ့ ရွေးကောက်ပွဲက အရပ်သားသမ္မတနဲ့ အစိုးရဖြစ်လာစေ

ပါတယ်။ ဥရုဂွေးမှာ စစ်တပ်နဲ့ နိုင်ငံရေးခေါင်းဆောင်များအကြားဆွေးနွေးမှုက ၁၉၈၄ နိုဝင်ဘာမှာ ရွေးကောက်ပွဲကနေ သမ္မတသစ် တက်လာပါတယ်။ နှစ်လအကြာမှာ ဘရာဇီးမှာလည်း ပထမဆုံးအရပ်သားသမတသစ်ဖြစ်လာပါတယ်။ အဲဒီကာလအတွင်း၊ ဗဟိုအမေရိကမှာလည်း စစ်အုပ်ချုပ်ရေးရုပ်သိမ်းမှုတွေ ရှိလာပါတယ်။ ဟွန်ဒူးရပ်စ်က ၁၉၈၂၊ ဆာလ်ဗာဒိုက ၁၉၈၄၊ ဂွါတီမာလာက ၁၉၈၅ မှာ ရွေးကောက်ခံ သမ္မတသစ်တွေ ရရှိလာခဲ့ပါတယ်။

ဒီမိုကရက်တစ်လှုပ်ရှားမှုဟာ အာရှမှာလည်း ပီပီပြင်ပြင်ရှိခဲ့ပါတယ်။ ၁၉၇၇ အစောပိုင်းမှာ တနှစ်ခွဲလောက်အရေးပေါ်အခြေအနေနဲ့ အုပ်ချုပ်နေတဲ့ အိန္ဒိယဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်တက်ခဲ့ပါတယ်။ ၁၉၈၃ ခုနှစ် ဘီနစ်နိုအကွီနို လုပ်ကြံခံရမှုက ပြဿနာတွေ ဆက်ဖြစ်နေစေခဲ့ပြီး၊ ၁၉၈၆ ဖေဖော်ဝါရီမှာ အာဏာရှင်မားကိုစ့်ကို အဆုံးတိုင်စေပြီး ဖိလစ်ပိုင်မှာ ဒီမိုကရေစီပြန်ရရှိစေခဲ့ပါတယ်။

၁၉၈၇ မှာ ကိုရီးယားစစ်အစိုးရက ရွေးကောက်ပွဲမှာ သမ္မတရာထူးအတွက် သူ့ကိုယ်စားလှယ်ထားဖို့တင်ပြပြီး ကပ်နိုင်သွားပါတယ်။ နောက်နှစ်မှာတော့ အတိုက်အခံတွေက ကိုရီးယားပါလီမန်ကို ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ ၁၉၈၇ နဲ့ ၈၈ မှာ ထိုင်ဝမ်အစိုးရက နိုင်ငံရေးလှုပ်ရှားမှုတွေအပေါ် ကန့်သတ်ပိတ်ပင်မှုတွေ လျှော့ချပေးပြီး၊ ဒီမိုကရေစီစနစ်သွားဖို့ ကကိကဝတ်ပြုခဲ့ပါတယ်။

၁၉၈၀ ပြည့်လွန်အဆုံးမှာတော့ ဒီမိုကရက်တစ်လှိုင်းဟာ ကွန်မြူနစ်ကမ္ဘာကို ပတ်ဝိုင်း လွှမ်းမိုးလာပါတယ်။ ၁၉၈၈ မှာ ဟန်ဂေရီဟာ ပါတီစုံစနစ်ဆီ စတင်ကူးပြောင်းပါတယ်။ ၁၉၈၉ မှာ ဆိုဗီယက်ယူနီယံ အမျိုးသားကွန်ဂရက်ရွေးကောက်ပွဲမှာ ဝါရင့်ပါတီခေါင်းဆောင် အများအပြား ရှုံးနိမ့်သွားပါတယ်။ ၁၉၉၀ အစောပိုင်းမှာ ဘောလ်တစ်သမတနိုင်ငံများမှာ ပါတီစုံစနစ်တွေ ဖွံ့ဖြိုးလာပြီး၊ ဆိုဗီယက်ကွန်မြူနစ်ပါတီကလည်း သူ့ရဲ့ ဦးဆောင်လမ်းညွှန်ပေးမှုကို စွန့်လွှတ်ခဲ့ပါတယ်။ ၁၉၈၉ နဲ့ ၁၉၉၀ မှာပဲ ပိုလန်၊ အရှေ့ဂျာမဏီ၊ ချက်ကိုဆလိုဗတ်ကီယား၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ မွန်ဂိုလီးယားတို့က ကွန်မြူနစ် အစိုးရတွေ ပြိုလဲကုန်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ သဲသဲမဲမဲ ကျင်းပလာပါတယ်။

အနောက်ကမ္ဘာဘက်ခြမ်းမှာလည်း မက္ကစီကိုအာဏာရပါတီဟာ ၁၉၈၉ မှာ ပထမဆုံးအကြိမ် ရွေးကောက်ပွဲရှုံးနိမ့်သွားပါတယ်။ ၁၉၈၈ ခုနှစ် ချီလီမှာ လူထုဆန္ဒခံယူပွဲအတွက် မဲပေးခဲ့ကြပြီး၊ ဗိုလ်ချုပ်ကြီး ပီနိုချေးရဲ့ အာဏာချုပ်ကိုင်မှုကို အဆုံးသတ်နိုင်ခဲ့ပါတယ်။ အမေရိကန်ရဲ့ စစ်ရေးအရ ဝင်ရောက်မှုက ၁၉၈၃ မှာ ဂရက်နဒါနိုင်ငံရဲ့ မတ်က်စ်လီနင်အာဏာရှင်စနစ်ကို နိဂုံးချုပ်စေပြီး၊ ၁၉၈၉ မှာ ပနားမားက ဗိုလ်ချုပ်နိုရေးဂါးရဲ့ စစ်အာဏာရှင်စနစ်ကို ဖြုတ်ချပစ်ပါတယ်။ ၁၉၉၀ ဖေဖော်ဝါရီမှာ နီကာရာဂွါ မတ်က်စ်လီနင်အစိုးရ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ပြုတ်ကျသွားပြီး၊ ဒီဇင်ဘာမှာ ဒီမိုကရက်တစ်အစိုးရ ဟေတီမှာ ရွေးချယ်ခံရပါတယ်။

၁၉၈၀ ပြည့်လွန် ဗြိတိသျှအင်ပါယာရဲ့ နောက်ဆုံးလက်ကျန်ဖျက်သိမ်းမှုကနေ ကျွန်းနိုင်ငံအငယ်လေးတွေ ထွက်ပေါ်လာခဲ့ပြီး၊ အဆိုပါနိုင်ငံသစ်တွေက ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေကို ထိန်းထားနိုင်ခဲ့ပါတယ်။ ၁၉၉၀ မှာ အာဖရိကနဲ့ ဂျော်ဒန် တို့မှာ လွတ်မြောက်မှုနဲ့ တံခါးတွေ ပွင့်လာကြတယ်။ တောင်အာဖရိကမှာ ဒီကလပ်သမတ ဖြစ်လာပြီးနောက် အစိုးရနဲ့ အေအန်စီပါတီအကြား ဆွေးနွေးပွဲတွေ စတင်ဖြစ်လာပါတယ်။

# ရှေ့နှစ်လမ်းတက်၊ နောက်တလှမ်းဆုတ်

ခြုံကြည့်ရင် ဒီမိုကရေစီလှုပ်ရှားမှုဟာ ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်ခဲ့တာပါ။ ဆယ့်ငါးနှစ်အတွင်းမှာ ဒီမိုကရက်တစ်လှိုင်းဟာ တောင်ဥရောပကို စဖြတ်၊ လက်တင်အမေရိကကိုသိမ်း၊ အာရှကိုရွှေ့လာပြီး နောက်ဆုံး ဆိုဗီယက်အုပ်စုအာဏာရှင်စနစ်တွေ ပြုတ်ပြုတ်ပြုန်းစေခဲ့ပါတယ်။

၁၉၇၄ တုန်းက တောင်အမေရိက ဆယ်နိုင်ငံမှာ ရှစ်နိုင်ငံက ဒီမိုကရေစီမဟုတ်တဲ့ အစိုးရတွေပါ။ ဒါပေမယ့် ၁၉၉၀ ရောက်တော့ ကိုးနိုင်ငံဟာ ဒီမိုကရေစီနည်းကျ ရွေးချယ်တဲ့ အစိုးရတွေ ဖြစ်လာပါတယ်။ ဒီမိုကရက်တိုက်ဖေးရှင်းလှိုင်းနဲ့ နောက်ပြန်လှိုင်းတို့ဟာ ရှေ့နှစ်လှမ်းတက်၊ နောက်တစ်လှမ်းဆုတ် ပုံစံမျိုးနဲ့ ခရီးဆက်ပုံရပါတယ်။ အောက်ဖော်ပြပါဇယားက ခေတ်သစ်ဒီမိုကရေစီနိုင်ငံများအခြေအနေကို ဖော်ပြနေပါတယ်။

| ခုနှစ် | ဒီမိုကရက်တစ်တိုင်းပြည်များ | ဒီမိုကရက်တစ်မဟုတ်သောတိုင်းပြည်များ | တိုင်းပြည်စုစုပေါင်း | ဒီမိုကရက်တိုင်းပြည်ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁၉၂၂ | ၂၉ | ၃၅ | ၆၄ | ၄၅ ・ ၃ |
| ၁၉၄၂ | ၁၂ | ၄၉ | ၆၁ | ၁၉ ・ ၇ |
| ၁၉၆၂ | ၃၆ | ၇၅ | ၁၁၁ | ၃၂ ・ ၄ |
| ၁၉၇၃ | ၃၀ | ၈၂ | ၁၂၂ | ၂၄ ・ ၆ |
| ၁၉၉၀ | ၅၉ | ၇၁ | ၁၃၀ | ၄၅ ・ ၄ |

မှတ်ချက်။ ။ လူဦးရေ တစ်သန်းအောက် တိုင်းပြည်များကို ချန်ထားပါသည်။

နိုင်ငံတွေဟာ ပုံသဏ္ဍာန်နဲ့ အရွယ်အစားအမျိုးမျိုးဖြစ်ကြပြီး၊ ဒုတိယကမ္ဘာစစ်လွန် ဆယ်စုနှစ်များမှာတော့ လွတ်လပ်ရေးရရှိတဲ့ နိုင်ငံအရေအတွက်က နှစ်ဆဖြစ်လာပါတယ်။ သို့သော် ကမ္ဘာ့ဒီမိုကရက်တစ်တိုင်းပြည်များရဲ့ အချိုးကိုကြည့်ရင် နောက်ပြန်လှိုင်းနှစ်ခုကာလမှာ ဒီမိုကရက်တစ်တိုင်းပြည်တွေဟာ ၁၉.၇ ရာခိုင်နှုန်းနဲ့ ၂၄.၆ ရာခိုင်နှုန်းတို့သာ ရှိပါတယ်။ လှိုင်းနှစ်ခုတက်ချိန်မှာတော့ ၄၅.၃ ရာခိုင်နှုန်းနဲ့ ၃၂.၄ ရာခိုင်နှုန်းတို့က ဒီမိုကရက်တစ်တွေ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်မှာတော့ ကမ္ဘာ့လွတ်လပ်တဲ့တိုင်းပြည် ၄၅.၄ ရာခိုင်နှုန်းမှာ ဒီမိုကရက်တစ်စနစ်တွေရှိလာပြီး၊ ၁၉၂၂ ခုနှစ် အခြေအနေနဲ့ ရာခိုင်နှုန်းသွားတူနေပါတယ်။

ထပ်ပြောရရင်၊ ၁၉၇၃ နဲ့ ၁၉၉၀ အကြားမှာ ပထမဆုံးအကြိမ် အာဏာရှင်နိုင်ငံအရေအတွက် လုံးဝလျော့ကျသွားခဲ့ပါတယ်။ ဒါပေမယ့် ၁၉၂၂ နဲ့ ၁၉၉၀ အကြား ခြောက်ဆယ့်ရှစ်နှစ်အတွင်း ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများအချိုးဟာ မြင့်တက်မလာသေးပါဘူး။

# ဒီမိုကရက်တိုက်ဖေးရှင်း ပြဿနာများ

လူမှုသိပ္ပံပညာရှင်တွေက ဘာကြောင့်ဘာတွေဖြစ်ရတယ်ဆိုတဲ့ အချက်တွေ ရှာဖွေဖို့ သီအိုရီတွေနဲ့ အနုစိပ်ဖြာရင်း သမိုင်းကို ဖမ်းဆုပ်ဖို့ ကြိုးစားပါတယ်။ ၁၉၆၀ နဲ့ ၁၉၇၀ ပြည့်လွန်များမှာ ဒီမိုကရေစီ ဘာကြောင့်နောက်ပြန်သွားတာလဲဆိုတာ ရှင်းလင်းဖို့ ကြိုးစားတဲ့အခါ ဆင်းရဲတဲ့တိုင်းပြည်တွေနဲ့ ဒီမိုကရေစီ အဟပ်မညီမှု၊ လက်ဝဲလက်ယာပေါ်အခြေခံတဲ့ ဗျူရိုကရေစီအာဏာရှင်စနစ်ထွန်းကားမှုတို့ကို ထောက်ပြပါတယ်။

ပညာရှင်တွေက တိုင်းပြည်တွေ အုံနဲ့ကျင်းနဲ့ အစုအပြုံလိုက် ဒီမိုကရေစီကူးပြောင်းလာတဲ့အခါမှာ ဒီမိုကရေစီတည်ရှိနိုင်တဲ့ တိုင်းပြည်ရဲ့ ကနဦးကြိုတင်အခြေအနေတွေ၊ ဒီမိုကရေစီ အစိုးရသစ်တစ်ခု ရင်ဆိုင်ရမယ့်ပြဿနာအခက်အခဲတွေကို ဖော်ပြကြပါတယ်။ အချို့ပညာရှင်များကလည်း ဒီမိုကရေစီဖြစ်ဖြစ်၊ ဒီမိုကရေစီမဟုတ်တဲ့အစိုးရဖြစ်ဖြစ် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးမယ့် ပြည်သူ့ရေးရာမူဝါဒ (public policy) ကသာ အရေးကြီးတယ်လို့ ပြောတာတွေလည်း ရှိပါတယ်။

တိုင်းပြည်တပြည်ဟာ ဒီမိုကရေစီ (သို့) အာဏာရှင်စနစ်နဲ့ သွားမလားဆိုတဲ့ပြဿနာထက်၊ အစီအစဉ်စနစ်ရှိမှု order (သို့) မင်းမဲ့စရိုက် ဘယ်ဟာရွေးမလဲဆိုတဲ့ ပြဿနာက ပိုအရေးကြီးတယ်လို့ ထောက်ပြတာတွေလည်းရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ရင် စဉ်းစားစရာတွေရှိလာပါတယ်။

**ပထမ၊** ဒီမိုကရေစီဟာ တစ်ဦးချင်းအခွင့်အရေးနဲ့ နီးနီးကပ်ကပ်ဆက်စပ်ပြီး၊ အပြန်အလှန်တည်မှီနေတယ်။ ဒီမိုကရေစီအားကောင်းရင် တစ်ဦးချင်းအခွင့်အရေး လွတ်လပ်ခွင့် အားကောင်းလာပြီး၊ လွတ်လပ်ခွင့်အားကောင်းရင် ဒီမိုကရေစီမြင့်တက်လာပါတယ်။ လွတ်လပ်ခွင့်ဟာ ဒီမိုကရေစီရဲ့ ကောင်းမြတ်မှုတန်ဖိုးပဲ ဖြစ်ပါတယ်။ သို့သော် ဒီမိုကရေစီမှာ တစ်ဦးချင်း အခွင့်အရေးနဲ့ လွတ်လပ်ခွင့်အလွန်အကျွံ၊ အလွဲသုံးမှုတွေ ပါလာနိုင်ပါတယ်။

**ဒုတိယ၊** နိုင်ငံရေးတည်ငြိမ်မှုနဲ့ အစိုးရပုံစံဟာ ခြားနားတဲ့ကိန်းရှင်နှစ်ခု ဖြစ်တယ်။ သို့သော် အပြန်အလှန်တည်မှီနေတယ်။ ဒီမိုကရေစီစနစ်တွေဟာ မကြာခဏ ဝရုန်းသုန်းကားနဲ့ ထိန်းမနိုင်သိမ်းမရ (unruly) ဖြစ်တတ်ပေမယ့်၊ နိုင်ငံရေးအကြမ်းဖက်မှု နည်းပါးတယ်။ ဒီမိုကရက်တစ်အစိုးရတွေဟာ သူတို့နိုင်ငံသားတွေအပေါ် အကြမ်းဖက်ရက်စက်မှုမှာ အာဏာရှင်တွေထက် အများကြီးလျော့ပါးကြတယ်။

ဒီမိုကရေစီစနစ်အတွင်းမှာကိုက အတိုက်အခံနဲ့ အမြင်မတူသူများအတွက် ထုတ်ဖော်ပြောဆိုနိုင်တဲ့ လမ်းကြောင်း (channels) တွေ ပါရှိပြီးသား။ အစိုးရရော အတိုက်အခံပါ နှစ်ဘက်စလုံး တစ်ဦးကိုတစ်ဦး အကြမ်းဖက်နိုင်မယ့်အခွင့်အလမ်းတွေ လျော့ကျသွားတယ်။ ဒီမိုကရေစီက နိုင်ငံရေးခေါင်းဆောင်တွေနဲ့ ပြည်သူ့ပေါ်လစီတွေပြောင်းလဲဖို့ ပုံမှန်အခွင့်အရေးတွေပေးတယ်။ ဒီမိုကရေစီစနစ်မှာက ပုံမှန်အလိုက်သင့်တိုးပွားနေတာမျိုးပဲရှိပြီး၊ နေ့ချင်းညချင်း ထူးထူးခြားခြား ဝုန်းဒိုင်းပြောင်းလဲတာမျိုး ရှားပါတယ်။ အာဏာရှင်စနစ်မှာတော့ တော်လှန်ရေးတွေ ပေါက်ကွဲမှုတွေနဲ့ အချိုးအကွေ့မျိုးတွေ အမြဲရှိပါတယ်။

**တတိယ၊** ဒီမိုကရေစီပြန့်နှံ့မှုဟာ နိုင်ငံတကာဆက်ဆံရေးအပေါ် ဂယက်ရိုက်စေတယ်။ သမိုင်းကိုကြည့်ရင် ဒီမိုကရေစီတိုင်းပြည်တွေဟာ အာဏာရှင်တိုင်းပြည်တွေနဲ့ မကြာခဏ စစ်ဖြစ်ကြတယ်။ အာဏာရှင်တိုင်းပြည်တွေကတော့ ဒီမိုကရေစီတိုင်းပြည်တွေကို တိုက်ခိုက်ကြသလို၊ အာဏာရှင်အချင်းချင်းလည်း တိုက်ကြခိုက်ကြပါတယ်။

ဆယ့်ကိုးရာစုကနေ ယခုအချိန်အထိ ဒီမိုကရေစီအချင်းချင်း စစ်မခင်းပါဘူး။ ဒါဆိုကမ္ဘာ့ဒီမိုကရေစီပြန့်နှံ့မှုဟာ ကမ္ဘာ့ငြိမ်းချမ်းရေးပြန့်နှံ့မှုကို ဆိုလိုပါတယ်။ ဒီမိုကရက်တစ်ကမ္ဘာဟာ နိုင်ငံတကာအကြမ်းဖက်မှုလွတ်မြောက်တဲ့ ကမ္ဘာတစ်ခုဖြစ်ဖွယ်ရှိပါတယ်။ ငြိမ်းချမ်းရေးသမားဆိုသူဟာလည်း ဒီမိုကရက်သာဖြစ်သင့်ပြီး၊ ကွန်မြူနစ်တစ်ပိုင်းနဲ့လုပ်နေ၍ မရပါ။

တနည်းအားဖြင့် ထာဝရကွဲနေတဲ့ကမ္ဘာ (divided world) ဟာ အကြမ်းဖက်ကမ္ဘာပဲဖြစ်လာနိုင်ပါတယ်။ "အိမ်တစ်အိမ်ဟာကွဲနေရင် မရပ်တည်နိုင်ဘူး။ ကျွန်စနစ်တပိုင်း၊ လွတ်လပ်မှုတပိုင်းဖြစ်နေရင် နိုင်ငံရေရှည်မရပ်နိုင်ဘူး"လို့ အီဘရာဟင်လင်ကွန်းက ပြောဖူးတယ်။ အခု ၂၁ ရာစု ကမ္ဘာမှာ ဖွံ့ဖြိုးမှုနဲ့ သတင်းဆက်သွယ်ရေးနည်းပညာတွေက နိုင်ငံတွေအကြား အပြန်အလှန် နီးနီးစပ်စပ် မှီခိုအားထားမှုတွေရှိ လာစေပါတယ်။ ဒါဖြင့် ကမ္ဘာကြီးဟာ ဒီမိုကရေစီတဝက် အာဏာရှင်တဝက်ကွဲနေရင် ဘယ် လောက်ကြာကြာ ဆက်ရှင်သန်ပဲ့မလဲ။

**စတုတ္ထ၊** ကမ္ဘာ့ဒီမိုကရေစီရဲ့အနာဂတ်မှာ အမေရိကန်တွေက အထူးအရေးပါတယ်။ အမေရိကဟာ ခေတ်သစ်ကမ္ဘာရဲ့ ဒီမိုကရက်တစ်ဦးဆောင်တိုင်းပြည် ဖြစ်ပါတယ်။ နိုင်ငံတစ်ခုအနေနဲ့ အမေရိကရဲ့အမှတ်အသားလက္ခဏာ (identity) ဟာ လစ်ဘရယ်ဒီမိုကရက်တစ် တန်ဖိုးတွေကနေ ခွဲခြားထားလို့မရပါဘူး။ ပြီးခဲ့တဲ့ စစ်အေးကာလနေဝင်ချိန်နဲ့ အမေရိကန်တန်ဖိုးတက်ချိန်တို့မှာ တတိယလှိုင်းမြင့်တက်ခဲ့တာ အမြင်ပါပဲ။ သို့သော် အမေရိကန်ရဲ့ ဘဝင်မြင့်လွန်းမှုနဲ့ တန်ဖိုးကျမှုဟာ အခြားနိုင်ငံများက ဒီမိုကရေစီအင်အားစုများအတွက် ဘေးကျပ်နံကျပ်ဖြစ်စေပါတယ်။

## မောသွားတဲ့တတိယလှိုင်း

သို့သော် တတိယလှိုင်းဟာ အားကုန်သွားပြီလား။ ရုရှားရဲ့ ဒီမိုကရက်တစ်ဖြစ်မလာဘဲ တင်းမာတဲ့ ပူတင်လက်အောက်ပြန်ကျသွားမှု၊ ဗင်နီဇွဲလားက ဟူဂိုချားဗတ်လိုလက်ဝဲသန်သူတွေ ပြန်ထွက်ပေါ်လာမှု၊ အမေရိကနဲ့ အနောက်ပုံစံခေတ်မီရေးကို မုန်းတီးတဲ့ အစွန်းရောက်အစ္စလာမ်အကြမ်းဖက်တွေရဲ့ အားကြီးလာမှု၊ အမေရိကရဲ့ ဒီမိုကရက်တစ်အင်ပါယာ ချဲ့ထွင်ချင်လွန်းတဲ့ တပ်ဦးကျွံမှု၊ စစ်ပမ်းပြီး စီးပွားရေးတုန့်ဆိုင်းမှု၊ ကမ္ဘာ့ရေနံဈေးကြီးမြင့်မှု စတာတွေကြောင့် တတိယလှိုင်းဟာ မောပြီး ဘက်ပြန်သွားပြီလားလို့ မေးစရာတွေရှိလာပါတယ်။

စတန်းဖို့တက္ကသိုလ် နိုင်ငံရေးသိပ္ပံပါမောက္ခ လာရီဒိုင်းမွန်းက အမေရိကဟာ တန်ဖိုးသြဇာကျဆင်းမှုနဲ့ စီးပွားရေးတုန့်ဆိုင်းမှု (recession) ကို အခု ကြုံတွေ့နေရတယ်။ စီးပွားရေးတုန့်ဆိုင်းမှု ရီဆက်ရှင်းက ဒီမိုကရေစီ ရီဆက်ရှင်း (democracy recession) ကိုပါ ဖြစ်စေတယ်။ ဒါဖြင့် အမေရိကရဲ့ စပွန်ဆာ အပြောင်းအလဲလုပ်ပေးမှာကို မျှော်လင့်နေတဲ့၊ အာဏာရှင်တွင်းမဲကြီး (black hole) ထဲ ကျရောက်နေတဲ့ နိုင်ငံငယ်လေးများအတွက် ဒီမို ကရေစီအနာဂတ်ဟာ ဘယ်လိုရှိနိုင်မလဲ။ အမေရိကလက်ကုန်သွားချိန်မှာ တွင်းမဲထဲက ဘယ်လိုဖောက်ထွက်ကြမလဲဆိုတာက စိတ်ဝင်စားစရာတွေ ဖြစ်လာနိုင်ပါတယ်။

**ရည်ညွှန်း**

- The Third Wave : by Samuel P. Huntington
- Democratic Rollback : by Larry Diamond

# လှိုင်းတွေ ဘာကြောင့် ဘယ်လိုဖြစ်ခဲ့သလဲ

**သိုက်နိုင်ဝင်း**

ဒီမိုကရေစီလှိုင်းတွေ ဘာကြောင့်ဖြစ်ပေါ်ခဲ့သလဲ။ ဘယ်လိုဆင့်ကဲဖြစ်ထွန်းခဲ့ကြသလဲ။ အားလုံးသိပြီးတဲ့အတိုင်းပါပဲ။ ဒီမိုကရေစီလှိုင်းဆိုတာ နိုင်ငံတွေအစုလိုက်အပြုံလိုက် ဒီမိုကရေစီစနစ်ဆီ အချိန်ကာလတခုအတွင်းမှာ ကူးပြောင်းလာတာကို ရည်ညွှန်းတာဖြစ်ပါတယ်။ ပဒေသရာဇ်၊ သက်ဦးဆံပိုင်ဘုရင်စနစ်၊ ဖက်ဆစ်၊ ကိုလိုနီ၊ တပါတီကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၊ စစ်အာဏာရှင်စနစ်စတဲ့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးကနေ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်ဟာ စိတ်ဝင်စားဖွယ်ကောင်းသလို၊ အတုယူစရာတွေရှိပါတယ်။ ဒီမိုကရေစီကူးပြောင်းရေး ရုန်းကန်ကြိုးပမ်းနေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လေ့လာသင်ခန်းစာ ယူစရာတွေ တင်းကြမ်းပြည့်ဖြစ်ပါတယ်။

သမိုင်းကိုပြန်ကြည့်ရင် တိုင်းပြည်အသီးသီးနဲ့ နိုင်ငံရေးစနစ်အမျိုးမျိုးမှာ တူညီတဲ့ဖြစ်ရပ်တွေရှိပြီး၊ တပြိုင်နက်တည်း တူညီတဲ့ဖြစ်ပျက်မှုတွေ ရှိတတ်ပါတယ်။ ၁၈၄၈ ခုနှစ် ဥရောပတိုင်းပြည်တွေမှာ တော်လှန်ရေးတွေ အများကြီးဖြစ်ခဲ့ပါတယ်။ ၁၉၆၈ ခုနှစ် ကမ္ဘာ့တိုက်ကြီးများရဲ့ တိုင်းပြည်အများစုမှာ အစိုးရဆန့်ကျင်တဲ့ ကျောင်းသားလှုပ်ရှားမှုတွေ ဖြစ်ခဲ့ပါတယ်။ လက်တင်အမေရိကနဲ့ အာဖရိကတိုင်းပြည်တွေမှာ အာဏာသိမ်းပွဲတွေ ခြိမ့်ခြိမ့်သဲပဲ။ ဒီလိုပဲ တိုင်းပြည်တွေ ဒီမိုကရေစီကူးပြောင်းကြပြန်တော့လည်း အုံနဲ့ကျင်းနဲ့တပျော်တပါးကြီး 'လှိုင်း' လို့ကို တင်စားကြရတယ်။ ဒါကြောင့် ဒီမိုကရေစီကူးပြောင်းမှုလှိုင်း ပေါ်ပေါက်အောင် တွန်းပို့ပေးတဲ့ နောက်ခံအကြောင်းအရင်းတွေကို လေ့လာဆန်းစစ်ကြည့်သင့်ပါတယ်။

## လှိုင်းတွေဖြစ်ခဲ့ပုံ

အချိန်ကာလတခုအတွင်း နိုင်ငံတွေအစုလိုက်အပြုံလိုက် ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွေကို ခြေရာကောက်ကြည့်ရအောင်။ ပထမဆုံး နိုင်ငံခြောက်ခုမှာ ဒီမိုကရေစီဖြစ်ထွန်းမှု (democratization) ကိုယ်စီဖြစ်ပေါ်တယ်လို့ ယူဆကြည့်ပါ။ ဒီမိုကရက်တိုက်ဇေးရှင်းဖြစ်တာကို 'x' သင်္ကေတနဲ့ ကိုယ်စားပြုထားပါ။ နိုင်ငံခြောက်ခုမှာ 'x' တွေဖြစ်ခဲ့တယ်ထား။ အချိန်ကာလတစ်ခုမှာ အဲဒီနိုင်ငံခြောက်ခုအတွင်း 'x' တွေ ဘာကြောင့် ဖြစ်ရတာလဲ။ သူတို့မှာ 'x' တွေ ဖြစ်ပေါ်ဖို့ဘယ်လိုအကြောင်းရင်းတွေက တွန်းပို့တာလဲ။

ဖြစ်နိုင်ခြေတွေအများကြီးရှိတဲ့အနက် အဖြစ်နိုင်ဆုံးအကြောင်းတရား လေးချက်ရှိပါတယ်။

## (၁) တစ်ခုတည်းသောအကြောင်းတရား (Single Cause)

နိုင်ငံခြောက်ခုရဲ့ 'x' ဖြစ်ရပ်ခြောက်ခုစလုံးဟာ တစ်ခုတည်းသောအကြောင်းတရားကြောင့်ဖြစ်ခဲ့တယ်။ တစ်ခုတည်းသောအကြောင်းတရားဆိုတာက အင်အားကြီး စူပါ ပါဝါ အသစ် ပေါ်ထွက်လာခြင်းမျိုး (သို့) နိုင်ငံတကာဆက်ဆံရေးမှာ အဓိကကျတဲ့အာဏာခွဲဝေမှု အပြောင်းအလဲတွေရှိလာခြင်းမျိုးဖြစ်တယ်။ အခြားလူ့အဖွဲ့အစည်း အများအပြားအပေါ် အကျိုးဂယက် ဖြစ်စေမယ့်စစ်ပွဲကြီးတွေ အရေးကြီးတဲ့ဖြစ်ရပ် အကြောင်းရင်းမျိုးတွေဖြစ်တယ်။

ဥပမာ၊ ဒုတိယကမ္ဘာစစ်မှာ မဟာမိတ်တို့အောင်ပွဲခံနိုင်မှု အဓိကအကြောင်းတရားက နိုင်ငံအချို့မှာ 'x' ရလာဒ်တွေ ဖွံ့ဖြိုးစေခဲ့တယ်။ ၁၉၄၅ နဲ့ ၁၉၄၆ မှာ လက်တင်အမေရိက တိုင်းပြည်အများစုဟာ ဒီမိုကရေစီစိတ်ဝင်စားလာပြီး အမျိုးသားရွေးကောက်ပွဲတွေ ကိုယ်စီကျင်းပလာကြတယ်။ ဒီလို အဓိကတွန်းပို့ပေးတဲ့ ပင်မအကြောင်းတရားကို 'A' အဖြစ် သင်္ကေတထားလိုက်ပါ။ ဒါဆို ပင်မအကြောင်းတရားကို 'A' ကြောင့် နိုင်ငံခြောက်ခုမှာ ဒီမိုကရက်တိုက်ဖေးရှင်း 'X' တွေ ကိုယ်စီဖြစ်ပေါ်ခဲ့ရတယ်။




## (၂) အပြိုင်ဖွံ့ဖြိုးမှု (parallel development)

နိုင်ငံခြောက်ခုဟာ စီးပွားရေးဖွံ့ဖြိုးမှုအသီးသီးကြောင့် ဒီမိုကရေစီဆီရွေ့လာခဲ့တယ်။ သူတို့ရဲ့ စီးပွားရေးအပြိုင်ဖွံ့ဖြိုးမှုဟာ 'x' တွေ ကိုယ်စီဖြစ် ထွန်းခဲ့ပါတယ်။ သို့သော် နိုင်ငံခြောက်ခုဟာ စီပွားရေးဖွံ့ဖြိုးမှုကြောင့် 'x' တွေ ပေါ်ထွက်ခဲ့ပေမယ့်၊ စီပွားရေးဖွံ့ဖြိုးမှုပုံစံတွေက ကိုယ့်လမ်းကြောင်းနဲ့ကိုယ် ဖြစ်နေပါတယ်။ တစ်နိုင်ငံက တစ်ဦးချင်းဝင်ငွေနဲ့အမျိုးသားထုတ်ကုန် (GNP) မြင့်တာကြောင့်ဖြစ်မယ်။ အခြားနိုင်ငံက စာတတ်မြောက်မှုနှုန်း အားကောင်းလို့ဖြစ်မယ်။ အခြားနိုင်ငံက လုပ်လက်တန်းစားနဲ့ အဆင့်မြင့်နည်းပညာကြောင့်ဖြစ်မယ်။

ဒီနိုင်ငံခြောက်ခုစလုံးမှာ ဒီမိုကရေစီဖြစ်ထွန်းဖို့ စီးပွားရေးဖွံ့ဖြိုးမှု ရေခံမြေခံကောင်းနေတယ်။ ကိုယ့်ပြည်တွင်း ကိုယ်ခံအားကိုယ်စီကြောင့် တချိန်တည်း တပြိုင်နက်တည်း 'x' တွေ ဖြစ်စေခဲ့တယ်။ ဒါပေမယ့် စီးပွားရေဖွံ့ဖြိုးမှုအကြောင်းတရားက တကျောင်းတဂါထာလို ဖြစ်တဲ့ အတွက် လွတ်လပ်တဲ့ကိန်းရှင် ($a_1$,$a_2$,$a_3$) အဖြစ် ယူပါမယ်။




## (၃) နှင်းဘောလုံးဖြစ်စဉ် (Snowballing)

နိုင်ငံတနိုင်ငံမှာ 'x' ကို ဖြစ်စေတဲ့ အရေးကြီးတဲ့ အကြောင်းတရားက အခြားတိုင်းပြည်တွေမှာလည်း 'x' ဖြစ်ရပ်အသီးသီးတွေ ပေါ်ထွက်စေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ထူးခြားထင်ရှား

လွန်းတဲ့ နိုင်ငံရေးဖြစ်ရပ်ဟာ အခြားကမ္ဘာ့တိုင်းပြည်များအတွက် အသိပညာနဲ့သင်ခန်းစာယူစရာအဖြစ် ချက်ချင်းကူးသွားစေပါတယ်။

အထူးသဖြင့် ဆန္ဒပြပွဲရလဒ်တွေက အခြားနိုင်ငံတွေကို အားကျစေပြီး၊ အလားတူ ဆန္ဒပြပြီး အစိုးရဆန့်ကျင်ဖြုတ်ချမှုမျိုးတွေ အခြားနိုင်ငံများမှာ ဖြစ်လာစေပါတယ်။ ဒီလို ထူးခြားတဲ့ဖြစ်ရပ်တစ်ခုက နိုင်ငံတစ်နိုင်ငံမှာ ‘x’ကို ဖြစ်စေမယ်။ အဲဒီ ‘x’က အခြားနိုင်ငံတွေမှာ ပုံစံတူမျိုးတွေ တမုဟုတ်ချင်း ဆက်ဖြစ်သွားပြီး နှင်းဆုပ်လုံးပစ်ပေါက်လိုက်သလို အဟုန်ပြင်းပြင်း ပြန့်ကျဲထွက်သွားပါတယ်။




## (၄) ခေတ်စားလာတဲ့ ကိုးဆယ့်ခြောက်ပါးဆေး (Prevailing nostrum)

နိုင်ငံအသီးသီးမှာ ‘x’ ကို ဖြစ်စေခဲ့တဲ့ မူလအကြောင်းရင်းခံတွေက လုံးဝမတူဘဲ တစ်ကျောင်းတစ်ဂါထာတစ်ရွာတစ်ပုဒ်လို ကွဲပြားနေမယ်။ သို့သော် အဲဒီ မတူတဲ့ပြဿနာတွေ ကြုံနေရတဲ့ နိုင်ငံအသီးသီးဟာ သူတို့ကိစ္စကို တုန့်ပြန်ဖြေရှင်းဖို့ ဆေးညွှန်းတစ်ခုတည်းကိုပဲ ယုံယုံကြည်ကြည် မျက်စိမှိတ်ကိုင်ဆွဲလိုက်ကြတယ်။

လူခြောက်ယောက်ဟာ ရောဂါတစ်ယောက်တစ်မျိုးဖြစ်နေပေမယ့် ရမ်းကုပေးတဲ့ ဆေးဝါးတစ်မျိုးတည်းပဲ အတူတူမျိုကြသလို၊ နိုင်ငံခြောက်နိုင်ငံဟာလည်း သူတို့ရဲ့ တစ်ကျောင်း တစ်ဂါထာ ပြဿနာစုံကိုဖြေရှင်းဖို့ရာ အစိုးရပြောင်းလဲရေးပုံစံမှာပဲ အတူလာ ထိမိကြပါတယ်။ တစ်နိုင်ငံက ငွေကြေးဖောင်းပွမှု ကြုံနေရတယ်၊ နောက်တစ်နိုင်ငံက ဥပဒေစိုးမိုးမှု ပျက်ပြားနေတယ်၊ နောက်တစ်နိုင်ငံကလည်း စီးပွားရေးကျဆင်းပြီး အလုပ်လက်မဲ့ထူနေမယ်။ အခြားနိုင်ငံတစ်ခုက စစ်ရေးရှုံးနိမ့်လို့ဖြစ်မယ် စသဖြင့်။

ဒီလိုဖြစ်ရပ်မျိုးမှာ၊ နိုင်ငံတွေရဲ့ သီးခြားပြဿနာ အကြောင်းတရားကိုယ်စီကို $(a_1,b_2,c_3)$ စသဖြင့်ထား။ သူတို့ရဲ့ပြဿနာများအတွက် ယုံယုံကြည်ကြည်ကုစားအဖြေရှာတဲ့ နည်းလမ်းတူညီမှုကို (z) လို့ယူ။ နောက်ဆုံး နိုင်ငံခြောက်နိုင်ငံမှာ ‘x’ တွေ အသီးသီးထွက်လာပါတော့တယ်။




အခုဖော်ပြခဲ့တဲ့ ဒီမိုကရေစီလှိုင်းများအပေါ် ဖွင့်ဆိုရှင်းလင်းချက်လေးခုဟာ ဘယ်အချိန် ဘယ်အခါမှာမဆို ရွှေ့လျားနေတတ်ပြီး၊ နိုင်ငံရေးလှိုင်းတွေကို ဖြေရှင်းပြဖို့ ကြိုးစားအားထုတ်တဲ့အခါတိုင်း ထည့်သွင်းစဉ်းစားထားရမယ့် မော်ဒယ်တွေပဲဖြစ်ပါတယ်။

# လွတ်လပ်ကိန်းရှင်များ

သို့သော် ဘာကြောင့်ဒီမိုကရေစီ ကူးပြောင်းလာကြသလဲဆိုတဲ့ အကြောင်းရင်းခံ ပြဿနာဟာ လွယ်လွယ်ကူကူမဟုတ်ပါဘူး။ အချို့ကတော့ တစ်ကြောင်းဆွဲပြောတယ်။ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ဒီမိုကရက်တစ်အင်စတီကျူးရှင်းဖြစ်ထွန်းမှုဟာ လုံး၀ဆက်စပ်နေတယ်။ ချမ်းသာတဲ့ နိုင်ငံအားလုံးဟာ ဒီမိုကရက်တစ်တွေဖြစ်သလို၊ ဒီမိုကရေစီတိုင်းဟာလည်း ချမ်းသာကြတယ်ဆိုတာမျိုး၊ ပရိုတက်စတင့်ဘာသာဟာ ဒီမိုကရေစီရဲ့ ရေခံမြေခံပဲဆိုတာမျိုး။

အမှန်တော့ ပြဿနာက ဒီထက်ပိုရှုပ်ထွေးပါတယ်။ အများစုထင်သလို အာဏာရှင်ကို ဖယ်ရှားလိုက်ရင် ဒီမိုကရေစီဖြစ်ကရောဆိုတာမျိုးက လက်တွေ့မှာခက်ပါတယ်။ ဒီမိုကရေစီမဟုတ်တဲ့အစိုးရတစ်ခုကို ဖယ်ရှားလိုက်ပြီး၊ လက်တွေ့မှာ ဒီမိုကရေစီဖြစ်လာဖို့ထက်၊ နောက်ထပ် ဒီမိုကရေစီမဟုတ်တဲ့ အစိုးရတစ်ခုပဲ အစားဝင်လာတာမျိုးတွေ ရှိတတ်ပါတယ်။ အာဏာရှင်စနစ်အဆုံးသတ်မှုဟာ ဒီမိုကရေစီ တန်းတန်းမတ်မတ်ဖြစ်ပေါ်မှုကို ဦးမတည်ဘဲ ဝေ့လည်လမ်းချော်မှုတွေရှိပါတယ်။

နောက်ပြီး အာဏာရှင်အစိုးရတစ်ခုရဲ့ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုက အဲဒီ အစိုးရကို ချိနဲ့စေပါတယ်။ သို့သော် အာဏာရှင်အစိုးရတစ်ခုရဲ့ အောင်မြင်တဲ့စီးပွားရေး ကိုင်တွယ်မှုက ဒီမိုကရေစီဖြစ်ထွန်းဖို့ အခြေခံကောင်းတွေ ဖြစ်လာတတ်ပြန်ရော။

ဘယ်လိုပဲဖြစ်ဖြစ် ပေါ်လစီဆုံးဖြတ်သူများ နှလုံးသွင်းထားရမှာက 'ဒီမိုကရက်တိုက်ဖေးရှင်း' လို့ ဆိုလိုက်ရင် အဆင့်သုံးဆင့်ပါဝင်တယ် ဆိုတာပါပဲ။ (၁)အာဏာရှင်စနစ်အဆုံးသတ်မှု၊ (၂)ဒီမိုကရက်တစ်အုပ်ချုပ်ရေး တပ်ဆင်အသက်သွင်းမှု၊ (၃)ဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရား ကျစ်လစ်ခိုင်မာစေမှုတို့ပါပဲ။ အဲဒီ အဆင့်သုံးဆင့်ဖွံ့ဖြိုးစေဖို့က များစွာသော အကြောင်းအချက်တွေ စဉ်းစားတွက်ချက်နိုင်ဖို့လိုပါမယ်။

ဒီမိုကရက်တိုက်ဖေးရှင်းတွေလေ့လာဖို့ဆိုရင် သီအိုရီများစွာနဲ့ အချက်အလက်ပေါင်းများစွာ ရှိနေပါလိမ့်မယ်။ တစ်ကြောင်းဆွဲနဲ့မရဘဲ လွတ်လပ်ပြီး မှုသေမဟုတ်တဲ့ ကိန်းရှင် (independent variables) ပေါင်းများစွာ စဉ်းစားရပါမယ်။ ဒီမိုကရက်တိုက်ဖေးရှင်းနဲ့ဒီမိုကရေစီကိုဖြစ်စေတဲ့ အကြောင်းရင်းတွေ ကိန်းရှင်တွေက အောက်ပါအတိုင်းဖြစ်နိုင် ပါတယ်။

- စီးပွားရေးခေါ်ကြွယ်ဝမှု အဆင့်မြင့်မားမှု
- ဓနနှင့် ဝင်ငွေအချိုးအစား ခွဲဝေဖြန့်ဖြူးရာမှာ မျှတမှု
- ဈေးကွက်စီးပွားရေး
- စီးပွားရေးဖွံ့ဖြိုးမှုနဲ့ လူမှုမော်ဒန်နိုက်ဇေးရှင်း
- ကံကျွေးချမြေရှင်ပဒေသရာဇ်စနစ် ပျက်သုဉ်းမှု
- အရင်းရှင်ဘူဇွာအားကောင်းမှု (ဘူဇွာမရှိရင်၊ ဒီမိုကရေစီမရှိ)
- လူလတ်တန်းစားအလွှာ အားကောင်းမှု
- စာတတ်မြောက်မှုနှုန်းနဲ့ ပညာရေးရေချိန်မြင့်မှု
- စားသုံးသူဦးတည်တဲ့ ယဉ်ကျေးမှု
- ပရိုတက်စတင့်ဘာသာဝင်လူဦးရေနဲ့ တိုင်းပြည်များ
- လူမှုဗဟုဝါဒနဲ့ ပညာတတ်အုပ်စုအားကြီးမှု

- နိုင်ငံရေးတွင် လူထုပါဝင်ပူးပေါင်းဆောင်ရွက်မှုနှင့် ပါတီပြိုင်ဆိုင်မှု
- လူမှုအုပ်စုများအတွင်း၌ပင် ဒီမိုကရေစီယဉ်ကျေးမှုလုပ်ထုံးရှိခြင်း
- အရပ်သားအပေါ် အကြမ်းဖက်နှိပ်စက်မှု လျော့နည်းခြင်း
- နိုင်ငံရေးအစွန်းရောက်မှု၊ တပ်ဦးကျွံမှုများ လျော့နည်းခြင်း
- နိုင်ငံရေးခေါင်းဆောင်များ၏ ဒီမိုကရေစီရေချိန် မြင့်မားမှု
- ပြိုင်ဘက်ပါတီသို့ ကိုလိုနီဘဝ အတွေ့အကြုံကောင်း လက်ခံရယူတတ်မှု
- ဆန့်ကျင်ဘက်အမြင်သဘောထားအပေါ် သည်းခံနိုင်သည့်အလေ့အထ
- အပေးအယူအလျှော့အတင်းကို ဖောက်ပြန်သည်ဟုမမြင်ခြင်း
- ဒီမိုကရေစီလိုလားသည့်နိုင်ငံကြီးက ဝင်ရောက်သိမ်းပိုက်ပြောင်းလဲပေးခြင်း
- ဒီမိုကရေစီနိုင်ငံကြီးများ၏ ဩဇာလွှမ်းမိုးမှု
- ဥပဒေနှင့် တစ်ဦးချင်းအခွင့်အရေး လေးစားမှုအစဉ်အလာ အလေ့အထ
- မျိုးနွယ်စု၊ ဘာသာရေး၊ လူမျိုးရေးထွေပြားမှုကို လက်ခံနိုင်စွမ်း
- နိုင်ငံရေးနှင့် လူမှုတန်ဖိုးများအပေါ် အများဆန္ဒလက်ခံမှု
- ပုဂ္ဂိုလ်ရေးကိုးကွယ်လွန်းမှုမရှိခြင်းနဲ့ အာဏာရှင်ခေါင်းဆောင်သေဆုံးမှု
- မြို့ပြဖြစ်ထွန်းခြင်း၊ စက်မှုထွန်းကားခြင်း

အထက်ဖော်ပြပါ အချက်အလက်များဟာ ဒီမိုကရေစီနဲ့ ဒီမိုကရက်တိုက်ဇေးရှင်း ဖြစ်အောင်ပံ့ပိုးပေးတဲ့ သီအိုရီအကြောင်းရင်းခံများပဲ ဖြစ်ပါတယ်။ သို့သော် ဒီမိုကရက်တိုက်ဇေးရှင်းအကြောင်းတရားများဟာ တစ်နေရာနဲ့ တစ်နေရာ၊ တစ်ချိန်မှတစ်ချိန် အမျိုးမျိုးကွာခြားနေတတ်ပါတယ်။ အဲ့ဒီလိုအကြောင်းတရား အမျိုးမျိုးကွာခြားခြင်းက အောက်ပါအဆိုပြုချက်များ ထုတ်ပေးပါတယ်။

(၁) နိုင်ငံတစ်နိုင်ငံ (သို့) တိုင်းပြည်အားလုံးရဲ့ ဒီမိုကရေစီဖွံ့ဖြိုးမှုကို ရှင်းပြဖို့ လုံလောက်တဲ့တစ်ခုတည်းသော အကြောင်းအချက်အလက်ဆိုတာ မရှိ။

(၂) တိုင်းပြည်အားလုံး ဒီမိုကရေစီဖွံ့ဖြိုးစေဖို့ တစ်ခုတည်းသော အကြောင်းအချက်ဆိုတာမရှိနိုင်။ မလိုအပ်။

(၃) တိုင်းပြည်တစ်ခုစီရဲ့ ဒီမိုကရက်တိုက်ဇေးရှင်းဖြစ်စဉ်ဆိုတာ အကြောင်းတရားမျိုးစုံပေါင်းစုံစုစည်းမှုရဲ့ရလဒ်ဖြစ်။

(၄) ဒီမိုကရေစီကို ထုတ်လုပ်ပေးတဲ့ အကြောင်းတရားပေါင်းစုံဟာ နိုင်ငံတစ်ခုနဲ့တစ်ခု ကွာခြား။

(၅) လှိုင်းတစ်ခုကိုဖြစ်ပေါ်စေတဲ့ အကြောင်းတရားများနဲ့ အခြားလှိုင်းတစ်ခုကိုဖြစ်စေတဲ့ အကြောင်းတရားများ ကွာခြား။

## တတိယလှိုင်းကိုဆန်းစစ်ခြင်း

တတိယလှိုင်း ဒီမိုကရက်တိုက်ဇေးရှင်းကို ဆန်းစစ်ဖို့ဆိုရင် မေးခွန်းနှစ်ခုကို အရင်ဖြေကြည့်ဖို့ လိုပါမယ်။ ပထမ အဲဒီတတိယလှိုင်းမှာ နိုင်ငံသုံးဆယ်လောက်ပဲ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီဆီ ကူးပြောင်းခဲ့ပြီး၊ အခြားနိုင်ငံတစ်ရာကျော်က ဘာကြောင့် မကူးပြောင်း

နိုင်တာလဲ။ ဒုတိယ အဲဒီ နိုင်ငံတွေရဲ့ အစိုးရအပြောင်းအလဲဟာ ၁၉၇၀နှစ်များနဲ့ ၁၉၈၀ပြည့် လွန်နှစ်များမှာဖြစ်ခဲ့ပြီး ဒီအရင် ဘာလို့မဖြစ်တာလဲ။

ပထမမေးခွန်းနဲ့ပတ်သက်လို့ပြောရရင် နိုင်ငံတွေဟာ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကိုကူးပြောင်းသလား မကူးပြောင်းဘူးလားဆိုတာက ထိုနိုင်ငံတွေရှိ အာဏာရှင်အစိုးရများရဲ့ သဘောသဘာဝအနေအထားပေါ်မှာ တည်နိုင်ပါတယ်။ တတိယလှိုင်းမှာ ဒီမိုကရေစီကူးပြောင်းလာတဲ့ အစိုးရတွေရဲ့ပုံစံက အမျိုးမျိုးပါပဲ။ တပါတီစနစ်၊ စစ်အစိုးရ၊ ပုဂ္ဂိုလ်ရေးထူထောင်တဲ့ အာဏာရှင်စနစ်၊ အသားအရောင် လူမျိုးရေးခွဲခြားမှုစနစ်တွေ ပါဝင်ပါတယ်။

ဒီနိုင်ငံတွေရဲ့အာဏာရှင်ကနေ ဒီမိုကရေစီကူးပြောင်းပုံကို ကြည့်ရင် ပုံစံ (၅)မျိုး (five pattern) ထုတ်ယူနိုင်ပါတယ်။

**သံသရာလည်ပုံစံ** (cyclical pattern)

အချို့တိုင်းပြည်တွေဟာ ဒီမိုကရေစီနဲ့အာဏာရှင်စနစ်အကြား ရှေ့တိုးနောက်ငင် လွန်းထိုးပြီး တလှည့်စီဖြစ်နေပါတယ်။ ဒီပုံစံဟာ လက်တင်အမေရိကက အာဂျင်တီးနား၊ ဘရာဇီး၊ ပီရူး၊ ဘိုလီးဗီးယား အီကွေဒေါတို့နဲ့ တူရကီ၊ နိုက်ဂျီးယားတို့မှာဖြစ်ခဲ့ပါတယ်။ အာဏာရှင်ဖြစ်လိုက်၊ ဒီမိုကရေစီဖြစ်လိုက်၊ အာဏာရှင်ပြန်ဖြစ်လိုက် စသဖြင့်။ လူအများရွေးချယ်တဲ့ ဒီမိုကရေစီအစိုးရများနဲ့ ခေါင်းမာတဲ့ အာဏာရှင်စနစ်အစိုးရများအကြား လူးလားဆန်ခတ် ဖြစ်နေပါတယ်။

ဒီမိုကရေစီအစိုးရများအောက်မှာ၊ အစွန်းရောက်အယူဝါဒရှိမှု၊ အဂတိလိုက်စားမှု၊ မတည်ငြိမ်မှုတွေဟာ လက်မခံနိုင်တဲ့ အနေအထားအဆင့်ရောက်လာပြီး စစ်တပ်ကဖြုတ်ချမှုတွေအထိ ဖြစ်လာတယ်။ တခါ စစ်အစိုးရကလည်း တိုင်းပြည်စီးပွားရေးပြဿနာ မကိုင်တွယ်တတ်မှုနဲ့ စစ်ဗိုလ်တွေ အရပ်ဘက် အလွှန်အကျွံဝင်စွက်လာမှုတွေကြောင့် ပြည်သူက ဖိအားပေးလို့ ရွေးကောက်ပွဲတွေ ပြန်ကျင်းပပေးရတယ်။ ဒီမိုကရေစီတလှည့် အာဏာရှင် တလှည့်စီဖြစ်နေတာကိုက ဒီတိုင်းပြည်တွေရဲ့နိုင်ငံရေးစနစ်လို့ ပြောရမလားပဲ။

**ဒုတိယအကြိမ်ကြိုးစားမှုပုံစံ** (second - try pattern)

အာဏာရှင်စနစ်နဲ့တိုင်းပြည်ဟာ ဒီမိုကရေစီဆီကူးပြောင်းလာတယ်။ ဒါပေမယ့် ပြောင်းလာတဲ့ဒီမိုကရက်တစ်စနစ်ဟာ မအောင်မြင်ဘဲကျဆုံးသွားပြန်တယ်။ အကြောင်းကတော့ အဲဒီတိုင်းပြည်မှာ ဒီမိုကရေစီအတွက်လိုအပ်တဲ့ လူမှုအခြေခံတွေမရှိလို့၊ ဒီမိုကရက်တစ်ခေါင်းဆောင်သစ်တွေကလည်း အစွန်းရောက်ပေါ်လစီနဲ့ အယူဝါဒတွေကနေ မကျွတ်နိုင်သေးလို့၊ စီးပွားရေးကပ်နဲ့ စစ်ပွဲတွေကြုံတွေ့ခဲ့ရလို့ စသဖြင့်။ နောက်ဆုံး အာဏာရှင်အစိုးရပဲ အချိန်ကာလတစ်ခုထိ အာဏာပြန်ကိုင်ခဲ့ပါတယ်။

သို့သော် ဒီတိုင်းပြည်တွေက ဒုတိယအကြိမ် ဒီမိုကရေစီစနစ်ရအောင် ပိုကြိုးစားကြတယ်။ အရင်ဒီမိုကရေစီကျင့်သုံးရာမှာ မအောင်မြင်ခဲ့တာတွေကို ခေါင်းဆောင်တွေက သင်ခန်းစာယူကြတယ်။ ဂျာမဏီ၊ အီတလီ၊ ဂျပန်၊ ဩစတြီးယား၊ ကိုလံဘီယာ၊ စပိန်၊ ပေါ်တူဂီ၊ ဂရိ၊ ကိုရီးယား၊ ချက်၊ ပိုလန်တို့ဟာ ဒုတိယလှိုင်းမှာ မအောင်မြင်ခဲ့တာကို သင်ခန်းစာယူပြီး တတိယလှိုင်းမှာ တိုးတက်အောင်မြင်အောင် လုပ်ဆောင်ခဲ့ကြပါတယ်။

**တန့်ရပ်တုံ့ဆိုင်းပုံစံ** (interrupted democracy)

အချို့တိုင်းပြည်တွေဟာ ကာလကြာရှည် ဒီမိုကရေစီတည်ရှိထိန်းသိမ်းပြီးသား ဖြစ်ခဲ့တယ်။ သို့သော် အချိန်တစ်ခုမှာ မတည်ငြိမ်မှု၊ အစွန်းရောက်မှု၊ ဆိုရှယ်လစ်စနစ်စတဲ့ အခြေအနေတွေကြောင့် သူတို့ရဲ့ ရှိနှင့်ပြီးသားဒီမိုကရေစီဟာ တန့်ရပ်ဆိုင်းငံ့သွားခဲ့တယ်။

၁၉၇၀ နှစ်များမှာ အိန္ဒိယနဲ့ဖိလစ်ပိုင်မှာ ဒီမိုကရေစီခေါင်းဆောင်များရဲ့ ညံ့ဖျင်းမှုကြောင့် ကြားပြတ်သွားခဲ့ပါတယ်။ ဥရုဂွေးနဲ့ ချီလီတို့မှာလည်း ရွေးကောက်ခံဒီမိုကရေစီခေါင်းဆောင်များညံ့ဖျင်းမှုကြောင့် စစ်ခေါင်းဆောင်တွေ အာဏာသိမ်းခဲ့တယ်။ ဒါပေမယ့် အဲဒီတိုင်းပြည်များရဲ့ရှည်လျားတဲ့ ဒီမိုကရေစီအတွေ့အကြုံများကြောင့် အာဏာရှင် တိမ်းညွတ်ချင်သူတွေက ဒီမိုကရေစီကျင့်သုံးမှုတွေကို လုံးဝမဖယ်ရှားနိုင်ခဲ့ပါဘူး။

**တိုက်ရိုက်ကူးပြောင်းမှု** (direct transition)

တည်ငြိမ်နေတဲ့ အာဏာရှင်စနစ်တစ်ခုကနေ တည်ငြိမ်တဲ့ဒီမိုကရေစီစနစ်ဆီ ရုတ်တရက်ကူးပြောင်းသွားခြင်းမျိုးပါပဲ။ ဒီဖြစ်စဉ်မှာ အာဏာရှင်စနစ်ကို ဒီမိုကရေစီစနစ်က ရုတ်တရက်အစားထိုးယူနိုင်ခြင်းနဲ့ အာဏာရှင်စနစ်အောက်မှာ ပုံမှန်ဆင့်ကဲတိုးတက်နေမှုတွေ ရှိပါတယ်။ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ထိုင်ဝမ်၊ မက္ကစီကို၊ ဂွါတီမာလာ၊ အယ်လ်ဆာဗေးဒိုး၊ ဟွန်ဒူးရပ်နဲ့ နီကာရာဂွါတို့ဟာ ဒီပုံစံနဲ့အနီးစပ်ဆုံးပါပဲ။

**ကိုလိုနီပယ်ဖျက်ရေးပုံစံ** (decolonization pattern)

ဒီမိုကရေစီနိုင်ငံကြီးတခုက သူရဲ့ကိုလိုနီတိုင်းပြည်တွေကို ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေ ချမှတ်ကျင့်သုံးစေတယ်။ ကိုလိုနီတိုင်းပြည်လေးက လွတ်လပ်ရေးလည်းရလာရော ဟိုးအရင်က လွတ်လပ်ရေးရတဲ့နိုင်ငံများနဲ့မတူဘဲ၊ သူတို့မှာရှိထားတဲ့ ဒီမိုကရက်တစ်အင်စတီကျူးရှင်း အလေ့အထကောင်းတွေကို ထိန်းသိမ်းကြတယ်။ ပါပူဝါနယူးဂီနီဟာ အဲဒီနိုင်ငံမျိုးဖြစ်တယ်။ ဒိုမီနီကန်၊ စိန့်ဗင်းဆင့်၊ ဆော်လမွန်ကျွန်း၊ တူဗလူး စတဲ့ နိုင်ငံငယ်လေးများဟာ ဗြိတိသျှအင်ပါယာရဲ့ အမွေကောင်းများကို လက်ခံထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။

အခုဖော်ပြခဲ့တဲ့ပုံစံမျိုးကို သင်္ကေတနဲ့ကိုယ်စားပြုပြီး ပုံဖော်ကြည့်ပါမယ်။ ‘A’ က ကာလတာရှည်တဲ့ အာဏာရှင်စနစ်၊ ‘D’ က တည်ငြိမ်တာရှည်တဲ့ ဒီမိုကရေစီ၊ ‘a’ က ကာလတို အာဏာရှင်စနစ်၊ ‘d’ က သက်တမ်းတို မတည်ငြိမ်ဒီမိုကရေစီ ဒီသင်္ကေတများနဲ့ ဒီမိုကရေစီဖွံ့ဖြိုးမှုပုံစံ (၅)မျိုးကို ပုံဖော်ချကြည့်နိုင်ပါတယ်။

(၁) သံသရာလည် cyclical

a ——— d ——— a——— d——— a——— d

(၂) ဒုတိယအကြိမ်ကြိုးစားမှု second - type

A ——— d ——— a ——— D

(၃) ဆိုင်းငံ့ဒီမိုကရေစီ interrupted democracy

A——— D——— a——— D

(၄) တိုက်ရိုက်ကူးပြောင်းမှု direct transition

A —— D

(၅) ကိုလိုနီဖျက်သိမ်းမှု decolonization

D/a —— D

တတိယလှိုင်းမှာ ဒီမိုကရေစီကူးပြောင်းခဲ့တဲ့ နိုင်ငံအားလုံးမှာ အဲဒီပုံစံ (၅)ခုက သိုင်းဝိုင်းပါဝင်နေတယ်။ ၁၉၇၄ နဲ့ ၁၉၉၀ အကြား ဒီမိုကရေစီ ကူးပြောင်းခဲ့တဲ့နိုင်ငံ (၃၉)နိုင်ငံ အနက် (၂၃)နိုင်ငံဟာ ယခင် ဒီမိုကရေစီအတွေ့အကြုံရှိပြီးသားများ ဖြစ်ပါတယ်။ ယခင် ကူးပြောင်းတုန်းက မအောင်မြင်ခဲ့တဲ့အတွေ့အကြုံကို ပြန်လည်သင်ခန်းစာယူခဲ့ကြပါတယ်။ နောက်ကူးပြောင်းခဲ့တဲ့ နိုင်ငံတွေရဲ့အတွင်းပိုင်းမှာ အပြိုင်ဖွံ့ဖြိုးမှုတွေရှိခဲ့ပါတယ်။ ဒီအချက်များက ဒီမိုကရေစီကူးပြောင်းခဲ့တဲ့နိုင်ငံများနဲ့ မကူးပြောင်းတဲ့နိုင်ငံများအကြား ခြားနားချက် ဖြစ်ပါတယ်။

ဒုတိယမေးခွန်း၊ ၁၉၇၀၊ ၁၉၈၀၊ ၁၉၉၀ ပြည့်လွန်နှစ်များကျမှ အစိုးရအပြောင်းအလဲတွေ ဘာကြောင့်ဖြစ်ရသလဲ။ ဒီ့အရင်က ဘာလို့ မဖြစ်သလဲ။ အဓိကအချက်ကတော့ 'ပြည်သူလူထုရဲ့ လွတ်လပ်မှုအာသာဆန္ဒ' ဟာ ပိုပြီးကြီးမားပျံ့နှံ့လာခြင်းကြောင့်ပါပဲ။ ကွန်မြူနစ်၊ ဆိုရှယ်လစ် တပါတီစနစ်များရဲ့ ဖိနှိပ်ချုပ်ချယ်မှုများ၊ အာဏာရှင်ဆန်မှုများ၊ စီးပွားရေးမအောင်မြင်မှုများ၊ လူ့အခွင့်အရေးဆိတ်သုဉ်းမှုများကို ပြည်သူများက အဆုံးစွန် ရွံရှာစိတ်ကုန်လာခြင်းကြောင့် ဖြစ်ပါတယ်။

နောက် အဲဒီဆယ်ခုနှစ်များမှာ အပြောင်းအလဲ (၅)ချက်က တတိယလှိုင်းမှာ ပါဝင်ခဲ့တဲ့တိုင်းပြည်တွေကို တွန်းပို့ပေးပါတယ်။

(၁) ဒီမိုကရက်တစ်တန်ဖိုးတွေကို ကမ္ဘာမှာ ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာပြီး အာဏာရှင်စနစ်တွေမှာ တရားဝင်မှု **(legitimacy)** ပြဿနာကြုံတွေ့လာရပါတယ်။ စီးပွားရေးကျဆင်းမှု၊ ၁၉၇၀ ပြည့်လွန်နှစ်များ ရေနံဈေးရှော့ဖြစ်မှုတွေကြောင့် တရားဝင်မှုလျော့ကျ လာခဲ့ပါတယ်။

(၂) ၁၉၆၀ ပြည့်လွန်များမှာ မကြုံစဖူးတဲ့ ကမ္ဘာ့စီးပွားရေးတိုးတက်မှု ရှိခဲ့ပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားမှု၊ ပညာရေးမြင့်မားမှု၊ တိုင်းပြည်အများစုမှာ မြို့ပြလူလတ်တန်းစား အပြန့်ကျယ်လာမှု။

(၃) ၁၉၆၃–၆၅ မှာ ဒုတိယအကြိမ် ဗာတီကန်ကောင်စီက ကက်သလစ်ဘုရားကျောင်းများရဲ့ အယူအဆနဲ့ ဆောင်ရွက်ချက်တွေမှာ အကြီးအကျယ်အပြောင်း အလဲလုပ်ခဲ့ပါတယ်။ အမျိုးသားဘုရားကျောင်းများမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ပြီး လူမှုရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်မှုတွေကို ထောက်ခံဆောင်ရွက်ပါတယ်။

(၄) ပြည်ပနိုင်ငံများမှာ ပေါ်လစီအပြောင်းအလဲတွေ ရှိခဲ့ပါတယ်။ ၁၉၆၀ ပြည့်လွန်နှောင်းပိုင်းမှာ ဥရောပဘုံအဖွဲ့က အဖွဲ့ဝင်တိုးချဲ့ရေး အယူအဆသစ်စတင်ခဲ့။ အမေရိကန်အစိုးရက ၁၉၇၄ မှာ အခြားတိုင်းပြည်တွေမှာ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေးတိုးမြှင့်လုပ်ဆောင်ဖို့ အဓိကမူဝါဒ အပြောင်းအလဲလုပ်ခဲ့။ ၁၉၈၀ ပြည့်လွန်များမှာ

ဆိုဗီယက်ယူနီယံရဲ့ အင်ပါယာထိန်းထားရေးမူကို ဂေါ်ဘာချော့ဗ်က ပြောင်းလဲပစ်ခဲ့တယ်။

(၅) နှင်းဘောလုံးဖြစ်စဉ် (သို့) ဆန္ဒပြပွဲများရဲ့အကျိုးသက်ရောက်မှု။ သတင်းဆက်သွယ်ရေးတိုးတက်လာမှုကြောင့် နိုင်ငံတနိုင်ငံရဲ့ ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှုဟာ အခြား မထင်မှတ်တဲ့နိုင်ငံတွေဆီ အလျင်အမြန်ကူးဆက်သွားပြီး တတိယလှိုင်းဖြစ်စေဖို့ တွန်းအားပေးခဲ့တယ်။

အထက်ဖော်ပြပါ ဒီမိုကရက်တိုက်ဇေးရှင်းလှိုင်း အကြောင်းတရားများဟာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဒီမိုကရေစီဖော်ဆောင်သူများ (democratizers) အတွက် တစုံတရာလမ်းညွှန်မှုများပါပဲ။ ။

ရည်ညွှန်း - The Third Wave: by Samuel P. Huntington

ဒီမိုကရေစီနိုင်ငံတစ်ခုမှာ လူပွဲတွေက လူချမ်းသာတွေထက် အာဏာပိုရှိလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ လူပွဲဦးရေက ပိုများပြီး၊ လူများစုရဲ့ဆန္ဒက အမိကကျလို့ပါပဲ။

**အရစ္စတိုတယ်လ် (ဘီစီ ၃၈၄–၃၂၂)**
**ဂရိလူမျိုး အတွေးအခေါ်ပညာရှင်**

အတိုက်အခံတွေကို ဘယ်လောက်လွတ်လပ်ခွင့်ပြုလည်းဆိုတာနဲ့ ဒီမိုကရေစီကို တိုင်းတာရမယ်။

**အက်ဘီ ဟော့ဖ်မန်း (၁၉၃၆–၁၉၈၉)**
**အမေရိကန်လူမျိုး လူမှုရေးနှင့်**
**နိုင်ငံရေးတက်ကြွလှုပ်ရှားသူ**

အာဏာရှင်စနစ်ရဲ့ အကောင်းဆုံးလက်နက်က လျှို့ဝှက်ရေးဖြစ်ပေမယ့်၊ ဒီမိုကရေစီရဲ့ အကောင်းဆုံးလက်နက်က ပွင့်လင်းမှုဖြစ်တယ်။

**နိုင်းလ်စ် ဘိုရ် (၁၈၈၅–၁၉၆၂)**
**ဒိန်းမတ်လူမျိုး ရူပဗေဒပညာရှင်၊**
**၁၉၂၂ ခုနှစ် ရူပဗေဒနိုဗယ်လ်ဆုရှင်**

# ဒီမိုကရေစီထိုင်းမှိုင်းမှု နှင့် သရဲမရဲစီးနိုင်ငံများ

## ဂုံမြင့်ကျော်ဘာသာပြန်ဆိုသည်

၁၉၇၄ ခုနှစ်ကစလို့ အခုထိဆိုရင် နိုင်ငံသေးသေးကြီးကြီး စုစုပေါင်း (၉၀)ကျော် ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းခဲ့ကြပါတယ်။ ၂၀ ရာစုအကုန် ၂၁ ရာစု အကူးကိုကြည့်ရင် ကမ္ဘာ့တိုင်းပြည်များအနက် ၆၀ ရာခိုင်နှုန်းက ဒီမိုကရေစီနိုင်ငံများ ဖြစ်လာကြပါတယ်။

၁၉၉၀ နှစ်များမှာ မက္ကစီကိုနဲ့ အင်ဒိုနီးရှားတို့ ဒီမိုကရေစီကူးပြောင်းနိုင်ခဲ့ပြီး ဒီဘက်ရာစု အစပိုင်းမှာပဲ ယူကရိန်းနဲ့ ဂျော်ဂျီယာတို့ သွေးထွက်သံယိုမှုမရှိတဲ့ တော်လှန်ရေးတွေ (Color Revolutions) နဲ့ ဒီမိုကရေစီကူး ပြောင်းနိုင်ခဲ့ကြပါတယ်။ အာရပ်ကမ္ဘာမှာတောင် ဒီမိုကရေစီအရိပ်အယောင်ကို မြင်တွေ့ခဲ့ရပါတယ်။ ၂၀၀၅ ခုနှစ် လက်ဘနွန်ရဲ့ ဒီမိုကရက်တစ် အင်အားစုတွေက ဆီးရီးယားတပ်တွေကို ငြိမ်းချမ်းစွာမောင်းထုတ်နိုင်ခဲ့သလို၊ အီရတ်ပြည်သူတွေလည်း ရာစုဝက်အတွင်း ပထမဆုံး မဲပေးနိုင်ခဲ့ကြပါတယ်။

သို့သော် ဒီမိုကရေစီကူးပြောင်းစ တိုင်းပြည်များရဲ့ အောင်ပွဲဟာ တာရှည်ခံမှု၊ ရင့်ကျက်မှုတွေမရှိဘဲ အခက်အခဲပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ အခုနှစ်တွေအတွင်းမှာ အာဏာရှင်စနစ်ကနေ ပြန်ကြွတဲ့ ဒီမိုကရေစီလှိုင်း နှေးကွေးနေပြီး ကမ္ဘာကြီးဟာ ဒီမိုကရေစီ ဆုတ်ယုတ်ကျဆင်းမှု (Democratic recession) ထဲ လျှောကျသွားနေပါတယ်။

စီးပွားရေး ယာယီထိုင်းမှိုင်းကျဆင်းမှုကို ရီဆက်ရှင်းလို့ ဘောဂဗေဒမှာ သုံးနှုန်းပါတယ်။ အခုက စီးပွားရေးရီဆက်ရှင်း ဝင်လာသလို၊ ဒီမိုကရေစီ ရီဆက်ရှင်းလည်း ပြန်ဖြစ်နေတဲ့ကာလပါ။ နိုက်ဂျီးရီးယား၊ ရုရှား၊ ထိုင်း၊ ဗင်နီဇွဲလား၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဖိလစ်ပိုင်တို့မှာ ဒီမိုကရေစီဟာ တည်ငြိမ်ရင့်ကျက်မှု မရနိုင်သေးဘဲ၊ အခက်အခဲပေါင်းစုံ ရင်ဆိုင်နေရပြန်ပါတယ်။

၂၀၀၇ ဒီဇင်ဘာမှာ ကင်ညာနိုင်ငံရဲ့ ရွေးကောက်ပွဲမဲလိမ်မှုက အကြမ်းဖက်မှုတွေ အထိဖြစ်ခဲ့တယ်။ ချီလီ၊ ဂါနာ၊ ပိုလန်နဲ့ တောင် အာဖရိကစတဲ့ ဒီမိုကရေစီချန်ပီယံတွေမှာတောင် စီမံအုပ်ချုပ်ရေး (Governance) အခက်အခဲပေါင်းများစွာရှိနေပြီး၊ ပြည်သူလူထုရဲ့ အစာမကျေမှုတွေ ကြုံတွေ့နေပါတယ်။ တောင်အာရှက ဒီမိုကရေစီအိန္ဒိယနိုင်ငံရဲ့ ဘေးပတ်ပတ်လည်မှာ ဒီမိုကရေစီမဟုတ်တဲ့နိုင်ငံတွေ ဝိုင်းပတ်ထားပါတယ်။ အာရပ်ကမ္ဘာမှာလည်း ဘာသာရေးအစွန်းရောက်မှုနဲ့ အကြမ်းဖက်မှုတွေကြောင့် ဒီမိုကရေစီတိုးတက်မှုဟာ မှုန်ရီဝေဝိုးတဝါး ဖြစ်နေပါတယ်။

ဒီမိုကရေစီဟာ နောက်ထပ် ဆက်မပြန့်ကျက်နိုင်သေးခင် အရင်ဆုံးရှိနှင့်ပြီးသား နိုင်ငံတွေမှာ နက်နက်ရှိုင်းရှိုင်း စွဲမြဲအခြေကျဖို့ လိုအပ်နေပါတယ်။ တိုးတက်ပေါ်ထွက်လာတဲ့ ဒီမိုကရေစီနိုင်ငံတွေက သူတို့ရဲ့အုပ်ချုပ်ရေးပြဿနာကို သူတို့ဘာသာဖြေရှင်းနိုင်တယ်ဆိုတာ

ပြသရမယ်။ သူတို့နိုင်ငံသားတွေကို လွတ်လပ်မှု၊ တရားမျှတမှု၊ ကောင်းမွန်တဲ့ဘဝနဲ့ သပ္ပာယမျှတဲ့ လူ့အဖွဲ့အစည်းတွေဖြစ်အောင် ဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်တယ်ဆိုတာ ပြရမယ်။

ဒီမိုကရေစီနိုင်ငံများဟာ ရာဇဝတ်မှုနဲ့ အဂတိလိုက်စားမှုကို ထိထိရောက်ရောက် မထိန်းချုပ်နိုင်ရင်၊ စီးပွားရေးတိုးတက်အောင် မလုပ်ဆောင်နိုင်ရင်၊ ဆင်းရဲချမ်းသာမညီမျှမှုတွေ လျှော့ချမပေးနိုင်ရင်၊ လွတ်လပ်မှုနဲ့ ဥပဒေစိုးမိုးမှုရရှိအောင်မလုပ်နိုင်ရင် နောက်ဆုံးကျ လူထုဟာ ဒီမိုကရေစီကိုအယုံအကြည်မဲ့လာပြီး အာဏာရှင်လမ်းကြောင်းပေါ် ပြန်တက်ဖို့ ဦးလှည့်မှာပဲဖြစ်ပါတယ်။

## အပေါ်ယံဗန်းပြမှုကို ကျော်လွန်၍

အနောက်က ပေါ်လစီရေးဆွဲသူများက ကမ္ဘာအနှံ့ဒီမိုကရေစီထိုင်းမှိုင်းမှု ရီဆက်ရှင်း ဖြစ်လာနေတာကို သတိပြုမိဟန်မတူပါဘူး။ ရုရှားနဲ့ နိုက်ဂျီးယားလို မဟာဗျူဟာကျ နိုင်ငံကြီးတွေမှာ ဒီမိုကရေစီဟာ ဘက်ပြန်နေပါတယ်။ အစိုးရရဲ့ အာဏာလက်တံ ချဲ့ကားလွန်းပြီး အတိုက်အခံနဲ့ မီဒီယာတွေကို ခြိမ်းခြောက်မှုတွေရှိလာပါတယ်။ တဖက်သတ်ကျတဲ့ ရွေးကောက်ပွဲတွေက အခြေခံဒီမိုကရေစီ လုပ်ထုံးတွေကို ကွယ်ပျောက်စေပါတယ်။ ဗင်နီဇွဲလားမှာ ဟူဂိုချာဗက်က အခြေခံဥပဒေမှာ အစိုးရအာဏာ အကန့်အသတ်မဲ့ အသုံးပြုနိုင်ရေး ပြန်တင်ပါတယ်။

ရွေးကောက်ပွဲစနစ်မှာလည်း အားနည်းချက်နဲ့ မှားယွင်းမှုတွေရှိနေပါတယ်။ အနောက်နိုင်ငံခေါင်းဆောင်တွေ (အထူးသဖြင့် ဥရောပ) က အတုအယောင်ရွေးကောက်ပွဲတွေနဲ့ တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲတွေကို ကောင်းချီးသြဘာပေးပြီး၊ ဒီမိုကရေစီသိက္ခာ အဆင့်အတန်းမရှိမှုကို ဝေဖန်ဖို့တော့ လက်တွန့်နေပါတယ်။

ဖွံ့ဖြိုးဆဲနဲ့ ယခင် ကွန်မြူနစ်နိုင်ငံဟောင်းတွေမှာဆိုရင် ဒီမိုကရေစီဟာ အပေါ်ယံဗန်းပြ လူကြားကောင်းရုံသက်သက်ဖြစ်ပြီး၊ ညံ့ဖျင်းတဲ့ စီမံအုပ်ချုပ်မှုပုံစံ (Bad Governance) မျိုးစုံနဲ့ တင်းကြမ်းပြည့်နေပါတယ်။ အာဏာအလွဲသုံးလွန်းတဲ့ ရဲဌာနနဲ့ ထောက်လှမ်းရေးတွေ၊ လက်ဝါးကြီးအုပ် အခွင့်ထူးခံစီးပွားရေးသမားတွေ၊ ကျွမ်းကျင်မှုမရှိတဲ့ ဗျူရိုကရေစီ ကြိုးနီစနစ်တွေ၊ ငွေများတရားနိုင်ရုံးတော်နဲ့ တရားသူကြီးတွေ၊ မိမိအသိုင်းအဝိုင်းနဲ့ မိသားစုအကျိုးစီးပွားကလွဲပြီး နိုင်ငံသားတို့တာဝန် ဘာမှမယူတဲ့ခေါင်းဆောင်နဲ့ အရာရှိတွေက အစိုးရအုပ်ချုပ်ရေးယန္တရားမှာ ကြီးစိုးထားပါတယ်။

အဲဒီ နိုင်ငံတွေမှာ ဆင်းရဲတဲ့အောက်ခြေလူထုအဖို့ 'နိုင်ငံသား' (Citizen) ဆိုတာ အမည်နာမမျှသာပဲ။ နိုင်ငံရေးပါဝင်ဆောင်ရွက်နိုင်မှု လမ်းကြောင်းက ရှားပါးပြီး ပြောရေးဆိုခွင့် ဘာမှမရှိပါ။ နိုင်ငံသားတွေဟာ ကိုယ့်ပြဿနာကိုယ်ရှင်းပြီး ကိုယ့်တာဝန်ကိုယ်ယူ။ ရွေးကောက်ပွဲတော့ ကျင်းပပါရဲ့။ မဲဝယ်၊ မဲလိမ်၊ မဲဝယ်နေကျ ဖောက်သည်ပါတီတွေပဲ အမြဲအနိုင်ရ။ ပါလီမန်တော့ရှိပေမယ့် မဲဆန္ဒနယ်အားလုံးကို ကိုယ်စားပြုတာမဟုတ်။ အခြေခံဥပဒေတွေတော့ စာရွက်ပေါ်မှာ ဥပဒေစကားလုံးခန့်ခန့်တွေနဲ့ရေးထားပါရဲ့ အသက်ဝင်မှုကမရှိ။

အကျိုးဆက်က ယောင်ယောင်မှားမှား မဲထည့်တဲ့လူထုဟာ ခပ်မာမာ ခပ်ကြမ်းကြမ်း သမတပုတင်လို အာဏာရှင်ဆီ ပြန်လည်သွားတတ်ပါတယ်။ ဗင်နီဇွဲလားက အပြော

ကောင်းတဲ့ ဟူဂိုချဗတ်ဆီ တိမ်းညွှတ်သွားပါတယ်။ ထိုင်းနိုင်ငံမှာ ကျေးလက်မဲဆန္ဒရှင်တွေက သက်ဆင်လို အာဏာရှင်တစ်ပိုင်း စီးပွားရေးလုပ်ငန်းရှင်တစ်ပိုင်းကိုပဲ တမ်းတမ်းတတဖြစ်နေပါတယ်။

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတွေမှာ ယေဘူယျကျတဲ့ စိန်ခေါ်မှုတွေရှိနေပါတယ်။ **ဒီမိုကရေစီယန္တရား ကြာရှည်မြဲမြံဖို့ဆိုရင် အစိုးရများဟာ ပြည်သူလူထုရဲ့အသံကို နားထောင်ပေးရမယ်။ လူထုရဲ့ပူးပေါင်းပါဝင်မှုကို အမြဲထိတွေ့ရယူနေရမယ်။ လူထုရဲ့ရပိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေကို အကာအကွယ်ပေးရမယ်။** လူထုရဲ့လိုအပ်ချက်တွေကို တာဝန်ယူဖြည့်ဆည်းပေးရပါမယ်။

နိုင်ငံတနိုင်ငံ ဒီမိုကရေစီဖြစ်ဖို့ဆိုရင် ရွေးကောက်ပွဲပုံမှန်ကျင်းပရုံနဲ့ မပြီးပါဘူး။ လွတ်လပ်စွာစည်းရုံးနိုင်ခွင့်၊ လှုံ့ဆော်ခွင့်၊ ပြိုင်ဆိုင်နိုင်ခွင့်တွေ ပေးထားဖို့လိုပါတယ်။ တရားမျှတပြီး သမာသမတ်ကျကျ ရွေးကောက်ပွဲကော်မရှင်မျိုး ရှိရမယ်။ မဲရလဒ် အငြင်းပွားမှုမျိုးကို သမာဓိရှိရှိ ဖြေရှင်းပေးနိုင်ရမယ်။ မီဒီယာတွေရဲ့ တန်ပြန်သတင်းထောက် ကြည့်ရှုခွင့်တွေ ပေးထားရမယ်။ ရွေးကောက်ပွဲလုပ်ငန်းတွေအပေါ် လွတ်လပ်စွာစောင့်ကြည့်ရေးအဖွဲ့တွေအတွက် တံခါးဖွင့်ပေးထားရပါမယ်။ သို့သော် ၂၀၀၇ နဲ့ ၂၀၀၈ ခုနှစ်အတွင်း ဒီမိုကရေစီနိုင်ငံများမှာ အဲဒီစံနှုန်းတွေကျဆင်းလာတာကို စစ်တမ်းတွေက ဖော်ပြနေပါတယ်။

အခြားနိုင်ငံတွေမှာမပြောနဲ့ ဒီမိုကရေစီနိုင်ငံတွေမှာတောင် နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေနဲ့ အစိုးရအရာရှိတွေအပေါ် ယုံကြည်မှုကွယ်ပျောက်ကုန်ပါတယ်။ အဓိကအချက်ကတော့ ပြည်သူ့အကျိုးထက် သူတို့အကျိုးပဲ ရှေ့ရှုကြလွန်းလို့ ဖြစ်ပါတယ်။

ရွေးကောက်ပွဲ မဲလိမ်ညစ်မှုများနဲ့ တတိုင်းပြည်လုံးခြစားနေတဲ့ လာဘ်ပေးလာဘ်ယူမှုများက ရရှိနှင့်ပြီးသား ဒီမိုကရေစီတန်ဖိုးတွေကို ဖျက်ဆီးပစ်ပါတယ်။ တကယ်လို့ နိုက်ဂျီးရီးယားသာ စစ်အာဏာရှင်စနစ်ဆီပြန်သွားပြီး နိုင်ငံရေးကသောင်းကနင်းတွေဖြစ်ခဲ့ရင် အာဖရိကတခုလုံးရဲ့ ဒီမိုကရက်တစ်မျှော်လင့်ချက်တွေ လွင့်ပျောက်သွားစေနိုင်တယ်။ အာဖရိကတိုက်ဟာ ဒီမိုကရေစီလက်တွေ့မကျဘဲ၊ တဝက်တပျက် ဒီမိုကရေစီဖြစ်နေရင်၊ အာဖရိကတိုင်းပြည်တွေဟာ ဘယ်တော့မှအာဏာရှင်စနစ်က လွတ်တော့မှာမဟုတ်ဘူး။ ဒီတော့ အာဖရိကတိုက်မှာ ဒီမိုကရေစီအောင်မြင်စွာကျင့်သုံးပြတဲ့ စံပြနိုင်ငံမျိုး ရှိကိုရှိနေရလိမ့်မယ်။

## သရဲမရဲစီးနိုင်ငံ

စီးပွားရေးတိုးတက်မှု (သို့) လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ဟာ ဒီမိုကရေစီဖွံ့ဖြိုးဖို့ အခြေခံကောင်းတွေ ဖန်တီးပေးတယ်လို့ မကြာခဏ ပြောကြပါတယ်။ သေချာပါတယ်။ ဒီမိုကရေစီရရှိဖို့က အတိုင်းအတာတစ်ခုအထိ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ဈေးကွက်တံခါးဖွင့်မှုအပေါ် တည်မှီနေပါတယ်။

သို့သော် ကမ္ဘာ့ဆင်းရဲတဲ့ တိုင်းပြည်အများစုမှာ 'စီးပွားရေးသည် ပထမ' ဆောင်ပုဒ်ချက်ဟာ ပြဿနာနဲ့ နောက်ဘက်ပြန်သွားတာတွေရှိလာပါတယ်။ စီမံအုပ်ချုပ်မှု (Governance) ထူးထူးခြားခြား တိုးတက်မှုမရှိရင်၊ စီးပွားရေးတိုးတက်မှုဟာ ဘယ်မှမရောက်သလို၊ ရေရှည်ထိန်းမထားနိုင်ပါဘူး။ အဂတိလိုက်စားမှုကို ထိန်းချုပ်ဖို့နဲ့ လူလိမ်လူညာတွေကို

အပြစ်ပေးအရေးယူဖို့ တရားရေးနဲ့ နိုင်ငံရေးအင်စတီကျူးရှင်းကောင်းတွေမရှိရင် စီးပွားရေးတိုးတက်မှုဖော်ဆောင်တဲ့ ပေါ်လစီတွေဟာ ထိရောက်မှာမဟုတ်သလို၊ အကျိုးအမြတ်တွေဟာလည်း အဟောသိကံ ဖြစ်ကုန်ပါလိမ့်မယ်။

ဒီကိစ္စမှာ ကင်ညာနိုင်ငံက ဥပမာကောင်းပါပဲ။ လွန်ခဲ့တဲ့ငါးနှစ် သမတကီဘာကီရဲ့ခေါင်းဆောင်မှုအောက်မှာ ကင်ညာဟာ ပထမဆုံးအကြိမ် စီးပွားရေးတိုးတက်အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ နှစ်စဉ် ၅ ရာခိုင်နှုန်း ပုံမှန်တိုးတက်မှုတွေရှိခဲ့ပြီး အခြေခံပညာ အခမဲ့သင်ယူနိုင်ခွင့်တွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ သို့သော် ၂၀၀၇ ဒီဇင်ဘာ သမတရွေးကောက်ပွဲမှာ မဲလိမ်မှုတွေ ရှိတယ်လို့ စွပ်စွဲတာတွေထွက်လာပြီးနောက် လူမျိုးစုအကြမ်းဖက် ဒေါသူပုန်ထမှုတွေကနေ စီးပွားရေးပျက်ပြားမှုတွေ ဖြစ်စေခဲ့ပါတယ်။

သမတကီဘာကီဟာ စီးပွားရေးမျက်နှာစာမှာ ဆောင်ရွက်မှုမညံ့သလို၊ ပြည်တွင်းဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ထုနဲ့ထည်နဲ့လိုက်စားနေတဲ့ အကျင့်ပျက်မှုတွေ၊ မျိုးနွယ်စုဘက်လိုက်မျက်နှာသာပေးမှုတွေ၊ ရွေးကောက်ပွဲမသမာမှုတွေကို နိုင်ငံရေးနည်းလမ်းတကျ ကိုင်တွယ်ဖို့ ပျက်ကွက်ခဲ့ပါတယ်။ အဲဒီ အဆိပ်တက်နေတဲ့ အရှုပ်အထွေးတွေကပဲ ကင်ညာရဲ့ နုနယ်တဲ့ ဒီမိုကရေစီသစ်ကို ကသမ်းကရမ်းအခြေစိုက်အောင် တွန်းပို့ပစ်ပါတယ်။

ရှေ့လာမယ့် ဆယ်စုနှစ်တွေမှာ ဒီမိုကရေစီရဲ့ကံကြမ္မာကို ကမ္ဘာ့ကျန်ရှိနေတဲ့ အာဏာရှင်တွေရဲ့ ဆက်ချဲ့ကားမှုမျိုးက မဆုံးဖြတ်နိုင်ပါဘူး။ ကင်ညာလို ဘေးမကင်းတဲ့ မတည်မငြိမ် ဒီမိုကရေစီ (at-risk democracy) မျိုးတွေက ကမ္ဘာ့ဒီမိုကရေစီအနာဂတ်ကို အဆုံးအဖြတ် ပေးပါလိမ့်မယ်။ အဲဒီလို ကသမ်းကရမ်း ဒီမိုကရေစီစာရင်းမှာ နိုင်ငံ(၅၀)ကျော်လောက် ပါဝင်နေပါတယ်။

အများစုက လက်တင်အမေရိကနဲ့ ကရစ်ဘီယံ၊ အာရှဒီမိုကရေစီ ရှစ်နိုင်ငံထဲက လေးနိုင်ငံ၊ ဥရောပယူနီယံထဲ မပါဝင်သေးတဲ့ ဆိုဗီယက်လွန် ဒီမိုကရေစီနိုင်ငံအားလုံးနဲ့ အာဖရိကဒီမိုကရေစီနိုင်ငံ အကုန်လုံးပါပဲ။ နောက်ဆယ်စုနှစ်ရဲ့ အဓိကလုပ်ငန်းကတော့ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီကြံ့ခိုင်အောင် ကျားကန်ပေးဖို့ပါပဲ။

**ညံ့ဖျင်းတဲ့ အုပ်ချုပ်ရေးစနစ် (Poor Governance) တွေက ဘေးမကင်းတဲ့ ကသမ်းကရမ်း ဒီမိုကရေစီတွေ ဖောင်းပွပြန့်နှံ့စေပါတယ်။** အဲဒီနိုင်ငံတွေဟာ အကျင့်ပျက်ခြစားမှုနဲ့ ဥပဒေအလွဲသုံးအုပ်ချုပ်မှုပုံစံတွေမှာ ချောင်ပိတ်မိနေပါတယ်။ ညံ့ဖျင်းတဲ့အုပ်ချုပ်မှုပုံစံတွေကိုက သူတို့နိုင်ငံတွေရဲ့ ပင်ကိုယ်စရိုက်၊ သဘာဝအခြေအနေတွေပဲလို့တောင် ပညာရှင်အချို့က ရပ်ခံလာတယ်။

အဲဒီနိုင်ငံတွေမှာ နှစ်ထောင်နဲ့ချီပြီး လူ့မလိုင်အုပ်စုတွေကပဲ အာဏာကိုလက်ဝါးကြီးအုပ်ထားတဲ့အလေ့အထ သဘာဝရှိခဲ့ပါတယ်။ ပွင့်လင်းမြင်သာတဲ့ ဥပဒေတွေ၊ အားကောင်းတဲ့ အင်စတီကျူးရှင်းတွေနဲ့ ဈေးကွက်ပြိုင်ဆိုင်မှုတွေကို ဖွံ့ဖြိုးအောင်လုပ်ပြီး အာဏာကိုခွဲဝေကန့်သတ်ဖို့ မစွမ်းနိုင်ခဲ့ကြပါဘူး။ လူ့မလိုင်အုပ်စုတွေက သူတို့အာဏာကို ကျစ်ကျစ်ဆုပ်ကိုင်ပြီး လူ့အဖွဲ့အစည်းအကျိုးထက် သူတို့ကိုယ်ကျိုးစီးပွားအတွက် ဈေးကွက်ပြိုင်ဆိုင်မှုကို ကန့်သတ်ပိတ်ပင်ထားတတ်ကြပါတယ်။ ရလဒ်ကတော့ ခေါင်းပုံဖြတ်အမြတ်ကြီးစားသရဲမရဲစီးနိုင်ငံ (Predatory State) များ ဖြစ်လာပါတော့တယ်။

# အမြီးကျက်အမြီးစား သားရဲလူ့အဖွဲ့အစည်း

ဒီလို နိုင်ငံမျိုးတွေမှာ လူ့မလိုင်တွေရဲ့အပြုအမူက အခွင့်အလမ်းအမြဲချောင်းနေပြီး သံသယစိတ်ကကြီးလွန်းပါတယ်။ အပြိုင်အဆိုင် ရွေးကောက်ပွဲတွေရှိရင်လဲ ကိုယ်နိုင်သူရှုံး အပြတ်ဆော် သွေးထွက်သံယိုပွဲတွေ ဖြစ်လာပါတယ်။ သာမန်ပြည်သူတွေက တကယ့်စစ်မှန်တဲ့ နိုင်ငံသားအဆင့်မရရှိဘဲ၊ ဒေသခံအကြီးအကဲ ဆရာကြီးများရဲ့ မဲဝယ်ခံဖောက်သည်တွေပါပဲ။ ဒေသခံဆရာကြီးများကိုလည်း သူတို့အထက်အာဏာရှိ ဆရာ့ဆရာကြီးများက ပြန်ဝယ်နေကြတာပဲ ဖြစ်ပါတယ်။

အာဏာနဲ့အဆင့်အတန်း တဘက်စောင်းနင်းမညီမျှမှုတွေက အထက်အောက် မှီခိုမှု ကွင်းဆက်တွေ၊ လက်သပ်မွေးမှုတွေ၊ ဖိနှိပ်မှုတွေ ဖြစ်လာစေပါတယ်။ အပြောအဟောကောင်းသူ အာဏာနေရာရလာပြီး လူမျိုးစွဲ မာနအာဃာတတွေကို ကြီးထွားလာစေပါတယ်။ အများပြည်သူအတွက် ဆောင်ရွက်တဲ့မူဝါဒတွေ အစီအစဉ်တွေဟာ ဘာမှအရာမရောက်ပါဘူး။ အကြောင်းကတော့ အုပ်ချုပ်သူတွေမှာ ဒါတွေကို တကယ်တမ်း ထိထိရောက်ရောက် အောင်မြင်အောင် အကောင်အထည်ဖော်လိုစိတ် မရှိလို့ပါပဲ။

အရာရှိတွေက နိုင်ငံပေါ်ကနေ အမြတ်ထုတ်ကြပြီး အာဏာအရှိဆုံးသူတွေက အားနည်းတဲ့ လူထုအပေါ် နိုင်စားပါတယ်။ ဒီအစိုးရရဲ့ ရည်ရွယ်ချက်က လမ်းတွေ တံတားတွေ၊ ဆေးရုံတွေ၊ ဆေးခန်းနဲ့ ရေဆိုးမြောင်းစနစ်စတဲ့ အများပြည်သူ့အကျိုး (Public goods) လုပ်ဆောင်ဖို့ မဟုတ်ဘူး။ အရာရှိတွေက သူတို့မိသားစုနဲ့ မိတ်ရင်းဆွေသဟာ ကောင်းကျိုးတွေ အတွက်သာ ဖြစ်နေပါတယ်။

အဂတိလိုက်စားမှုဟာ နေ့စဉ်စံနှုန်းတခုလို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီး နိုင်ငံရေး ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို အထက်က ကိုင်ထားပါတယ်။ လူထုနဲ့အုပ်ချုပ်သူအကြား ထိတွေ့နိုင်မှုက ကျုံ့လှီပြီး အပေးအယူကတိကဝတ်ပြုနိုင်မှုက ရှားပါးပါတယ်။ လူတိုင်းဟာ ခေါင်းပုံဖြတ်ခံထားရသမို့ မပျော်မရွှင်နဲ့ စွမ်းရည်မဲ့နေသလိုပါပဲ။

နိုင်ရာစား ဘေးမကင်းတဲ့နိုင်ငံတွေဟာ ဒီမိုကရေစီကို မထိန်းနိုင်သေးပါဘူး။ ဒီမိုကရေစီရေရှည်ထိန်းနိုင်ဖို့ဆိုတာ အခြေခံဥပဒေ၊ အပြန်အလှန် အပေးအယူညှိယူနိုင်မှု (Compromise) နဲ့ ဥပဒေလေးစားမှုတို့ လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်မှုကိုလည်း ဒီနိုင်ငံတွေမှာ ရေရှည် မထိန်းထားနိုင်ပါဘူး။ ထုတ်ကုန်လုပ်ငန်းဆောင်ရွက်မှုတွေမှာ လိုအပ်မယ့် အရင်းအတွက် ရင်းနှီးမြှုပ်နှံသူငွေရှင်ကြေးရှင်တွေကို မဆွဲဆောင်နိုင်လို့ပဲ ဖြစ်ပါတယ်။

ကမ်းကုန်အောင် ဆိုးသွမ်းတဲ့ ဘေးမကင်းတဲ့နိုင်ငံတွေက နိုင်ရာစား ဘီလူးသဘက်လူ့အဖွဲ့အစည်းတွေ (Predatory States) ဖြစ်ပေါ်စေပါတယ်။ **ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှု၊ ရိုးသားစွာ စွန့်စားလုပ်ကိုင်မှုတွေကြောင့် လူတွေ မချမ်းသာပါဘူး။ အာဏာနဲ့အခွင့်ထူးကို ခြယ်လှယ်ကစားလို့၊ နိုင်ငံတော်ဆီက ခိုးဝှက်လို့၊ အားနည်းသူတွေဆီက ခေါင်းပုံဖြတ် အမြတ်ကြီးစားလို့၊ ဥပဒေကိုမလိုမ့်တပတ်လုပ်လို့ စတာတွေကြောင့် ချမ်းသာလာကြပါတယ်။**

အဲဒီ့ အမြီးကျက် အမြီးစား သရဲမရဲစီး လူ့အဖွဲ့အစည်းတွေမှာ နိုင်ငံရေးလုပ်သူတွေဟာ အာဏာနဲ့နေကိုသာရဖို့ဆိုရင် ဘယ်လိုအောက်လမ်းနည်း သုံးရ သုံးရ၊ ဘယ်ဥပဒေ ချိုးဖောက်ရ ချိုးဖောက်ရ ဝန်မလေးပါဘူး။ နိုင်ငံရေးသမားတွေက ရွေးကောက်ပွဲကော်မရှင်ကို

လာဘ်ထိုးတယ်၊ အတိုက်အခံတွေ လှုပ်ရှားစည်းရုံးမရအောင် တိုက်ခိုက်တယ်။ ပြိုင်ဘက်လောင်းကို လုပ်ကြံသတ်ဖြတ်တယ်။ သမတများဟာ အတိုက်အခံတွေကို ခြိမ်းခြောက်နှုတ်ပိတ်ဖို့ ကြိုးစားတယ်။ ထောင်ချ၊ တကျွန်းပို့၊ ရုံးတင်၊ လိုအပ်ရင် သတ်ပစ်တဲ့အထိပါပဲ။

အစိုးရဝန်ကြီးတွေဟာ ပြည်သူ့လုပ်ငန်းတွေအကြောင်းပြပြီး ငွေနှိုက်ဖို့ပဲ တချိန်လုံးကြံစည်နေပါတယ်။ စစ်တပ်အရာရှိများက သူတို့ ခိုးဝှက်ထားတာတွေ ကာကွယ်နိုင်အောင် လက်နက်စုဆောင်းပါတယ်။ ဒီလို လူ့အဖွဲ့အစည်းတွေမှာ ရဲနဲ့ရာဇဝတ်သားကြား လမ်းကြောင်းတွေရှိပြီး နှစ်ဦးစလုံးက မထူးမခြားနားပါပဲ။ ရဲဌာနဟာ ဥပဒေအသက်ဝင်အောင် မလုပ်နိုင်သလို၊ တရားသူကြီးတွေက ဥပဒေအတိုင်း မဆုံးဖြတ်နိုင်ပါဘူး။ အခွန်အရာရှိက ဘဏ္ဍာငွေကို အိပ်ထောင်ထဲထည့်ပြီး ကုန်ထုတ်လုပ်သူက တကယ့်အရည်အသွေးမှီ ထုတ်ကုန်မထုတ်နိုင်ပါဘူး။ ဘဏ်လုပ်ငန်းရှင်က ငွေမရင်းနိုင်သလို၊ ချေးသူက ပြန်မဆပ်နိုင်ပါဘူး။ လမ်းကြောင်းတိုင်းဟာ အခွင့်အရေးသမားတွေ အပွကြံဖို့ ဖွင့်ထားပေးသလိုပါပဲ။

အမှန်တော့ ရေရှည်တည်တံ့နိုင်မယ့် ဒီမိုကရေစီနဲ့ဖွံ့ဖြိုးမှုမှာ တက်ကြွအသက်ဝင်မယ့် 'နိုင်ငံသားရပ်ဝန်း' (Civic Communities) တွေ လိုအပ်ပါတယ်။ ဆိုလိုတာက နိုင်ငံသားတွေဟာ တဦးကိုတဦး ယုံကြည်မှုနဲ့ အပြန်အလှန် နိုင်ငံရေးအရ တန်းတူရည်တူ ရှိဖို့လိုပါတယ်။ ရေရှည်တည်တံ့မယ့် ဒီမိုကရေစီမှာ ဘက်လိုက်မှုကင်းတဲ့ တရားရေးစနစ်၊ လွတ်လပ်တဲ့ စာရင်းကိုင်အဖွဲ့ စတဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုကောင်းဆိုင်ရာ အင်စတီကျူးရှင်းတွေ အသက်ဝင်ပြီး၊ နိုင်ငံသားအပြုအမူတွေကို တိုးတက်စေရပါမယ်။

အကျင့်ပျက်ခြစားမှုရှိတဲ့အုပ်ချုပ်ရေးနဲ့ အာဏာအလွဲသုံးမှုတွေကို ဥပဒေစိုးမိုးမှုနဲ့ (ယဉ်ကျေးမှုနဲ့ အင်စတီကျူးရှင်း နှစ်ခုစလုံးနဲ့ပါ) ထိန်းချုပ်စည်းနှောင်ထားရပါမယ်။ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) အားကောင်းမောင်းသန် ဖြစ်လာအောင် လုပ်ရပါ မယ်။ ဒီလိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတွေမှာ ပြည်သူတွေက ဥပဒေကို လိုက်နာကြလိမ့်မယ်။ အခွန်တွေ ပေးဆောင်ကြလိမ့်မယ်၊ အများပြည်သူ့လုပ်ငန်းတွေမှာ နိုင်ငံသားစိတ်အပြည့်နဲ့ လုပ်ကိုင်ကြပါလိမ့်မယ်။ ဒီလိုမလုပ်ရင်လည်း သူတို့အပြစ်ပေးခံရမယ်ဆိုတာ သိကြပါတယ်။

## ဘီလူးသဘက်များအောက်က လွတ်မြောက်ရေး

ဒီမိုကရေစီအောင်မြင်ဖို့ဆိုရင် အုပ်စိုးသူတွေရဲ့ သားရဲတိရိစ္ဆာန်အလေ့အထတွေကို အားကောင်းတဲ့ဥပဒေတွေ၊ ဘက်မလိုက်တဲ့ အင်စတီကျူးရှင်းတွေကနေ ထိန်းချုပ်ကန့်သတ်ပေးရပါမယ်။ ပိတ်ဆို့နေတဲ့ သားရဲသဘက် လူ့အဖွဲ့အစည်းတွေကို ဒီမိုကရေစီတံခါးဖွင့်ပေးနိုင်ဖို့ အခြေခံကျတဲ့ တီထွင်ဆန်းသစ်မှုအချို့လုပ်ဖို့ လိုအပ်ပါတယ်။

နိုင်ငံသားတွေက လူ့မလိုင်အလွှာရဲ့ အပေါ်စီးဆန်မှုနဲ့ အာဏာရှင်တို့ရဲ့အုပ်ချုပ်မှုကိုစိန်ခေါ်နိုင်ဖို့ လူမျိုးစုနဲ့ ဒေသကွာဟချက် အသီးသီးကိုဆွဲစေ့ပြီး ချိတ်ဆက်မှုတွေ တည်ဆောက်ကြရပါမယ်။ ဒီ့အတွက် လွတ်လပ်တဲ့ အသင်းအဖွဲ့များ၊ အားကောင်းတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း၊ သတင်းမီဒီယာ၊ ပညာရှင်အစုအဖွဲ့ (Think Tanks) တွေ လိုပါတယ်။ နိုင်ငံသားများရဲ့ နီတိစံနှုန်းတွေထိန်းပေးဖို့၊ ပြည်သူ့အကျိုးဆောင်ရွက်ဖို့၊ နိုင်ငံသားအသိစိတ်မြင့်မားစေဖို့၊ လက်သင့်ရာ 'ပစားပေး' အကျင့်တွေဖျောက်ပစ်ဖို့၊ အစိုးရလုပ်ဆောင်မှုတွေ

စစ်ဆေးဖို့နဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးယန္တရားဖြစ်အောင် ဝိုင်းဝန်းဖို့တွေအတွက် အခြားကွန်ယက်များလည်း လိုအပ်ပါတယ်။

နိုင်ငံများဟာ သရဲသဘက်အုပ်စိုးသူများ မွေ့လျော်တဲ့ အတိုင်းမဲ့ဆုံးဖြတ်လုပ်ဆောင်နိုင်ခွင့်တွေကိုကန့်သတ်ဖို့ ထိရောက်အောင်မြင်တဲ့ အင်စတီကျူးရှင်းတွေ တည်ထောင်ရပါမယ်။ သူတို့ရဲ့ဆုံးဖြတ်မှုတွေကို ပြည်သူအများရှေ့မှာ စစ်ဆေးနိုင်ဖို့ တရားဥပဒေရှေ့မှောက်မှာ တာဝန်ယူနိုင်ဖို့ တွန်းအားပေးရပါမယ်။

တာဝန်ယူမှုဆိုရာမှာ ဒေါင်လိုက်နဲ့အလျားလိုက် နှစ်ပိုင်းရှိပါတယ်။ ဒေါင်လိုက်တာဝန်ယူမှုက ဥပမာအားဖြင့် စစ်မှန်တဲ့ဒီမိုကရက်တစ်ရွေးကောက်ပွဲမျိုးပါပဲ။ ဒီမိုကရက်တစ်ရွေးကောက်ပွဲတွေမှာ မဲပေးသူဦးရေစာရင်းသွင်းတာကနေ မဲရေတွက်သည်အထိ လိုအပ်တဲ့ကိစ္စရပ်အားလုံးကို ရိုးရိုးသားသား ကြားနေဆောင်ရွက်နိုင်မယ့် လွတ်လပ်တဲ့ရွေးကောက်ပွဲကော်မရှင်မျိုး လိုပါတယ်။ အခြားဒေါင်လိုက် တာဝန်ယူမှုပုံစံတွေမှာ ပြည်သူ့ကိစ္စ ကြားနာမှု၊ အခွန်ဘဏ္ဍာငွေ စစ်ဆေးမှု၊ မဲဆွယ်စည်းရုံးမှု၊ ရံပုံငွေထိန်းချုပ်မှု၊ သတင်းအချက်အလက် လွတ်လပ်ခွင့်ဥပဒေရှိမှုတို့ ပါဝင်ပါတယ်။

အလျားလိုက် တာဝန်ယူမှုမှာတော့ နိုင်ငံ့ဌာန အေဂျင်စီအချို့မှာ အာဏာနဲ့လုပ်ပိုင်ခွင့်တွေအပ်နှင်းပြီး အခြားအပြိုင်ဌာနတွေကို စောင့်ကြည့်ထိန်းသိမ်းဖို့ပါပဲ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မျိုးကို ဆိုလိုတာပါ။ ဒီလိုကော်မရှင်က ရွေးချယ်တင်မြှောက်ခံရာထူးရရှိထားသူရဲ့ ပိုင်ဆိုင်မှုစုစုပေါင်းကြေညာဖို့ အချက်အလက် စုဆောင်းရမယ်။ ထိထိရောက်ရောက်ဆောင်ရွက်ဖို့ ကော်မရှင်မှာ ဥပဒေအာဏာ၊ ကျွမ်းကျင်ဝန်ထမ်း၊ ခေါင်းဆောင်မှုကောင်း၊ ငွေကြေးစစ်ဆေးကြေညာဖို့ အရင်းအမြစ်များ၊ မှားယွင်းလုပ်ဆောင်မှု တိုင်ကြားချက်များ စစ်ဆေးရန်၊ ဥပဒေချိုးဖောက်သူတွေကို ရုံးတင်စွဲချက်တင်ရန် စတာတွေ လိုအပ်တယ်။

ကော်မရှင်ရဲ့အလုပ်တွေကို အစိုးရဌာနအပေါ် မကျေနပ်မှုများကို စစ်ဆေးတဲ့ အရာရှိများ (Ombudsmen)၊ ဝန်ကြီးဌာနနဲ့ အခြား အဓိကဌာနများကို စစ်ဆေးတဲ့ ပြည်သူ့စာရင်းစစ်များ၊ ငွေအလွဲသုံးမှု အကျင့်ပျက်မှုများကို ပါလီမန်ကြီးကြပ်မှုကော်မတီရှေ့ ကြားနာမှုများ၊ လွတ်လပ်တဲ့ တရားရေးဌာနများနဲ့ ကျားကန်အားဖြည့်ပေးရပါမယ်။

ဘေးမကင်းတဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ ဒီလိုအင်စတီကျူးရှင်းတွေရှိပေမယ့်လည်း ကောင်းစွာမလုပ်ဆောင်နိုင်ဘဲ အမည်ခံရုံမျှပါပဲ။ ဌာနတွေမှာလိုအပ်တဲ့ ရင်းမြစ်ကပြတ်၊ ခေါင်းဆောင်မှုနဲ့စာရိတ္တက အာနိသင်မဲ့။ သို့မဟုတ်ရင်လည်း စစ်ဆေးရေးကော်မရှင်ဟာ အာဏာရပါတီရဲ့ လက်ကိုင်တုတ်ဖြစ်ပြီး နိုင်ငံရေးပြိုင်ဘက်တွေကို စစ်ဆေးဖို့သက်သက်သာ ဖြစ်နေပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီ တွေဟာ အစိုးရအောက်မှလွတ်လပ်မှသာ ထိထိရောက်ရောက်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

## အင်စတီကျူးရှင်းများ အသက်သွင်း

ဒီမိုကရေစီကို ညွှန့်ဖျင်းစွာဆောင်ရွက်နေတဲ့ နိုင်ငံတွေမှာ ပိုမိုကောင်းမွန်အားကောင်းတဲ့ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေ ရှိဖို့လိုအပ်ပါတယ်။ နိုင်ငံရေးပါတီတွေ၊ ပါလီမန်တွေ၊ ဒေသအစိုးရတွေစတဲ့ အင်စတီကျူးရှင်းတွေဟာ နိုင်ငံသားတစ်ဦးနဲ့တစ်ဦး ချိတ်ဆက်စေပြီး

နိုင်ငံရေးဖြစ်စဉ်ထဲ ပါဝင်အောင်လုပ်ရပါမယ်။

ဒီမိုကရေစီမပီပြင်သေးတဲ့နိုင်ငံတွေမှာ အဲဒီ အင်စတီကျူးတွေက နိုင်ငံသားတွေ ပါဝင်ပူးပေါင်းဆောင်ရွက်မှု များလာအောင် မလုပ်ဆောင်နိုင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးစနစ်တွေမှာ လူ့မလိုင်တွေက လွှမ်းမိုးထားလို့၊ ပြည်သူဆီက လာဘ်ယူမှုနဲ့ အများပြည်သူကိစ္စအပေါ် တာဝန်မဲ့မှုတွေကြောင့် ပူးပေါင်းဆောင်ရွက်မှု မရခြင်းပါပဲ။ နိုင်ငံရေးပါတီတွေ အတွင်းမှာကိုပဲ ပွင့်လင်းမြင်သာမှု၊ ထိတွေ့ဆက်ဆံနိုင်မှုတွေ တိုးတက်အောင်လုပ်ရင်း ဒီမိုကရေစီကျကျပြုပြင်မှုတွေ လုပ်ရပါဦးမယ်။

ထိရောက်တဲ့ ဒီမိုကရေစီမှာ နည်းပညာကျွမ်းကျင်မှု၊ ရင်းမြစ်၊ ပရော်ဖက်ရှင်နယ် အဆင့်အတန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံဆိုင်ရာ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှုတွေ တိုးတက်အောင်လုပ်ဖို့ လိုပါတယ်။ အဲဒီတိုးတက်မှုတွေက လုံခြုံမှုကိုထိန်းသိမ်းဖို့၊ စီးပွားရေး စီမံခန့်ခွဲဖို့၊ အရံအဆောက်အအုံဖွံ့ဖြိုးဖို့၊ အငြင်းပွားမှု ဖြေရှင်းဖို့၊ ကျန်းမာရေး၊ ပညာရေး၊ သန့်ရှင်းတဲ့ရေ စတာတွေ အကျိုးပြုလုပ်ဆောင်ဖို့အတွက် အစိုးရကို ခွင့်ပြုကူညီနိုင်ပါတယ်။ အဂတိလိုက်စားမှုဟာ အစိုးရအခြေခံယန္တရားကို လိုက်စားစေသလိုပဲ ချိန့်တဲ့နိုင်ငံတော်ဟာ လူထုရဲ့တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်လုပ်ဆောင်နိုင်မှုကွန်ယက်ကို ဖျက်ဆီးပစ်ပါတယ်။

နောက်ဆုံး ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ ဈေးကွက်စီးပွားရေးကို ပိုဖွင့်ကြရပါမယ်။ အဲဒီမှာ ရိုးသားကြိုးစားမှု၊ ပုဂ္ဂလိက ကဏ္ဍ ဆောင်ရွက်မှုတွေကနေ ပြည်သူများ ဓနဥစ္စာစုဆောင်းနိုင်စွမ်းရှိအောင် လုပ်ဆောင်ပြီး၊ အစိုးရကဏ္ဍပါဝင်မှု လျော့ကျအောင် ကန့်သတ်ပေးရမယ်။ **စီးပွားရေး အသက်သွေးကြောမှာ အစိုးရထိန်းချုပ်မှုပိုကြီးလေလေ၊ အမြီးကျက်အမြီးစား လူ့မလိုင်အလွှာရဲ့ခြစားမှု ဖြစ်နိုင်ချေပိုကြီးလေလေပါပဲ။**

စီးပွားရေးလုပ်ငန်းနဲ့ ကော်ပိုရေးရှင်းလုပ်ငန်း စတင်မှုတွေမှာ အစိုးရရုံးဌာနကြိုးနီစနစ် အဟန့်အတားများ လျှော့ချပစ်ခြင်းဟာ ခြစားမှုပြဿနာတွေကို ဖြေရှင်းနိုင်ပါတယ်။ လယ်ယာမြေပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာထွန်ယက်စိုက်ပျိုးရောင်းချခွင့်၊ လုပ်ငန်းပိုင်ဆိုင်ခွင့် စတဲ့ 'ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်' (Property Rights) တွေကို အခိုင်အမာ အာမခံပေးခြင်းဟာ အစိုးရခြစားမှုကို ကန့်သတ်ပေးမယ့် ကျယ်ပြန့်တဲ့ အင်စတီကျူးရှင်း ကွင်းပြင်ကြီးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ခြင်း ဖြစ်ပါတယ်။

အရေးပေါ် အမြန်ဦးစားပေး လုပ်ဆောင်ရမှာကတော့ ဥပဒေစိုးမိုးမှု မြှင့်တင်ဖို့နဲ့ လူထုအပေါ်တာဝန်ယူမှုဆိုင်ရာ အင်စတီကျူးရှင်းတွေ အားကောင်းအောင် လုပ်ဖို့ပါပဲ။ အစိုးရ လုပ်ပုံလုပ်နည်း ဟန်ပြောင်းလဲခြင်းဆိုတာ နိုင်ငံရေးနဲ့ လူ့အဖွဲ့အစည်း လုပ်နည်းကိုင်နည်း ပြောင်းလဲခြင်းကို ဆိုလိုပါတယ်။ ဆိုလိုတာက အစိုးရအရာရှိတွေ သူတို့ရုံးတွေကို ဘယ်လို အသုံးချလုပ်ကိုင်နေသလဲဆိုတာ ကြပ်ကြပ်မတ်မတ် အမြဲစောင့်ကြည့်ထားဖို့ လိုပါတယ်။ ဒါဟာ ဘေးမကင်းတဲ့ ဒီမိုကရေစီတွေ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခြေခံစိန်ခေါ်မှုတွေ ဖြစ်ပါတယ်။

## ဒီမိုကရက်တစ်ဝိညာဉ် ပြန်လည်နိုးထစေခြင်း

လက်ရှိအခြေအနေက စိတ်ဓါတ်ကျဖွယ်ဖြစ်ပေမယ့် မျှော်လင့်ချက်တော့ရှိပါတယ်။ အဂတိလိုက်စားမှုနဲ့ လက်သတ်မွေးမှု အကျင့်နွံထဲနစ်နေတဲ့ ဆင်းရဲတဲ့နိုင်ငံတွေမှာတောင်

နိုင်ငံသားတွေဟာ သရဲသဘက်အစိုးရများကို ဒီမိုကရေစီလုပ်ငန်းစဉ်တွေနဲ့ အစားထိုးဖို့ အထပ်ထပ် ကြိုးစားကြပါတယ်။

အောက်ခြေလူထုလှုပ်ရှားမှုများ၊ ရေဒီယိုအသံလွှင့်ဌာနများ၊ ဆဲလ်ဖုန်းများ၊ ပညာတတ်လူ့အဖွဲ့အစည်းများ၊ အင်တာနက် စတာတွေနဲ့ချိတ်ဆက်ပြီး နိုင်ငံသားတွေက အဂတိလိုက်စားမှုတွေကို စိန်ခေါ်ဖို့၊ ရွေးကောက်ပွဲအမှန်ရလဒ်ကာကွယ်ဖို့၊ ပိုကောင်းမွန်တဲ့ အုပ်ချုပ်ရေးတောင်းဆိုဖို့တွေအတွက် ယခင်ဘယ်တုန်းကနဲ့မှမတူဘဲ နိုးကြားထကြွလာကြတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် အရေးအပါဆုံးစိန်ခေါ်မှုက အဲဒီ ဘေးမကင်းတဲ့ဒီမိုကရေစီတိုင်းပြည်တွေက နိုင်ငံသားတွေနဲ့အတူ ရပ်ပေးဖို့ပါပဲ။

အပြောင်းအလဲတွေဖြစ်ဖို့ အဓိကလိုအပ်တဲ့အားကတော့ နိုင်ငံရေးသမားတွေနဲ့ အစိုးရအရာထမ်းတွေကိုယ်တိုင်က ပြုပြင်ပြောင်းလဲမှုလုပ်ကြဖို့မှတပါး အခြားမရှိဆိုတာ သူတို့ကိုယ်တိုင်သိမြင်လာဖို့ ဖြစ်ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်များအစောပိုင်းမှာ အာဖရိကအာဏာရှင်အစိုးရများဟာ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေဆီ ရွေ့လာကြတယ်။ အစိုးရတွေမှာ ငွေပြတ်လပ်တာရယ် စစ်သားတွေနဲ့ ဝန်ထမ်းတွေကို လစာမပေးနိုင်တာရယ်ကြောင့် သူတို့မှာ ပြုပြင်ပြောင်းလဲမှုလမ်း ရွေးချယ်ရုံမှတပါး အခြားမရှိအောင် ပြည်တွင်းပြည်ပကပိုင်းဝန်းပေါင်းစပ် ဖိအားပေးခဲ့ပါတယ်။

ယနေ့အခါ ကမ္ဘာမှာ ဒီမိုကရေစီဆန့်ကျင်မှုတွေ အရှိန်အဟုန်မြင့်ပြီး တကြော့ပြန်ထောင်နေပါတယ်။ ရေနံကြွယ်ဝတဲ့ ရုရှားရဲ့ အင်အားပြမှု၊ ဂျော်ဂျီယာအပေါ် စော်ကားမှုတွေနဲ့ အာရှ အာဖရိက က အာဏာရှင်နိုင်ငံတွေအပေါ် တရုတ်ရဲ့ကူညီပံ့ပိုးမှုတွေကြောင့် ဒီမိုကရေစီ နုနယ်တဲ့နိုင်ငံတွေမှာ ပြုပြင်ပြောင်းလဲရေးအတွက် အခက်အခဲ များစွာကြုံရပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းမွန်တဲ့ အုပ်ချုပ်မှု (Better Governance) ကို ဦးတည်စေမယ့် အပြောင်းအလဲတွေဆီ တွန်းအားပေးဖို့ဆိုရင် ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ နိုင်ငံတကာနဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတွေ လိုပါတယ်။

ဒီမိုကရေစီ တရွတ်စွဲ နောက်ပြန်မှုမျိုးစုံ ယခုအခါရှိနေတာကြောင့် မဟာဗျူဟာအသစ်တွေ ချရမယ့်အချိန်ပါပဲ။ ဆိုးရွားတဲ့အုပ်ချုပ်မှု (Bad Governance) နဲ့ အင်စတီကျူးရှင်း လိုအပ်ချက်တွေရှိတယ်ဆိုတဲ့ အခြေခံပြဿနာကို ရှင်းရှင်းလင်းလင်း နားမလည်ဘူးဆိုရင် ဒီမိုကရေစီပျက်ယွင်းမှုတွေ ပိုပြီးဖြစ်ဖွယ်ရှိနေပါတယ်။

ဘေးမကင်းတဲ့ ဒီမိုကရေစီနိုင်ငံများရဲ့ အဂတိလိုက်စားမှု ထိန်းချုပ်ဖို့နဲ့ အုပ်ချုပ်မှုအရည်အသွေးကောင်းမွန်စေဖို့ နိုင်ငံတကာရဲ့ ဆုံးဖြတ်ချက်နဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းမှုတွေမရှိဘူးဆိုရင် လက်ရှိကမ္ဘာ့ဒီမိုကရေစီကျဆင်းမှု ရီဆက်ရှင်းဟာ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရက်တစ်ရီဆက်ရှင်းဆီ ဦးတည်သွားပါလိမ့်မယ်။ ဒါဟာ လူသားတွေရဲ့လွတ်လပ်မှုနဲ့ လုံခြုံမှုကို အများကြီးထိခိုက်နစ်နာစေပါတယ်။

**ရည်ညွှန်း -** The Democratic Rollback : by Larry Diamond

## ဒီမိုကရေစီဖော်ဆောင်ရေးနှင့်

# လူထုအခန်းကဏ္ဍ

### ဇမာဘိစီ

ခေါင်းဆောင်များအကြား စေ့စပ်ညှိနှိုင်းခြင်း၊ အပေးအယူလုပ်ခြင်းတို့သည် ကိုယ်စားပြု ဒီမိုကရေစီစနစ်ပေါ်ထွန်းစတွင် အခရာကျခဲ့ပြီး၊ လက်ရှိကာလတွင်လည်း အရေးပါနေဆဲ ဖြစ်သည်။ သို့သော် ရေရှည်တည်တံ့မည့် ဒီမိုကရေစီစနစ် တိုးတက်ဖြစ်ထွန်းရေးအတွက်မူ ပြည်သူတို့က မိမိတို့၏လိုလားချက်များ အကောင်အထည်ပေါ်လာစေရန် ခေါင်းဆောင်များ အပေါ် မည်မျှထိထိရောက်ရောက် ဖိအားပေးနိုင်စွမ်း ရှိ မရှိ ဟူသည့်အပေါ် တည်မှီလျက်ရှိသည်။ ထိုကဲ့သို့ ဖိအားပေးနိုင်စွမ်းဆိုသည်ကလည်း ပြည်သူတို့က သက်ဆိုင်ရာ လူ့အဖွဲ့အစည်းရှိ အရင်းအမြစ်များအား မည်မျှရယူသုံးစွဲနိုင်သည်၊ မိမိတို့၏ ကိုယ်ပိုင်ယုံကြည်ချက်များ အမြင်များ အယူအဆများအား မည်မျှထုတ်ဖော်ကျင့်သုံးပိုင်ခွင့် ရှိသည်ဟူသည့် ပြည်သူများ၏စွမ်းရည်နှင့် လုပ်ပိုင်ခွင့်ပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ စွမ်းရည်နှင့် လုပ်ပိုင်ခွင့် မြင့်မားလာရေး၊ တနည်းအားဖြင့် ပြည်သူ့စွမ်းအားမြှင့်တင်ရေး human empowerment သည် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် အရေးကြီးပေသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုကို လေ့လာနေကြသည့် ပညာရှင်တို့၏ ထောက်ပြချက်မှာ ယင်းနိုင်ငံအများစုတွင် ဒီမိုကရေစီ ဖြစ်ထွန်းမှု မရှိခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဒီမိုကရေစီသီဝရီများ၏အဆိုအတိုင်း ပြည်သူလူထု၏ လိုလားချက်များက အစိုးရ၏ဆုံးဖြတ်ချက်များအပေါ် ဩဇာသက်ရောက်နေခြင်း မရှိပဲ၊ နိုင်ငံရေးအပေါ်လွှာရှိ ခေါင်းဆောင်များက လူထုဆန္ဒလိုလားချက်များကို အကြီးအကျယ် လစ်လျူရှုနေခြင်းကြောင့်ဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြစ်ရာ ဒီမိုကရေစီဖြစ်ထွန်းခြင်း effective democracy ဆိုသည်ကို နားလည်ရန်လိုအပ်လာ၏။

## ဒီမိုကရေစီဖြစ်ထွန်းခြင်း Effective Democracy

ဒီမိုကရေစီ၏ အနှစ်သာရကိုပြောရလျှင် ဒီမိုကရေစီဟူသည် နိုင်ငံသားပြည်သူများအား လုပ်ပိုင်ခွင့်ပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲများကျင်းပပေးရုံဖြင့် ထိုအနှစ်သာရကို မရနိုင်။ ထို့အတူ ပြည်သူတို့အား လုပ်ပိုင်ခွင့်ပေးသည့် နိုင်ငံရေးအခွင့်အရေးများအား ဥပဒေပြဋ္ဌာန်း သတ်မှတ်ပေးရုံတင်မက ၎င်းပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန်လည်း လိုအပ်သည်။ နိုင်ငံသားတို့၏ ပြည်သူ့အခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများအား အစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ ခေါင်းဆောင်များက အာမခံခြင်း၊ လေးစားလိုက်နာခြင်း တို့သည် ဒီမိုကရေစီအနှစ်သာရများပင် ဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးမှု ထိရောက်စေရန်၊ တနည်းအားဖြင့် ဒီမိုကရေစီဖြစ်ထွန်းစေရန် ရွေးကောက်ပွဲများ ပုံမှန်ကျင်းပခြင်း၊ ရွေးကောက်ပွဲများက လွတ်လပ်ပြီး တရားမျှတမှုရှိခြင်း၊ အဂတိလိုက်စားမှုများ ခြစားမှုများ ကင်းမဲ့ခြင်း၊

နိုင်ငံသားများ၏ လိုအပ်ချက်ကို တာဝန်ယူနိုင်စွမ်း responsive to citizens' choices ရှိခြင်း၊ အာဏာပိုင်များက တရားဥပဒေအပေါ် လေးစားလိုက်နာမှုရှိခြင်း စသည်တို့ လိုအပ်ကြောင်း ပညာရှင်များက ဆိုကြသည်။ ဒီမိုကရေစီဖြစ်ထွန်းခြင်းကို တိုင်းတာရန် အညွှန်းကိန်းများ သတ်မှတ်ကြသည်။ တိုင်းတာသော အညွှန်းကိန်းများအပေါ်မူတည်၍ နိုင်ငံများအလိုက် ဒီမိုကရေစီဖြစ်ထွန်းမှုအခြေအနေ ကွဲပြားခြားနားမှုများအား နှိုင်းယှဉ်လေ့လာကြသည်။ ထိုအခါ လေ့လာမှုများအရ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ ပုံမှန်ကျင်းပခြင်းအချက်ဖြင့် ဒီမိုကရေစီဖြစ်ထွန်းမှုကိုတိုင်းတာပါက မလုံလောက်ကြောင်း တွေ့ရှိရသည်။ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီကို ညီမျှခြင်းချ၍ မရနိုင်။ အဂတိလိုက်စားမှုများ ခြစားမှုများရှိနေပါက၊ အစိုးရက တာဝန်ယူနိုင်စွမ်းနည်းပါက၊ ပြည်သူ့အခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများ၊ ပြည်သူ့လွတ်လပ်ခွင့်များ ကန့်သတ်ခံနေရပါက၊ တရားဥပဒေအရ အုပ်ချုပ်ခြင်းမရှိပါက လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲများ ပုံမှန်ရှိနေစေကာမူ ဒီမိုကရေစီဖြစ်ထွန်းနေသည်ဟူ၍ ဆိုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ရွေးကောက်ပွဲ၊ အဂတိလိုက်စားမှု၊ ပြည်သူ့လွတ်လပ်ခွင့်နှင့် နိုင်ငံရေးအခွင့်အရေးများ၊ အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်ရေးအဆင့် စသည်တို့သည် ဒီမိုကရေစီဖြစ်ထွန်းခြင်းကို တိုင်းတာသော အညွှန်းကိန်းများဖြစ်ကြသည်။

အဆိုပါအညွှန်းကိန်းများဖြင့် တိုင်းတာလေ့လာမှုများအရ ဒီမိုကရေစီဖြစ်ထွန်းခြင်းသည် ဒီမိုကရေစီအဆောက်အအုံများ လှုပ်ရှားလည်ပတ်မှုနှင့် ခေါင်းဆောင်များ ဂုဏ်သိက္ခာရှိမှုတို့၏ ရလဒ်ဖြစ်သည်ဟုဆိုကြသည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲအခြေပြု ဒီမိုကရေစီ electoral democracy စံနှုန်းများထက် တောင်းဆိုမှု ပို၍မြင့်မားသည်။ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း human development index (HDI) အပေါ် အခြေခံတိုင်းတာမှုက ရွေးကောက်ပွဲ အခြေပြုစံနှုန်းများထက် ဒီမိုကရေစီဖြစ်ထွန်းခြင်း အဆင့်ဒီဂရီ ကွဲပြားခြားနားမှုကို ပို၍သိသာထင်ရှားစေသည်။ ထို့ကြောင့် ဒီမိုကရေစီဖြစ်ထွန်းခြင်းသည် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အနေအထားနှင့် ဆက်စပ်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြောင်းချင်းရာများ developmental factors က ဒီမိုကရေစီ ဖြစ်ပေါ်ခြင်းနှင့် တည်တံ့ခိုင်မြဲခြင်း emergence and survival of effective democracy ဖြစ်စဉ်တွင် အဓိကကျသောအခန်းတွင် ရှိနေသည်။ ဤတွင် နှိုင်းယှဉ်မှုအရ အတိုင်းအတာတစ်ခုအထိ လူ့အဖွဲ့အစည်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများ states with developed societal infrastructure တွင် ဒီမိုကရေစီဖြစ်ထွန်းမှု ပို၍ဖြစ်နိုင်သည်ဟု ဆိုရပေမည်။ လူ့အဖွဲ့အစည်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုရာ၌ စီးပွားရေးအရင်းအမြစ်များ၊ ရုပ်ဝတ္ထုများ တိုးတက်ခြင်းကိုသာ ဆိုလိုခြင်းမဟုတ်။ ပြည်သူတို့၏ ပါဝင်မှုမြင့်မားခြင်းနှင့် ပြည်သူ့လွတ်လပ်ခွင့်များ၊ ပြည်သူတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်များ အပါ အဝင်ဖြစ်သည်။

## ပြည်သူ့စွမ်းအားမြှင့်တင်ရေး Human Empowerment

တိုင်းပြည်အာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်မှသာ ဒီမိုကရေစီဖြစ်ထွန်းအောင်မြင်နိုင်ပေမည်။ ပြည်သူတို့၏ လုပ်ပိုင်ခွင့်အာဏာ မြင့်မားလာရေးအတွက် ပြည်သူ့

စွမ်းအားမြှင့်တင်ရေးသည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် တိုးတက်ဖြစ်ထွန်းစေရေးလုပ်ငန်းတွင် အရေးပါသည်။ သို့မှသာ သက်ဆိုင်ရာ လူ့ဘောင်လူ့အဖွဲ့အစည်း အသွင်ပြောင်းလဲတည်ဆောက်ရေးဖြစ်စဉ်တွင် ပြည်သူတို့၏ပါဝင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူ့စွမ်းအားမြှင့်တင်ရေးနှင့်ပတ်သက်၍ အဓိကအားဖြင့် အောက်ပါကဏ္ဍသုံးရပ်ကို ဖွံ့ဖြိုးစေရန်လိုအပ်သည်။

(၁) အရင်းအမြစ်များ action resources

(၂) ကိုယ်ပိုင်အမြင်အယူအဆ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဖိုးထားမှုများ self-expression values

(၃) ဒီမိုကရေစီအဆောက်အအုံများ democratic institutions

**အရင်းအမြစ်များ**ဟုဆိုရာတွင် ပြည်သူတို့အနေဖြင့် မိမိတို့၏ကိုယ်ပိုင်ဘဝများကို မိမိတို့ကိုယ်တိုင် ဖန်တီးပြဋ္ဌာန်းနိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် လိုအပ်သော ရုပ်ဝတ္ထုပစ္စည်းအရင်းအမြစ်များနှင့် အသိပညာ အတတ်ပညာဆိုင်ရာ အရင်းအမြစ်များ ပါဝင်သည်။ ပြည်သူတို့၏ ဆန္ဒလိုလားချက်များအား ခေါင်းဆောင်များ အုပ်ချုပ်သူများက တာဝန်ယူဆောင်ရွက်ရေး ဖိအားပေး သြဇာလွှမ်းမိုးနိုင်ရန် တိုင်းပြည်၏ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေပြီး ပြည်သူ့တို့လက်ဝယ်ရှိရမည်။ ထို့မှတဆင့် ပြည်သူတို့၏ ပညာရေးအဆင့်အတန်း၊ လူမှုဘဝအဆင့်အတန်းများ မြင့်တက်လာနိုင်မည့်အနေအထားသို့ ရောက်နိုင်မည်ဟူသည့် အယူအဆဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူတို့၏ အရင်းအဖြစ်များ ဖွံ့ဖြိုးရေးသည် ပြည်သူ့စွမ်းအားမြှင့်တင်ရေးတွင် အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ သမိုင်းအတွေ့အကြုံအရ ခေတ်မီဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း modernization က ပြည်သူတို့၏လက်ဝယ် စီပွားရေးအရင်းအမြစ်များကို တိုးပွားစေရုံသာမက၊ ပညာရေးအဆင့်အတန်းကိုလည်း မြင့်တက်လာစေသည်။ လွတ်လပ်စွာတွေးခေါ် ကြံဆနိုင်စွမ်း၊ စိတ်ကူးစိတ်သန်းများ ထုတ်ဖော်နိုင်စွမ်း စသည့်အရည်အသွေးများအပြင် နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ပေးသည်။

ပြည်သူလူထုကကိုင်စွဲသော စံနှုန်းတန်ဘိုးများနှင့် အမြင်သဘောထားများသည်လည်း အရေးကြီးလှသည်။ နိုင်ငံများအလိုက် နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝ၊ လူမှုရေးဘဝဆိုင်ရာ စံနှုန်းတန်ဘိုးများ အမြင်သဘောထားများ ကွဲပြားခြားနားလျက်ရှိကြသည်။ ကိုယ်ပိုင်အမြင်အယူအဆ ထုတ်ဖော်ပိုင်ခွင့်အား တန်ဘိုးထားသည့် self-expression values လူ့အဖွဲ့အစည်းများတွင် ကိုယ်ပိုင်အမြင်အယူအဆထုတ်ဖော် ခြင်းကို အလေးထားဦးစားပေးခြင်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုရှိခြင်း၊ လူမှုလိင်အရခွဲခြားမှုမရှိဘဲ တန်းတူရေးကို ထောက်ခံအားပေးခြင်း၊ နိုင်ငံခြားသားများ၊ လိင်တူဆက်ဆံသူများနှင့် အခြားစည်းအပြင်ရောက်သူများအပေါ် နားလည်သည်းခံနိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုမြင့်မားခြင်းတို့ ရှိကြသည်။ အခြားတဖက်၌ ဘဝရှင်သန်ရပ်တည်ရေး survival values ကို ဦးစားပေးနေကြရသည့် လူ့အဖွဲ့အစည်းများတွင်မူ များသောအားဖြင့် ဆန့်ကျင်ဘက်အခြေအနေများနှင့် ရင်ဆိုင်နေကြရသည်။ ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အား ပိုမိုတန်ဘိုးထားလာသည်နှင့်အမျှ ပြည်သူ့လွတ်လပ်ခွင့်များ၊ နိုင်ငံရေးလွတ်လပ်ခွင့်များ၊ လူမှုလိင်တန်းတူရေး၊ အစိုးရ၏တာဝန်ရှိမှု အစရှိသည်တို့အား တောင်းဆိုမှုများ မြင့်မားလာသည်။ ထို့မှတဆင့် ယင်းတန်ဘိုးများအား တာဝန်ယူဆောင်ရွက်မည့် အာမခံမည့် ဒီမိုကရေစီ

အဆောက်အအုံများ democratic institutions ထူထောင်ခြင်း၊ တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းများ ရှိလာမည်ဖြစ်သည်။ သို့ဖြင့် ပြည်သူတို့အနေဖြင့် မိမိတို့၏အများဆိုင်ရာဘဝနှင့် ပုဂ္ဂလိကဘဝများအား ကိုယ်တိုင်စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ အဆိုပါတန်ဘိုးများမှာ ပြည်သူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ရေး လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို အာမခံသည့်အတွက် ဒီမိုကရေစီဖော်ဆောင်ရေးတွင် အရေးပါလှသည်။

အဆိုပါ ကဏ္ဍသုံးရပ်လုံးကို တပြိုင်နက်တပြေးညီ ဖွံ့ဖြိုးလာစေခြင်းဖြင့် ပြည်သူတို့၏ စွမ်းအားမြှင့်တင်ရေးကို ဆောင်ကျဉ်းနိုင်မည်ဖြစ်သည်။ ကိုယ်ပိုင်အမြင်အယူအဆများထုတ်ဖော်ပိုင်ခွင့်အား အခိုင်အမာတန်ဘိုးထားသည့် ပြည်သူတို့အတွက် အရင်းအမြစ်များပေါ်ကြွယ်သည့် လူ့အဖွဲ့အစည်းများတွင် ဒီမိုကရေစီဖြစ်ထွန်းတိုးတက်လေ့ရှိသည်ကို တွေ့ရသည်။ ပြည်သူ့လက်ဝယ်တွင် အရင်းအမြစ်များတိုးပွားလာသည်နှင့်အမျှ ခေါင်းဆောင်များအပေါ်ဖိအားပေးနိုင်စွမ်း မြင့်မားလာမည်။ ထို့အပြင် ပြည်သူ့တို့အနေဖြင့် ဘဝရှင်သန်ရပ်တည်ရေးအတွက်လည်း အထူးစိုးရိမ်ကြောင့်ကြရန် မလိုတော့ပေ။ ထိုအခါ မိမိတို့၏ ကိုယ်ပိုင်ဘဝအမြင် အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အား ပို၍အလေးထားလာနိုင်မည်။ ထိုမှတဆင့် ပြည်သူတို့အနေဖြင့် နိုင်ငံရေးတွင် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ပို၍အာရုံစိုက်လာနိုင်မည်၊ ပါဝင်ဆောင်ရွက်မှု မြင့်မားလာမည်ဖြစ်သည်။ ထိုအခါ ခေါင်းဆောင်များအဖို့ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖြစ်ထွန်းတိုးတက်ရေးဖြစ်စဉ်အား ငြင်းပယ်ဆန့်ကျင်ရန် အလွန်ပင်ခက်ခဲလာပေလိမ့်မည်။

## ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားခြင်း Self-Expression Values

နိုင်ငံရေး ယဉ်ကျေးမှုဆိုင်ရာစာပေများတွင် ဒီမိုကရေစီရေးအတွက် လူထုဆန္ဒနှင့်အမြင်သဘောထားလိုအပ်သည်ဟု အများအားဖြင့် ယူဆထားလေ့ရှိသည်။ ကမ္ဘာ့လူဦးရေ၏ (၉၀)ရာနှုန်းနီးပါးကိုလွှမ်းခြုံသည့် နိုင်ငံပေါင်း (၈၀)ကျော်တွင် ကောက်ယူခဲ့သောစစ်တမ်းအရ လူထုဆန္ဒအမြင်သဘောထားနှင့် ဒီမိုကရေစီမှာ အခိုင်အမာဆက်စပ်နေသည်ကို တွေ့ရှိရသည်။ သုတေသန လေ့လာချက်အများအပြားကလည်း လူထုက ဒီမိုကရေစီလိုလားသည့် လူ့အဖွဲ့အစည်းများတွင် ပို၍ဒီမိုကရေစီဖြစ်နိုင်သည်ဟူသော အယူအဆအပေါ်အခြေခံကြသည်။ အများအားဖြင့်လည်း စစ်တမ်းကောက်ယူရာ၌ နိုင်ငံအများစုတွင် ပြည်သူအများစုက ဒီမိုကရေစီသည် အကောင်းဆုံးအုပ်ချုပ်ရေးပုံစံဖြစ်ကြောင်း ဖြေကြားကြသည်။ သို့သော်မကြာသေးမီက လေ့လာမှုတစ်ရပ်တွင် ဒီမိုကရေစီအားလိုလားသည့်လူထု၏ အမြင်သဘောထားမှာ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံများထက် အယ်ဘေးနီးယားနှင့် အဇာဘိုင်ဂျန်တို့တွင် ရာခိုင်နှုန်းပို၍များကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ထိုကဲ့သို့ လိုလားမှုရှိသည်ဟုဆိုတိုင်း နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည်ဟူ၍လည်းကောင်း၊ စိတ်အားထက်သန်မှု အခိုင်အမာရှိနေသည်ဟူ၍လည်းကောင်း မဆိုနိုင်ပေ။

ကမ္ဘာ့အတိုင်းအတာအရဆိုရလျှင် လူထု၏ ဒီမိုကရေစီအပေါ်ထောက်ခံမှုနှင့် လူ့အဖွဲ့အစည်း၌ ဒီမိုကရေစီတည်ရှိမှုတို့ အပြန်အလှန်ဆက်နွယ်မှု အခိုင်အမာရှိနေသည်မှာ

ထင်ရှားသည်။ သို့သော် လေ့လာမှုများအရ ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားခြင်းက ဒီမိုကရေစီကို တိုက်ရိုက်ညွှန်းဆိုခြင်း မရှိသော်လည်း ဒီမိုကရေစီအား လိုလားထောက်ခံခြင်းထက် ဒီမိုကရေစီဖြစ်ထွန်းနိုင်စွမ်း ပို၍အားကောင်းသည်။ ဒီမိုကရေစီအား လိုလားထောက်ခံခြင်းရှိသည်ဆိုရုံဖြင့် ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားခြင်း၏ အဓိကအစိတ်အပိုင်းများ အလိုအလျောက် တည်ရှိလာခြင်း မရှိပေ။ လက်တွေ့ဖြစ်စဉ်များအရ ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားခြင်းသည် ဒီမိုကရေစီရေး လှုပ်ရှားမှုများအတွက် ပို၍ရေခံမြေခံ သဘောဆောင်သည်ကို တွေ့ရသည်။ ကိုယ်ပိုင်အမြင်အယူအဆ ထုတ်ဖော်ပိုင်ခွင့်အပေါ် တန်ဘိုးထားမှုနှင့် ဒီမိုကရေစီဖြစ်ထွန်းမှုတို့၏ဆက်နွယ်မှု အခိုင်အမာပင် ရှိနေသည်။ ထို့အပြင် လေ့လာမှုများအရ ကိုယ်ပိုင်အမြင်အယူအဆ ထုတ်ဖော်ပိုင်ခွင့်အပေါ်တန်ဘိုးထားမှုမှ ဒီမိုကရေစီဖြစ်ထွန်းမှုသို့ ဖြစ်ပေါ်တိုးတက်ခြင်းဖြစ်သည်ဟု ဆိုကြ၏။

## ဒီမိုကရေစီနှင့် အထက်လွှာလူတန်းစား Democracy and Elites

ပညာရှင်အချို့က ဒီမိုကရေစီအား ပစ္စည်းဥစ္စာပိုင်ဆိုင်သော အထက်လွှာလူတန်းစားများနှင့် ဆင်းရဲသားပြည်သူတို့၏ စီးပွားရေးဓန ပြန်လည်ခွဲဝေရေးနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်အကျိုးစီးပွားများ၏ လုံ့ဆော်မှုတိုက်ပွဲမှ ထွက်ပေါ်လာသောရလဒ်ဟူ၍ ဆိုကြသည်။ ပြည်သူတို့က ဓနပြန်လည်ခွဲဝေရေးအတွက် ရွေးကောက်ပွဲကို လိုလားသည်။ အထက်လွှာလူတန်းစားများက ဥစ္စာဓနများ ပြန်လည်ခွဲဝေရမည်ကို စိုးရိမ်ကြသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲများဖြင့် အာဏာခွဲဝေရေးကို မလိုလားကြပေ။ ပညာရှင် ဘွိုင်က်စ် Boix ၏ အယူအဆအရ လူ့အဖွဲ့ အစည်းတွင် ဝင်ငွေဖြန့်ခွဲမှု ပို၍ညီမျှလာပြီး၊ အရင်းရွှေ့ပြောင်းနိုင်မှု မြင့်မားလာပါက အထက်လွှာလူတန်းစားများအဖို့ ဓနပြန်လည်ခွဲဝေရေး စိုးရိမ်မှုလျော့နည်းလာမည်ဖြစ်သည်။ ထိုအခါ ရွေးကောက်ပွဲများ ဖြစ်ထွန်းလာမှုအခြေအနေသို့ ရောက်လာနိုင်မည်။ ပြည်သူတို့၏ ဒီမိုကရေစီရေးလိုလားမှုကို ဖိနှိပ်မည်လား၊ လက်ခံလိုက်လျောမည်လားဆိုသည်ကို အထက်လွှာလူတန်းစားများက တနည်းအားဖြင့် အာဏာလက်ရှိလူတန်းစားက အဆုံးအဖြတ်ပြုသည် ဟူသော အယူအဆဖြစ်သည်။ ဝင်ငွေညီမျှမှုအဆင့်နှင့် အရင်းရွှေ့ပြောင်းနိုင်မှုအဆင့်များ တစုံတရာမြင့်မားမှုရှိမှသာ ဒီမိုကရေစီပေါ်ထွန်းနိုင်မည်ဟူသော သီဝရီလည်းဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ရပ်နှင့် တစ်ရပ်အကြား ပြည်သူ့လက်ဝယ် အရင်းအမြစ်ပိုင်ဆိုင်မှုအခြေအနေ၊ ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ပိုင်ခွင့်အပေါ် လူထု၏တန်ဘိုးထားမှု အခြေအနေ ကွဲပြားသည့်အလျောက် သက်ဆိုင်ရာပြည်သူတို့၏ ဒီမိုကရေစီအဆောက်အအုံများအတွက် ဦးစားပေးမှုအဆင့်နှင့် ရယူနိုင်စွမ်းအားများသည်လည်း ကွာခြားနေသည်ကို တွေ့ရသည်။ ရုပ်ဝတ္ထုအရင်းအမြစ်များ တတ်သိပညာ အရင်းအမြစ်များက ပြည်သူတို့၏ စုပေါင်းစွမ်းအားကို ပို၍မြင့်မားလာစေပြီး၊ အထက်လွှာအာဏာလက်ရှိ လူတန်းစားအပေါ် ထိရောက်သော ဖိအားပေးနိုင်စွမ်းကိုဖြစ်စေသည်။ အာဏာရှင်အစိုးရစနစ်များ ဆက်လက်ရှင်သန်နေခြင်းသည် အထက်လွှာအာဏာလက်ရှိများက ပြည်သူတို့အား ဖိနှိပ်၍ အာဏာတည်မြဲရေးကို ဆောင်ရွက်နေခြင်းကြောင့် မဟုတ်ပေ။ အထက်လွှာအာဏာလက်ရှိ လူတန်း

စားများနှင့် ပြည်သူတို့အကြား အင်အားချိန်ခွင်လျှာအပေါ်တွင် တည်မှီနေခြင်း ဖြစ်သည်။ ကမ္ဘာတဝှမ်း နောက်ဆုံးဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီအသွင်ပြောင်းခြင်းလှိုင်း တနည်းအားဖြင့် ဟန်တင်တန်၏တတိယလှိုင်းသည် ပြည်သူတို့၏ ဒီမိုကရေစီရေးလှုပ်ရှားရုန်းကန်မှုများ ကြောင့် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လူထုလှုပ်ရှားမှုများသည်လည်း ပြည်သူတို့ အကြား ကိုယ်ပိုင်အမြင်အယူအဆများ ထုတ်ဖော်ခွင့်အပေါ်တန်ဖိုးထားမှုများ အခိုင်အမာ ဖြစ်တည်လာပြီး မိမိတို့၏ အမြင်အယူအဆများ လိုလားမှုများအား ထုတ်ဖော်လာခြင်း၊ ပြည်သူအချင်းချင်းအကြား စုစည်းစည်းရုံးလာခြင်းတို့ကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်။ အထက်လွှာအာဏာလက်ရှိလူတန်းစားက ဒီမိုကရေစီအား ပို၍ယုံကြည်လက်ခံလာခြင်း ကြောင့် မဟုတ်ပေ။ ဒီမို ကရေစီရေးအတွက် လူထု၏ လှုပ်ရှားရုန်းကန်နိုင်စွမ်းအားနှင့် ထိုသို့ လှုပ်ရှားရုန်းကန်လိုစိတ် ပြင်းပြမှုတို့ကြောင့်ဖြစ်သည်။

## ဒီမိုကရေစီနှင့် ဓနအင်အား Democracy and Wealth

ထို့အပြင် အခြားပညာရှင်တို့ကလည်း **ချမ်းသာသောနိုင်ငံများတွင် ဆင်းရဲသော နိုင်ငံများထက် ပို၍ဒီမိုကရေစီဖြစ်ထွန်းနေသည့် အရင်းခံကို လေ့လာတင်ပြခဲ့သည်။ ဓနအင် အားတိုးပွားမှုက ဒီမိုကရေစီဖြစ်ထွန်းမှု၏ ရှေ့ပြေးဖြစ်သည်** ဟူသော အယူအဆဖြစ်သည်။ ၎င်းတို့က စီပွားရေးဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီပေါ်ထွက်လာမှုတို့သည် လမ်းကြောင်းတစ်ခုတည်း ဖြစ်သည်ဟု သုံးသပ်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀၀)ခန့်က အချို့ ဥရောပနိုင်ငံများနှင့် ၎င်းတို့၏ ကိုလိုနီနယ်မြေများ ဒီမိုကရေစီနှင့် စီးပွားရေးတိုးတက်မှုတို့ဖြင့်ဆက်စပ်သည့် ဖွံ့ဖြိုး တိုးတက်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိခဲ့ခြင်းကိုထောက်ပြကြသည်။ သို့သော် သက်ဆိုင် ရာ နိုင်ငံများ၏ အခြားထူးခြားချက်များကို ထည့်သွင်းတွက်ချက်သည့်အခါ ဝင်ငွေ အပြောင်း အလဲနှင့် ဒီမိုကရေစီအကြား ဆက်နွယ်မှုမှာ မပြောပလောက်ပေ။ လေ့လာချက်များအရ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဆိုင်ရာ ကြောင်းချင်းရာများကလည်း အဆုံးအ ဖြတ် ပြုနေသည့် သဘောရှိသည်။ နိုင်ငံတစ်ခုချင်း၏ ထူးခြားချက်များကလည်း အရေးပါနေ သည်။ သို့ဖြစ်ရာ စီပွားရေးဖွံ့ဖြိုးမှုတစ်ခုတည်းကသာ ဒီမိုကရေစီကို ဆောင်ကျဉ်းလာခြင်း မဟုတ်။ သက်ဆိုင်ရာ ယဉ်ကျေးမှုကြောင်းချင်းရာများနှင့် ပေါင်းစပ်မှသာ ဖြစ်ထွန်းနိုင်လိမ့်မည်။

## လူထုသည်သာ အခရာ Orientation of Ordinary Citizens

အထက်ဖော်ပြပါ အယူအဆနှစ်ရပ်စလုံးက ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အခြေခံလိုအပ်ချက်များအဖြစ် လူထုက ကိုင်စွဲသော စံတန်ဖိုးများနှင့် စည်းရုံးလှုံ့ဆော်မှု အတတ်ပညာများအား ထည့်သွင်းစဉ်းစားမှု မရှိကြပေ။ လူထု၏ ကန့်ကွက်ဆန္ဒပြမှုကို စီးပွားရေး အခြေအနေမညီမျှမှုကြောင့် ဖြစ်ပေါ်လာရခြင်းဟူ၍ ရိုးစင်းစွာ ရှုမြင်လေ့ရှိကြသည်။ သမိုင်းအချက်အလက်များအရလည်း ထိုသို့ရှုမြင်ချက်မှာ မှန်ကန်သည်ဟုဆိုရမည်။ သို့သော် ထိုအယူအဆများက မကြာခင်ကပေါ်ပေါက်ခဲ့သော ဒီမိုကရေစီအသွင်ပြောင်းခြင်း

လိုင်းနှင့်ပတ်သက်၍ ရှင်းပြနိုင်မည် မဟုတ်ပေ။ ပြည်သူလူထု၏ နိုးကြားတက်ကြွမှုအခြေအနေက သိသိသာသာပင် ပြောင်းလဲလာခဲ့သည်။ စက်မှုလွန်လူ့အဖွဲ့အစည်း Post-industrial society များတွင် ဆန္ဒပြပွဲများ၌ လူထု၏ပါဝင်မှုသည် ၁၉၇၀ လွန်နှစ်များ ထက်နှစ်ဆမက မြင့်တက်လာခဲ့သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း သမိုင်းတွင် မကြုံစဖူး အရေအတွက်များပြားသည့် ဆန္ဒပြလှုပ်ရှားသူများ၏ မောင်းနှင်အားကြောင့် ဆိုးလ်နှင့် မနီလာ မှသည် မော်စကိုနှင့် အရှေ့ဘာလင်ထိတိုင်အောင် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြသည်။ အဆိုပါဖြစ်စဉ်တို့သည် အခြေခံအားဖြင့် စီးပွားရေးကြောင့် မဟုတ်ပေ။ နိုင်ငံရေးလွတ်လပ်ခွင့်အတွက် ဖြစ်သည်။ ယခင်ကွန်မြူနစ်နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဖြစ်စဉ်များမှာ လူထုက စီးပွားရေးတန်းတူညီမျှခွင့် အတွက် လှုပ်ရှားတိုက်ပွဲဝင်ခဲ့ခြင်းကြောင့်မဟုတ်။ လက်တွေ့တွင် စီးပွားရေးညီမျှမှုကို အလေးထားသည့် အထက်လွှာအာဏာရှိလူတန်းစားထံမှ စီးပွားရေးညီမျှမှုကို အလေးထားမှု နည်းပါးသည့်လူထုထံသို့ နိုင်ငံရေးအာဏာလွှဲပြောင်းသည့် ဖြစ်စဉ်များဖြစ်ကြသည်။

ဒီမိုကရေစီသည် ကျားမ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး၊ ဆင်းရဲချမ်းသာမရွေး အရွယ်ရောက်သူတိုင်း မဲပေးပိုင်ခွင့် ရွေးကောက်ခံပိုင်ခွင့်အတွက်၊ ဓနအင်အား ပြန်လည်ခွဲဝေရေးအတွက် ဆန္ဒလိုလားမှုများမှ ပေါ်ထွက်လာခြင်းမဟုတ်ပေ။ လွတ်လပ်ခွင့်များအတွက် လှုပ်ရှားရုန်းကန်သည့်တိုက်ပွဲများမှ ပေါ်ထွန်းလာခြင်းဖြစ်သည်။ လူ့သမိုင်းတလျှောက်တွင် မင်းဆိုးမင်းညစ်များ၊ အာဏာရှင်စနစ်များ ပေါ်ထွန်းခဲ့ကြသည်။ အထက်လွှာအုပ်ချုပ်သူလူတန်းစားများက ပြည်သူလူထုအား ဖိနှိပ်အုပ်ချုပ်နိုင်ခြင်းကြောင့် အဆိုပါစနစ်များ တည်ရှိခဲ့ရခြင်းမဟုတ်ပေ။ ပြည်သူလူထု၏လက်ဝယ် အရင်းအမြစ်များနှင့် ဒီမိုကရေစီအဆောက်အအုံများအား ရယူနိုင်မည့် စည်းရုံးရေး အတတ်ပညာကျွမ်းကျင်မှုမရှိခဲ့သဖြင့်၊ ဒီမိုကရေစီအဆောက်အအုံများရယူရေးအား ထိပ်တန်းဦးစားပေးအဆင့်တွင် မထားရှိခဲ့သဖြင့် ထိုကဲ့သို့သော အုပ်ချုပ်သူများ အုပ်ချုပ်ရေးစနစ်များဖြင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ဒီမိုကရေစီအား ရွေးကောက်ပွဲအခြေခံပေါ်တွင်သာ ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုမည်ဆိုပါက လူထု၏အခန်းကဏ္ဍဆိုသည်မှာ အရေးမကြီးတော့ပေ။ သို့သော် ယခုအခါ ဒီမိုကရေစီ၏ ယေဘုယျစံနှုန်းများနှင့် အဓိပ္ပါယ်မှာ ထို့ထက်မက များစွာကျယ်ပြန့်သည်ကို လက်ခံလာကြပြီဖြစ်သည်။ ချုပ်၍ဆိုရလျှင် ဒီမိုကရေစီဖော်ဆောင်ခြင်းဆိုသည်မှာ သာမန်နိုင်ငံသူ နိုင်ငံသားများ၏လက်ဝယ်သို့ နိုင်ငံရေးအာဏာ လွှဲပြောင်းပေးအပ်ခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ သို့ဖြစ်ရာ ဒီမိုကရေစီဖော်ဆောင်ခြင်းလုပ်ငန်းတွင် ပြည်သူလူထု၏ စွမ်းအားပြည့်ပါဝင်မှုသည် အခရာကျသည်။ လူထုကိုသာ အခြေခံရမည်ဖြစ်သည်။

## ရည်ညွှန်း

Welzel, Christian and Ronald Inglehart, "The role of ordinary people in democratization", Journal of Democracy (January 2008: Vol. 19, No. 1)

# ဒီမိုကရေစီ ရေခံမြေခံနဲ့ တစိတ်တည်းပဲလား

## ဇမောင်ရင်

### ကယ်တင်ရှင် အမေရိကန်

၂၀၀၅ တုန်းကကြည့်ခဲ့ဖူးတဲ့ Stealth ဆိုတဲ့ စိတ်ကူးယဉ် သိပ္ပံရုပ်ရှင်ကားထဲမှာ အမေရိကန်ရေတပ်မတော်ရဲ့ တိုက်လေယာဉ်အုပ်စုကြီး ရန်ကုန်မြို့လယ်ခေါင်ကို ဝင်တိုက်တဲ့အခန်းပါတယ်။ အဲ့ဒီလေယာဉ်အဖွဲ့က အမေရိကန် ရေတပ်မတော်ကြီးက တီထွင်ထားတဲ့ EDI (Extreme Deep Invader) လို့ လျှို့ဝှက်သင်္ကေတပေးထားတဲ့ မှတ်ဉာဏ်အတုနဲ့ ထိန်းချုပ်မောင်းနှင်တဲ့ တိုက်လေယာဉ် (Unmanned Combat Air Vehicle) တွေကို လေ့ကျင့်ဖို့ စေလွှတ်ထားတဲ့ အမေရိကန်မရိန်းတပ်သားတွေ။ EDI ဆိုတာက မောင်းတဲ့လူမပါဘဲ ကွန်ပျူတာစနစ်နဲ့ထိန်းချုပ်တဲ့ တိုက်လေယာဉ်တွေ။ ဒီ EDI လေ့ကျင့်ရေးလုပ်နေစဉ်မှာပဲ ဒီအဖွဲ့ကို အရေးပေါ်တာဝန်ပေးချက်နဲ့ ရန်ကုန်မြို့ကို ဦးတည်ပျံသန်းလာတာ။ သူတို့စစ်ဆင်ရေးရည်ရွယ်ချက်က ရန်ကုန်မြို့ထဲမှာရှိနေတဲ့ အကြမ်းဖက်သမားတွေရဲ့ဌာနချုပ်ကို ဝင်တိုက်ဖို့ပဲ။ ဒီစစ်ဆင်ရေးကို အောင်အောင်မြင်မြင် ပြီးဆုံးအောင်တိုက်အပြီးမှာ အဲ့ဒီ တိုက်လေယာဉ်အဖွဲ့ဟာ သူတို့ လာရာ လေယာဉ်တင်ရေတပ်သင်္ဘောကြီးဆီ ပြန်ထွက်ခွာသွားတယ်။

အဲဒီကားမှာ မြန်မာဖြတ်လျှောက်သရုပ်ဆောင်တွေ အများကြီးသုံးထားတယ်လို့ဆိုတယ်။ ရုပ်ရှင်ထဲမှာ မြန်မာတွေကိုမြင်လိုက်ရတာကတော့ မိနစ်ဝက်စာလောက်အခန်းကလေးပါ။ အဓိကပြောချင်တာက ဒီ ရုပ်ရှင်မဟုတ်ပါဘူး။ ဆက်စပ်တွေးမိတဲ့ ခေတ်မီ၊ ခေတ်လွန်နည်းပညာတွေနဲ့ လက်နက်တပ်ဆင်ထားတဲ့ အမေရိကန်ရေတပ်မတော်နဲ့ မြန်မာနိုင်ငံအကြောင်းပါ။

ဒီရုပ်ရှင်အပြင် ဟိုတလောက အသံတွေတော်တော်ညံလိုက်သေးတဲ့ နယ်စပ်မှာ တစ်ကိုယ်တော်ဝင်ကြဲပြီး မြန်မာစစ်တပ်ကိုဆုံးမသွားတဲ့ ဂျွန်ရမ်ဘို ဆိုတဲ့ကားလည်း ရှိသေးတယ်။ ၈၈ အရေးအခင်းမှာ အမေရိကန်ရေတပ်တွေ ရန်ကုန်မြစ်ဝရောက်နေပြီဆိုလို့ တကယ်ပဲ ဒီစစ်အာဏာရှင်တွေကို တောခြောက်မောင်းထုတ်ပေးတော့မလား အောက်မေ့မိကြသေးတာလည်း အမှတ်ရမိတယ်။

နောက်တစ်ခါ မကြာသေးမီကပဲ နာဂစ်မုန်တိုင်းမှာ လူသားချင်းစာနာတဲ့အကူအညီပေးဖို့ အမေရိကန်ရေတပ်သင်္ဘောတွေ ရောက်လာတုန်းကလည်း မြန်မာတော်တော်များများက တခါတည်း လမ်းကြုံတုန်းလေး မြန်မာစစ်အစိုးရကို ဖြုတ်ချပေးသွားနိုင်တယ်ဆိုဘယ်လောက်ကောင်းမလဲဆိုတဲ့မျှော်လင့်ချက်နဲ့ အားမလိုအားမရဖြစ်ကြတယ်။ တကယ်ဖြုတ်ချပေးနိုင်ခဲ့မယ်ဆိုရင်တော့ ကောင်းပါတယ်။

ဒီအရင်ကလဲ ဟိုးကြပ်ပြေး နေပြည်တော်က ခေါင်းဆောင်ကြီးရဲ့ စံအိမ်တော်အကြီးကြီးကို ဂူးဂဲ(လ်)ဆက်တလိုက် မြေပုံကနေ မြင်ရတုန်းက၊ သာမာန်လူတွေမထိစေဘဲ အဲဒီနေရာကွက်ကွက်ကလေးကို အမေရိကန်ရဲ့ တာဝေးပစ်ဒုံးကျည်လေး တစ်လုံးလောက်များလက်ဆောင်ပေးလိုက်ရင်များ ကောင်းလေစွလို့ ကျနော်တို့တွေ အိပ်မက်တွေမက်ပြီး ခေါင်းဆောင်ကြီးကို မေတ္တာပို့ပြီး၊ အမေရိကန်ကို မျှော်လင့်ကြသေးတယ်။

ဒီလိုဘာကြောင့် မြန်မာတွေ ပြည်ပအကူအညီ (အထူးသဖြင့် အမေရိကန်စစ်အင်အား) ကို စိတ်ကူးမျှော်လင့်ကြသလဲ တွေးကြည့်မိတော့ ဒီမိုကရေစီနစ်ဖော်ဆောင်ခြင်းလို့ဆိုလိုက်ရင် ပထမဆုံး ပြေးမြင်ကြတာက ဒီမိုကရေစီဦးဆောင်လမ်းပြနိုင်ငံကြီးတစ်ခုအဖြစ်သတ်မှတ်ထားကြတဲ့ အများသိတဲ့ အမေရိကန်ပါပဲ။ စစ်ရေးအရဝင်ရောက်တိုက်ခိုက်ပေးပြီး ဒီမိုကရေစီဖော်ဆောင်ပေးခဲ့နိုင်တာက ဒီ အမေရိကန်ရဲ့ ရေတပ်မတော်ဦးစီးတဲ့ စစ်အင်အားဖြစ်နေလို့ပါပဲ။

## အမေရိကန်ရာစုနှစ်

သမိုင်းနောက်ခံမှာလည်း တကယ့်ကိုအမေရိကန်ရဲ့အခန်းကဏ္ဍက အရေးပါခဲ့တယ်ဆိုတာ သွားတွေ့ပါတယ်။ ပြီးခဲ့တဲ့ရာစုနှစ်ကိုပြန်ကြည့်ရင် အာဏာရှင်တွေချုပ်ကိုင်ထားတဲ့ နိုင်ငံတော်တော်များများ ဒီမိုကရေစီ အသွင်ကူးပြောင်းသွားခဲ့တာကို ပက်ပင်းကြုံခဲ့ရတဲ့ မျက်မြင်သက်သေတစ်ယောက်ကိုပြပါဆို အဲဒါ နှစ်ဆယ်ရာစုနှစ်ပါပဲ။

ဒီလို အသွင်ကူးပြောင်းမှုတွေကို ပြန်ကြည့်လိုက်တော့ အဓိကပံ့ပိုးပေးခဲ့တဲ့ဇာတ်လိုက်ကျော်ကြီးက တကယ်ပဲ အမေရိကန်နိုင်ငံ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ နှစ်ဆယ်ရာစုကို အမေရိကန်ရာစု (သို့မဟုတ်) ဒီမိုကရေစီရာစုလို့လည်း တချို့က ခေါ်ကြတယ်။

အဲဒီပြောင်းလဲမှုတော်တော်များများကို ကျောထောက်နောက်ခံပြုထားတာကတော့ အမေရိကန်စစ်တပ်ရဲ့ ဝင်ရောက်ထိန်းသိမ်းမှုနဲ့ ထိုးစစ်ဆင်နွှဲမှုကြီးတွေဖြစ်နေတာပါပဲ။ အထင်ရှားဆုံးကတော့ အမေရိကန်ရဲ့ အဓိကစစ်ကြောင်းသုံးကြောင်းခွဲစေလွှတ်ပြီး တချိန်ကစပိန်အင်ပါယာကြီးဖြစ်ခဲ့တဲ့ ဖိလစ်ပိုင်၊ ကျူးဘားနဲ့ ပျူယာတိုရီကိုနိုင်ငံတွေမှာ ဒီမိုကရေစီထွန်းကားအောင် အင်အားသုံးဝင်ရောက်ခဲ့တာပါပဲ။ ဒီလိုလုပ်တဲ့နေရာမှာ အရင်းအနှီးကကြီးမားတဲ့ စစ်စရိတ်တင်မကဘဲ၊ အသက်သွေးပေါင်းများစွာ ပေးဆပ်ခဲ့ရပါတယ်။

၁၈၉၉ – ၁၉၀၂ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ ဖိလစ်ပိုင် နိုင်ငံအာဏာရှင်တွေကို ဝင်ရောက်တိုက်ခိုက်ဖြုတ်ချခဲ့တဲ့ဖြစ်ရပ်ကိုကြည့်ရင်ပဲ အမေရိကန်စစ်သည်ပေါင်း လေးထောင်ကျော်အသက်ဆုံးရှုံးခဲ့ရပြီး၊ သူတို့အစိုးရကို ကိုယ်တိုင်ဖြုတ်ချဖို့တိုက်ပွဲဝင်ခဲ့တဲ့ ဖိလစ်ပိုင်မျိုးချစ်ပျောက်ကျားစစ်သည်ပေါင်း တစ်သောင်းခြောက်ထောင်ကျော်နဲ့ အရပ်သားပေါင်း နှစ်သိန်းနီး

ပါးခန့် အသက်ပေးခဲ့ကြရပါတယ်။ ဒီစစ်ပွဲအပြီး ဆယ်နှစ်နီးပါးကြာတဲ့အခါမှာ အမေရိကန်ရဲ့ ၂၈ ယောက်မြောက်သမတ ဝီ(လ်)ဆင် (Woodrow Wilson 1856 – 1924) က လက်တင်အမေရိကန်နိုင်ငံများစွာဆီ အမေရိကန်ရေတပ်မတော် (US Marine) တပ်တွေ ပထမဦးဆုံးစေလွှတ်ခဲ့တုန်းက "တောင်အမေရိကနိုင်ငံတွေကို လူကောင်းတွေရွေးကောက်တင်မြှောက်ခြင်း ဆိုတာ သွားသင်ကြားပေးခြင်း" ဆိုပြီး တရားဝင်ကြေငြာခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ကမ္ဘာကြီးကို ဒီမိုကရေစီစနစ်နဲ့ ဘေးကင်းစေရမည်ဆိုတဲ့အမြင်နဲ့၊ အမေရိကန်စစ်တပ် ကြီးတစ်ခုလုံးကို ဥရောပတိုက်ထဲအထိ စေလွှတ်ခဲ့ပါတယ်။ ဒါကြောင့် ဒီကာလကို ဒီလမ်းစဉ်နဲ့ ဒီမိုကရေစီစီမံကိန်းချမှတ်ခဲ့တဲ့ သမတဝီလဆင်ကိုအစွဲပြုပြီး ဝီ(လ်)ဆိုနီယံရာစုလို့တောင် အမည်ပေးခဲ့ကြသေးတယ်။

## ကျည်ဆံကြားက မဲတပြား

ဒီလိုမျိုး ကျည်ဆံကြားက မဲတပြားဆိုသလို စစ်အင်အားသုံးပြီး ဒီမိုကရေစီဆောင်ကျဉ်းပေးခဲ့တဲ့ အမေရိကန်ရဲ့စွမ်းဆောင်မှုတွေထဲက ပြီးခဲ့တဲ့ဆယ်စုနှစ်တွေကိုပြန်ကြည့်ရင် အဓိကကမ္ဘာ့ဒေသကြီး တိုက်ကြီးလေးတိုက်မှာ တွေ့ရပါတော့တယ်။

ပထမ က ၁၉၀၀ ကနေ ၁၉၃၀ အတွင်းမှာ ကာရစ်ဘီယန်ပင်လယ်ဒေသနဲ့ အမေရိကတိုက်အလယ်ပိုင်းဖြစ်တဲ့ ကတ်စထရိုအုပ်စိုးတဲ့ ကျူးဘား၊ ဒိုမီနီကန် ရီပဲ့ဗ်လစ်၊ ဟေတီနဲ့ နီကာရာဂွာ နိုင်ငံတွေပါပဲ။ ၁၉၆၀ က ၁၉၉၀ အထိ နှစ်သုံးဆယ်အတွင်းမှာ နီကာရာဂွာနဲ့ ဟေတီတွေကို ထပ်မံဝင်ရောက်ခဲ့ရပြီး ဒီကာလတွေမှာတော့ ဂရီနားဒါးနဲ့ ပနားမားတွေပါ ထပ်ပါလာခဲ့ပါတယ်။

နောက်သုံးနေရာကတော့ ၁၉၄၀ ကနေ ၁၉၅၀ အတွင်း ဥရောပအလယ်ပိုင်းဖြစ်တဲ့ အနောက်ဂျာမဏီ၊ ဩစတြီးယားနဲ့ အီတလီနိုင်ငံကြီးများ၊ ၁၉၄၀ ကနေ ၁၉၅၀ အတွင်း အာရှအနောက်ပိုင်းဖြစ်တဲ့၊ ဂျပန်နဲ့ တောင်ကိုရီးယား၊ ၁၉၆၀ ကနေ ၁၉၇၀ အတွင်း ကျနော်တို့ အရှေ့တောင်အာရှထဲမှာကိုဖြစ်သွားခဲ့တဲ့ ဗီယက်နမ်ပဲဖြစ်ပါတယ်။ ၁၉၉၀ လွန်နှစ်တွေအတွင်းမှာတော့ အမေရိကန်ဒီမိုကရေစီဖော်ဆောင်ပေးတဲ့ ကြိုးပမ်းချက်တွေကို ပြိုကွဲသွားတဲ့ ဆိုဗီယက်ပြည်ထောင်စုကြီးအတွင်းနဲ့ အရှေ့ဥရောပကွန်မြူနစ်နိုင်ငံတွေမှာ တွေ့နိုင်ပါသေးတယ်။ ဒါပေမယ့် ဒီနေရာတွေမှာတော့ ကိုဆိုဗိုနဲ့ ဘော့(စ)နီးယားတို့ကလွဲပြီး အမေရိကန်ဟာ စစ်အင်အားသုံးခဲ့ခြင်း မရှိတော့ပါဘူး။

ဒီလိုအမေရိကန်ရဲ့ စစ်အင်အားသုံးဝင်ရောက်ပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ပေးခဲ့ရာမှာ မအောင်မြင်တာတွေလည်းရှိသလို၊ အလုပ်မဖြစ်ခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ဒီ အမေရိကန်ရဲ့ စစ်အင်အားသုံး ဒီမိုကရေစီဆောင်ကျဉ်းပေးခဲ့တဲ့နိုင်ငံတွေထဲက အဓိက အောင်မြင်မှုကြီးများအဖြစ်သုံးသပ်ကြတဲ့ အဓိကအောင်မြင်မှုကြီးနှစ်ခုကတော့ အနောက်ဂျာမဏီနဲ့ ဂျပန်နိုင်ငံပါပဲ။

အမေရိကန်ကျေးဇူးမကင်းဘူးဆိုရင်တောင်ရနိုင်မယ့် ဒီနိုင်ငံကြီးတွေမှာ ဒီမိုကရေစီစနစ်ထွန်းကားပြီး စက်မှုပိုင်းရော၊ စီးပွားရေးသာမက လူနေမှုအဆင့်အတန်းမှာပါ၊ ထိပ်တန်းကို ရောက်လာခဲ့တာ မငြင်းနိုင်တဲ့အချက်ပါ။

## ဒီမိုအီရတ်စစ်ဆင်ရေး

မနေ့တနေ့ကတင်ဖြစ်ပွားခဲ့တဲ့ အီရတ်နိုင်ငံကို စစ်အင်အားသုံးဝင်ရောက် နေရာယူခဲ့တဲ့ဖြစ်စဉ်ဟာ ဝီ(လ်)ဆိုနီယံ လမ်းစဉ်ရဲ့ အနီးဆုံး၊ အထင်ရှားဆုံးသာဓကပေါပဲ။ အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ အာဏာရှင်ဆဒန်ဟူစိန်ကို ဖယ်ရှားပြီး ဒီမိုကရေစီဆောင်ကျဉ်းပေးဖို့ လုပ်ဆောင်တဲ့ အမေရိကန်နဲ့ မဟာမိတ်တပ်တွေရဲ့ကြိုးပမ်းချက်က ဒီကနေ့အထိတော့ အီရတ်မှာ ဒီမိုကရေစီစနစ်ကို လှမ်းမမြင်နိုင်သေးဘဲ ဖြစ်နေပါတယ်။

အမေရိကန်ကို အီရတ်စစ်ပွဲထဲ တွန်းပို့ခဲ့တဲ့နောက်ကွယ်က အဓိကတွန်းအားကို လှမ်းကြည့်လိုက်တော့ အမေရိကရဲ့ အဓိကအတွေးအခေါ်ဝါဒီ အုပ်စုကြီးနှစ်ခုဖြစ်တဲ့ လစ်ဘရယ်လက်သစ်တွေနဲ့ ကွန်ဆာဗေးတစ်လက်သစ်တွေ ဖြစ်နေတာပါပဲ။ လစ်ဘရယ်လက်သစ်တွေရဲ့ ပစ်မှတ်ကတော့ ဒီမိုကရက်တစ်ငြိမ်းချမ်းရေး Democratic Peace ဆိုတာကြီး ဖော်ဆောင်ဖို့ အမေရိကန်ကို ပြိုင်ဘက်ကင်းအာဏာနဲ့ ဩဇာလွှမ်းမိုးမှု တည်ဆောက်နိုင် ရမယ်လို့ ဆိုတယ်။

တစ်ဖက်မှာတော့ ရှေးရိုးစဉ်လာသမား ကွန်ဆာဗေးတစ်လက်သစ်တွေရဲ့ အဓိကစိတ်ဝင်စားချက်ကတော့ “ကမ္ဘာ့လုံခြုံရေးမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍ” ဆိုတာပဲဖြစ်တယ်။ ကွန်ဆာဗေးတစ်လက်သစ်တွေရဲ့မူက ဒီလို တုဘက်ကင်းဖို့လုပ်ဆောင်ရာမှာ အမေရိကန်နဲ့ မဟာမိတ်နိုင်ငံတွေရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်မှန်သမျှ ဖယ်ရှားပစ်ရေးပါပဲ။ ဒီအထဲမှာ ကမ္ဘာပေါ်မှာ စိတ်မချရဆုံး၊ မလုံခြုံဆုံးဒေသဖြစ်တဲ့ အစ္စရေးနိုင်ငံ လုံခြုံရေးပြဿနာလည်း အပါအဝင်ဖြစ်နေပါတယ်။ ဒီကွန်ဆာဗေးတစ်အများစုကတော့ ဘုရှ် ရုံးအဖွဲ့က အရပ်ဘက် ထိပ်သီးအရာရှိကြီးတွေဖြစ်ပြီး ကာကွယ်ရေးဌာနက အများစုဖြစ်တယ်။ ဒါပေမယ့် သမားရိုးကျပိုဆန်တဲ့ ကွန်ဆာဗေးတစ်ကြီးတွေဖြစ်တဲ့ စစ်တပ်ထိပ်သီးအရာရှိကြီးတွေမဟုတ်ဘဲ ကာကွယ်ရေးဌာနက အရပ်ဘက်ထိပ်သီးအရာရှိကြီးတွေဖြစ်နေတာပါပဲ။

ယေဘုယျအားဖြင့်တော့ ဒီ ကွန်ဆာဗေးတစ်လက်သစ်တွေရော၊ လစ်ဘရယ်လက်သစ်တွေရော အုပ်စုနှစ်ခုလုံး အထူးအာရုံကျတဲ့နေရာကတော့ အရှေ့အလယ်ပိုင်းနဲ့ အထူးသဖြင့် အီရတ်ပါပဲ။ လစ်ဘရယ်လက်သစ်တွေက အရှေ့အလယ်ပိုင်းဟာ ဒီမိုကရေစီထွန်းကားနေတဲ့ ဥရောပနဲ့ အရှေ့အာရှအကြားမှာရှိနေတဲ့အတွက် ဒီမိုကရေစီနယ်ပယ်အသစ်ကြီးအဖြစ် မြင်ကြတယ်။ ကမ္ဘာ့စီးပွားရေး စည်းချက်မှန်မှန်ဖြောင့်ဖြူးနေစေဖို့ ဒီ ပါရှန်ပင်လယ်ကွေ့က ရေနံတင်ပို့ရေးတည်ငြိမ်ဖို့ အရေးပါတဲ့အချက်ကိုလည်း သိထားကြတယ်။

အကယ်၍ ရေနံနဲ့ သယံဇာတကြွယ်ဝချမ်းသာလွန်းတဲ့ ဒီ အရှေ့အလယ်ပိုင်းဒေသသာ အစုလိုက်အပြုံလိုက်သေစေမယ့် လက်နက်တွေတပ်ဆင်မိပြီး၊ အစ္စလာမ် စစ်သွေးကြွ သူပုန်တွေနဲ့ မဟာမိတ်ပြုမိခဲ့မယ်ဆိုရင်တော့ အစ္စရေးဒေသအပါအဝင် အမေရိကန်လုံခြုံရေးကို ခြိမ်းခြောက်မှာဖြစ်တဲ့အတွက် အာဏာရှင်ဆဒန်ဟူစိန်အစိုးရကို စစ်ရေးအရ အရေးယူပြီးဖြုတ်ချဖို့ အရေးကြီးလာတယ်လို့ ကွန်ဆာဗေးတစ်လက်သစ်တွေက မြင်လာတယ်။ ပြီးတော့ အီရတ်နိုင်ငံဟာ သဘာဝသယံဇာတကြွယ်ဝပြီးသားဖြစ်တဲ့အပြင်၊ ပညာတတ် လူတန်းစားများစွာရှိနေတဲ့အတွက်ကြောင့် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့ ရေခံမြေခံကောင်းပြီးသားလို့ သုံးသပ်ကြတယ်။

အဆုံးသတ်မှာ ကွန်ဆာဗေးတစ်လက်သစ်အုပ်စုနဲ့ လစ်ဘရယ်လက်သစ် အုပ်စုကြီးနှစ်ခုဟာ အီရတ်နိုင်ငံကို စစ်အင်အားသုံးဝင်ရောက်ပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးဖို့ဆိုတဲ့လမ်းစဉ်ဆီ ဆိုက်ရောက်ခဲ့ကြပြီး ကမ်းကုန်အောင်ရက်စက်တဲ့ စစ်အာဏာရှင် ဆဒန်ဟူစိန်ကိုဖယ်ရှားဖို့ ဆုံးဖြတ်ခဲ့ကြတယ်ဆိုတယ်။

အီရတ်စစ်ပွဲ အရှိန်မြှင့်ဖို့အကြောင်းပြချက်အနေနဲ့ ဘုရှ် အစိုးရနဲ့ ကွန်ဆာဗေးတစ်လက်သစ်များက အနောက်ဂျာမဏီနဲ့ ဂျပန်နိုင်ငံမှာ အမေရိကန်စစ်ရေးအရ အင်အားသုံးပြီး ဒီမိုကရေစီစနစ်ကို အသက်သွင်းပေးနိုင်ခဲ့တာကို သမိုင်းဝင်ဒီမိုကရေစီဖော်ဆောင်နိုင်ခဲ့တဲ့ အောင်မြင်မှုကြီးအဖြစ် သာဓကပြကြတယ်။

တကယ်လည်း ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ဒီ အနောက်ဂျာမဏီနဲ့ ဂျပန်မှာ စစ်အင်အားသုံးဝင်ရောက်ခဲ့တဲ့ အမေရိကန်ရဲ့လုပ်ရပ်ဟာ စစ်ရေးအရအောင်မြင်မှုသာမကပဲ ဒီမိုကရေစီကူးပြောင်းပေးခဲ့တဲ့ အောင်မြင်မှုကြီးတွေအဖြစ် သုံးသပ်ကြပြီး ၁၉၄၀ ခုနှစ်တွေမှာ အမေရိကန်ဟာ ဒီမိုကရေစီဖော်ဆောင်မှုမှာ အထင်တကြီးခံရပြီး ဒီနယ်ပယ်မှာ ဩဇာသက်ရောက်ခဲ့တာ အမှန်ပါ။ ဒါပေမယ့် ကျွမ်းကျင်သူအချို့ သုံးသပ်ချက်နဲ့ အငြင်းပွားစရာကတော့ အမေရိကန်ဝင်မလာခင်ကတည်းက ရှိပြီးဖြစ်နေတဲ့ ဒီနိုင်ငံကြီးနှစ်နိုင်ငံရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုဓလေ့တွေကပဲ သူတို့ကို ဒီမိုကရေစီစနစ်စစ်စစ်ဆီ တွန်းပို့လိုက်တာပဲလို့ အခုထိ ဆွေးနွေးငြင်းချက်ထုတ်နေရတယ်။

## ကန် ဒီမိုစီမံကိန်းနဲ့ အာရပ်နိုင်ငံတွေ

ဒါပေမယ့် လွန်ခဲ့တဲ့ဆယ်စုနှစ်တွေမှာ ဒီဆွေးနွေးချက်တွေက မူဆလင်နဲ့ အာရပ်ကမ္ဘာအထိ ကျယ်ပြန့်သွားခဲ့ပြီး အမေရိကန်တွေအောင်မြင်မှုရခဲ့တဲ့ နိုင်ငံတွေနဲ့မတူတဲ့အချက်တွေကို ထောက်ပြလာလိုက်ကြတာ၊ အီရတ်ကိုဝင်ရောက်တိုက်ခိုက်တဲ့ပွဲအပြီးမှာ အဲဒီသုံးသပ်ချက်တွေက ပိုခိုင်မာလာသလိုဖြစ်သွားတယ်။ အဓိကကတော့ အီရတ်မှာ အမေရိကန်နဲ့ မဟာမိတ်တို့ကျေးဇူးကြောင့် ဆဒန်ဟူစိန်ရဲ့ အာဏာရှင်အစိုးရ ပြုတ်ကျသွားခဲ့သည့်တိုင်အောင် ဒီမိုကရေစီ ခုထိ မဖော်ဆောင်နိုင်သေးတာဟာ အတိတ်က အမေရိကန်တို့ အောင်မြင်မှု ရခဲ့တဲ့ အနောက်ဂျာမဏီ၊ ဂျပန်တို့နဲ့မတူခြားနားတဲ့အချက်များစွာကြောင့်လို့ ပညာရှင်များ၊ သုသေတီများက ထောက်ပြလာကြတယ်။ အဲဒီအချက်တွေထဲက အဓိကသုံးချက်ကတော့ ဒီမိုကရေစီရေခံမြေခံ အတွေ့အကြုံရှိမနေခြင်း၊ ပြည်ပအတ္တရာယ်ခြိမ်းခြောက်မှု အကြီးအကျယ်ရှိမနေခြင်းနဲ့၊ ကြီးမားတဲ့ တသွေးတသားတည်း လူမျိုးစုလူဦးရေရှိမနေခြင်း ဆိုတာတွေပါပဲ။

## ဒီမိုကရေစီ ရေခံမြေခံ

၂၀၀၃ နွေရာသီမှာ အီရတ်ကို စစ်အင်အားသုံးဝင်ရောက်ခဲ့တဲ့ ရည်ရွယ်ချက်အဖြစ်၊ အမေရိကန်က ကတိပေးထားခဲ့တာကတော့ စစ်အာဏာရှင်အုပ်စိုးတဲ့ အီရတ်လိုနိုင်ငံမျိုးမှာ ဒီမိုကရေစီစနစ် ရအောင်ဖော်ဆောင်ပေးပြီး အာရပ်ကမ္ဘာမှာ ဒီမိုကရေစီဖော်ဆောင်

ပေးနိုင်ခဲ့တဲ့ စံနမူနာပြနိုင်ငံတနိုင်ငံဖြစ်စေရမယ်လို့ ဆိုပါတယ်။ နောက်တဆင့်အနေနဲ့ ဒီမိုက ရက်တစ်အီရတ်က အခြေပြုပြီး အရှေ့အလယ်ပိုင်းဒေသအတွင်းမှာ ဒီမိုကရေစီစနစ် ပြန့်ပွား ထွန်းကားလာရေးပါပဲ။ အဓိကကတော့ ဆီးရီးယား၊ အီရန်နဲ့ ဆော်ဒီအာရေဗျတို့ပါပဲ။ ဒါပေမယ့် အီရတ်ကို အမေရိကန်နဲ့ မဟာမိတ်တွေ ဝင်ရောက်ပြီး အခုချိန်အထိ ဒီမိုကရေစီ အရိပ်အယောင်တောင် မမြင်ရနိုင်သေးတဲ့အခါ ဝေဖန်သူများက ဒါဟာ စစ်ရေးအရ ကျူး ကျော်ဖို့ အကြောင်းပြချက်ကောင်းသက်သက်ပဲလို့ သုံးသပ်လာကြတယ်။ ဒါပေမယ့် အခြား တဖက်မှာ သုံးသပ်ထားတာတွေကတော့ ဒီ အာရပ်ကမ္ဘာထဲက အီရတ်လိုနိုင်ငံဟာ ၁၉၄၀ နှစ်တွေတုန်းက အမေရိကန်တွေ အောင်မြင်မှုရခဲ့တဲ့ ဂျာမဏီနဲ့ ဂျပန်လိုမျိုး မဟုတ်ဘူးဆိုတဲ့ အချက်ပါပဲ။

အမေရိကန်တို့ စစ်ရေးအရဝင်ရောက်ပြီး ဒီမိုကရေစီအသက်သွင်းပေးနိုင်ခဲ့တယ် ဆိုတဲ့ ဂျာမဏီနဲ့ ဂျပန် ( ဩစတြီးယားနဲ့ အီတလီလည်းအပါ) ရဲ့ သမိုင်းကိုပြန်ကြည့်တဲ့အခါ ဒီနိုင်ငံတွေမှာ လွတ်လပ်တဲ့ဒီမိုကရေစီအတွေ့အကြုံတွေက အမေရိကန်စစ်တပ်တွေ မဝင်ခင် ဆယ်စုနှစ်အတော်များများကတည်းက ရှိခဲ့ပြီးသားလို့ဆိုကြတယ်။

ဂျာမဏီနိုင်ငံသမိုင်းကိုပြန်ကြည့်ရင် ၁၉၁၉ ကနေ ၁၉၃၃ အထိ ဝိုင်းမားရီပဲ့ဘလစ် (Weimar Republic) ဆိုတဲ့ ဒီမိုကရေစီနဲ့ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ရီပဲ့ဘလစ်အစိုးရရှိခဲ့တဲ့ သမိုင်းဝင်ကာလတွေရှိခဲ့တာကို တွေ့နိုင်ပါတယ်။ ဒီလိုပဲ ပထမကမ္ဘာ စစ်နဲ့ သူတို့အင်အားအကြီးအကျယ်ကျဆုံးချိန်မတိုင်ခင် ကြားကာလတွေကိုပြန်ကြည့်ရင် ဂျပန်ဟာ liberalization ဆိုတဲ့ လွတ်လပ်တဲ့ စနစ်ကျင့်သုံးခဲ့တဲ့အတွေ့အကြုံတွေ ရှိနေခဲ့တဲ့ အပြင် ၁၉၂၀ နှစ်တွေမှာ Democratization ဆိုပြီး ဒီမိုကရေစီစနစ်ကိုတောင် ရှေ့ပြေး ကျင့်သုံးခဲ့တာကို တွေ့နိုင်ပါတယ်။

ဩစတြီးယားမှာလည်း ဝိုင်းမားရီပဲ့ဘလစ်လို ပုံစံခပ်ဆင်ဆင် နိုင်ငံတော်အာဏာ ဟာ ပြည်သူ့လက်မှာရှိခဲ့ဖူးတဲ့ အတွေ့အကြုံရှိသလို အီတလီနိုင်ငံကိုကြည့်ရင်လည်း လွတ်လပ်သောဒီမိုကရေစီစနစ် (liberal democracy) က အသက်ဝင်နေခဲ့တာ ၁၉၂၂ မှာ အာဏာရှင်မူဆိုလီနီလက်ချက်နဲ့ အဆုံးသတ်မသွားခင်အထိပါပဲ။

အဲဒီလိုနိုင်ငံတွေမှာ လွတ်လပ်တဲ့ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရက်တစ်ပါတီတွေ ထွန်း ကားခဲ့ပြီး ၁၉၄၀ နှောင်းပိုင်းနှစ်တွေမှာ စစ်အာဏာရှင်တွေရဲ့ဖိနှိပ်မှုနဲ့ ပျက်စီးသွားခဲ့ရပေမယ့် ဒီမိုကရေစီစနစ်ကို ကောင်းကောင်းတွေ့ကြုံဖူးခဲ့တဲ့ ပြည်သူလူထုကြီးရဲ့မှတ်ဉာဏ်မှာတော့ ဒီမိုကရေစီစနစ်ရဲ့ လွတ်လပ်တဲ့အရသာဟာ ကောင်းကောင်းစွဲနေခဲ့ပါပြီ။ ဒီထက်ပိုကောင်းတာ ကတော့ အဲဒီ လစ်ဘရယ်ဒီမိုကရေစီခေတ်တွေမှာ ထင်ရှားခဲ့တဲ့ခေါင်းဆောင်တွေဟာ အမေရိ ကန်စစ်တပ်တွေ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့တဲ့အချိန်အထိကို ရှိနေသေးတာပါပဲ။ အမေရိ ကန်တပ်တွေသိမ်းပိုက်ဝင်ရောက်ပြီး မကြာခင်မှာပဲ ဒီခေါင်းဆောင်တွေကို ပြန်ရွေးထုတ်ခဲ့တာ ဂျာမဏီမှာ ကွန်ရဒ်အဒီးနော (Konrad Adenauer)၊ ဩစတြီးယားမှာ ကား(လ်)ရန်းနား (Karl Ranner) အီတလီမှာ အလ်ချီးဒီး (Alcide de Gasperi) နဲ့ ဂျပန်မှာ ရှီဂဲရု ယိုရှီဒ (Shigeru Yoshida) တို့ကို လစ်ဘရယ်ဒီမိုကရေစီစနစ် ပြန်လည်ဖော်ဆောင်ဖို့ ခေါင်းဆောင် ကောင်းတွေအဖြစ် ပြန်ရွေးထုတ်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် အီရတ်နိုင်ငံရဲ့ အတိတ်ကိုကြည့်ရင် ဒီနိုင်ငံတွေနဲ့ လုံးဝဆန့်ကျင်နေပြီး၊ ဒီမိုကရေစီနဲ့ လွတ်လပ်ခြင်းဆိုတဲ့အရသာကို အီရတ်ပြည်သူတွေက နည်းနည်းလေးမှ မြည်းစမ်းခဲ့၊ အတွေ့အကြုံရှိခဲ့ဖူးတာမဟုတ်ပါ။ အီရန်၊ ဆီးရီးယားနဲ့ ဆော်ဒီတွေလည်း ထို့အတူပါပဲ။ အီရတ်သမိုင်းမှာ နည်းနည်းလေးမဆိုစလောက် လွတ်လပ်ခဲ့ပါတယ်လို့ ပြောလို့ရနိုင်တာလေး တစ်ခုကတော့ ဒုတိယဖိုင်ဆယ်ဘုရင် (King Faisal II) လက်ထက်ကလေးပဲလို့ဆိုပါတယ်။ ဒါပေမယ့် အဲဒီလို စတိ လစ်ဘရယ်ယောင်ယောင် လွတ်လပ်ခွင့်ကလေးကလည်း ၁၉၅၈မှာ ဒီဘုရင်ကိုဖြုတ်ချပြီး အာဏာသိမ်းပွဲနဲ့ နိတ္ထိတန်ခဲ့ပါတယ်။ အီရန်ကတော့ ပိုအခြေအနေဆိုးပြီး သူ့သမိုင်းမှာ အမေရိကန်ရဲ့ ဒီမိုကရေစီ စီမံကိန်းအတွက် ရေခံမြေခံပြစရာလုံးလုံးကို မရှိခဲ့ဘူး ဆိုပါတယ်။

## ဖောရိန်းကပေးတဲ့ ဒီမို

ဒီလိုမျိုး ပြည်ပကနေ အတင်းလုပ်ယူပေးရတဲ့ ဒီမိုကရေစီ စနစ်ဖော်ဆောင်မှုမှာ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုတာက အဲဒီနိုင်ငံရဲ့ "ပြည်တွင်းသမိုင်းမှာ ဒီမိုကရေစီ အတွေ့အကြုံ ရေခံမြေခံကောင်းမကောင်း" နဲ့လည်း ဆိုင်တယ်လို့လည်း သုံးသပ်ကြတယ်။ အဲဒီ အမေရိကန်ရဲ့ ဒီမိုကရေစီစနစ်ဖော်ဆောင်ပေးခဲ့တဲ့ စီမံကိန်းတွေထဲက၊ အာဏာရှင်နိုင်ငံ တွေမှာ ဒီမိုကရေစီဖော်ဆောင်ပေးနိုင်ခဲ့တဲ့အထဲက ကျူးဘား၊ ဒိုမီနီကန်ရီပဲ့ပ်ဘလစ် ၊ ဟေတီ၊ နီကာရာဂွာနဲ့ ပနားမားနိုင်ငံတွေကို သာဓကပြနိုင်ပါတယ်။ ဒါပေမယ့် ၁၉၀၀ ကနေ ၁၉၃၀ နှစ်တွေအတွင်း အမေရိကန်ရဲ့ စစ်အင်အားသုံး ဒီမိုကရေစီဖော်ဆောင်ပေးခဲ့တာတွေက အဆုံးသတ်မှာ မအောင်မြင်ဖြစ်ခဲ့တာတွေရှိပါတယ်။ အမေရိကန်ကြောင့် ဒီမိုကရေစီစနစ်ဆီရောက် လာခဲ့ပြီးကာမှ နောက်ပြန်သွားပြီး အာဏာရှင်လက်အောက်ပြန် ရောက်သွားခဲ့တဲ့နိုင်ငံတွေ ကတော့၊ ၁၉၃၀ မှာ စစ်အာဏာရှင် ထရူဂျီလိုလက်ချက်နဲ့ ဒီမိုကရေစီဆုံးရှုံးသွားတဲ့ ဒိုမီနီကန် ရီပဲ့ပ်ဘလစ်နဲ့ ၁၉၃၆ ကထဲက စစ်အာဏာရှင် ဆိုမိုဇာ မိသားစုလိုက်ကြီးစိုးခဲ့တဲ့ နီကာရာဂွာ နိုင်ငံတွေပဲဖြစ်ပါတယ်။ (ဒါပေမယ့် ၁၉၇၉ မှာတော့ အဖေ ဆိုမိုဇာဖြုတ်ချခံရပြီး သား ဆိုမိုဇာ လည်း ဂွာတီမာလာနိုင်ငံဆီ ခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ရပါတယ်)။

ဒီလို အာဏာရှင်ဆိုးတွေကြောင့် အမေရိကန်ဟာ တချို့နိုင်ငံတွေကို တစ်ကြိမ် သာမက၊ နှစ်ကြိမ်တိုင် ပြန်လည်အင်အားသုံးဝင်ရောက်ခဲ့ရပါတယ်။ ၁၉၅၅–၅၆ တွေမှာ အမေရိကန်ရဲ့ စစ်အင်အားသုံးဝင်ရောက်ခဲ့ပြီး ဆယ်စုနှစ်ကာလတလျှောက်ကြာလောက် အောင် ဒီမိုကရေစီကို နှေးနှေးလေး ဖြေးဖြေးချင်းပြောင်းလဲလာနိုင်တဲ့နိုင်ငံကတော့ ဒိုမီနီကန် ရီပဲ့ပ်ဘလစ်ပါပဲ။ အလျင်အမြန်ကူးပြောင်းသွားနိုင်ခဲ့တဲ့နိုင်ငံကတော့ ပနားမားပါ။ ၁၉၈၉–၉၀ အမေရိကန် ဝင်ရောက်အပြီးမှာပဲ ဒီမိုကရေစီစနစ် လျင်မြန်စွာဖော်ဆောင်နိုင် ခဲ့တယ် ဆိုပါ တယ်။ အမေရိကန်တပ်တွေလဲ အဲဒီနှစ်နိုင်ငံကိုဝင်ရောက်ပြီး တစ်နှစ်တောင်မကြာတဲ့ ကာလ အတွင်းမှာ ဒီမိုကရေစီစနစ်ပြန်ဆယ်ပေးခဲ့နိုင်လို့ အချိန်တိုအတွင်း သူ့တပ်တွေကို ပြန်ရုပ်သိမ်း နိုင်ခဲ့ပါတယ်။

## ကျားထက်မဆိုးတဲ့ ရှင်ကြီး ကန်

အမေရိကန်ရဲ့ စစ်အင်အားသုံး ဒီမိုကရေစီဖော်ဆောင်ပေးရေး အောင်မြင်မှု၊ မအောင်မြင်မှုကို ဆုံးဖြတ်ပေးတဲ့ ဒုတိယအချက်ကတော့ "ကြီးမားတဲ့ ပြည်ပ အန္တရာယ်ခြိမ်းခြောက်ခံရမှု ရှိ မရှိ" ဆိုတာပါပဲ။ ဒီအချက်က ပိုအရေးကြီးတယ်လို့ဆိုပါတယ်။ ၁၉၄၀ နှောင်းပိုင်းကာလတွေက ဂျာမဏီနဲ့ ဂျပန်ကိုကြည့်ရင် နှစ်နိုင်ငံစလုံးက ဒီ အမေရိကန်စစ်တပ်ကြီး ကျူးကျော်ဝင်ရောက်မှုထက် ပိုဆိုးတဲ့ ပြည်ပအန္တရာယ်တွေနဲ့ ရင်ဆိုင်နေခဲ့ရတာ သွားတွေ့ပါတယ်။ အဲဒါကတော့ ဆိုဗီယက်တပ်ကြီးပါပဲ။ တပ်နီတော်ခေါ်တဲ့ Red Army ဟာ ဂျာမဏီအရှေ့ပိုင်းမှာ ထင်ရာစိုင်းကျူးကျော်နေခဲ့ပြီး အခွင့်အရေးရတာနဲ့ တပြိုင်နက် ဂျာမဏီအနောက်ပိုင်းဘက်ကိုလည်း မျက်စပစ်နေတဲ့အချိန်ဖြစ်သလို၊ ဂျပန်နိုင်ငံအနေနဲ့လည်း ဆိုဗီယက်စစ်တပ်ကြီးရဲ့ ကျူးကျော်လာမယ့် အရိပ်အယောင်တွေနဲ့အတူ ဂျပန်ကွန်မြူနစ်တွေရဲ့ တော်လှန်ရေးတိုက်ပွဲခေါ်သံတွေနဲ့ ရင်ဆိုင်နေခဲ့ရပါတယ်။

ပိုဆိုးတာက မန်ချူးရီးယားစစ်ပွဲမှာ ဖမ်းမိတဲ့ဂျပန်စစ်သားတွေအပေါ် ဆိုဗီယက်တွေ ရက်စက်ပြလိုက်ပုံကို မြင်လိုက်ရပြီးတဲ့အခါမှာတော့၊ အမေရိကန်စစ်တပ်ရဲ့ အရေးယူဝင်ရောက်လာတာကို ခံလိုက်တာက ပိုသက်သာမယ်လို့ သဘောပေါက်ခဲ့တာပါပဲ။ ဒီလိုနဲ့ အနောက်ဂျာမဏီနဲ့ ဂျပန်တွေအတွက်တော့ အမေရိကန်ကို ကျားကြောက်လို့ ရှင်ကြီးကိုးလိုက် ရတဲ့အဖြစ်ပါပဲ။ တကယ်လည်း ရှင်ကြီးဖြစ်တဲ့ အမေရိကန်က သူတို့ရှုခဲ့တဲ့ ဆိုဗီယက်ကျားထက် မဆိုးခဲ့တာ မှန်ခဲ့တဲ့အပြင် ဆိုခဲ့ပြီးသလို ဒီမိုကရေစီရေခံမြေခံလည်း ရှိပြီးသားဖြစ်တဲ့အတွက် နှစ်နိုင်ငံလုံးရဲ့အနာဂါတ်ဟာ ယနေ့ဂျာမဏီနဲ့ ဂျပန်ဆိုတာ ဖြစ်လာစေတာပါပဲ။

## ရှင်ကြီးကန်ကို အီရတ်မလို

နှိုင်းယှဉ်ချက်အနေနဲ့ အီရတ်နိုင်ငံကိုကြည့်ရင် အီရတ်မှာ ပြည်ပအန္တရာယ်ခြိမ်းခြောက်မှုဆိုလို့ ၁၉၈၀ နှစ်များကဖြစ်ခဲ့တဲ့ အီရန်–အီရတ်စစ်ပွဲရလဒ်အဖြစ် အနီးဆုံး ပြည်ပရန်သူ အီရန်ပဲ ရှိပါတယ်။ ဒီ အီရန်အစိုးရဟာ ရှီးယာ့တ်တွေဖြစ်ပြီး အီရတ်နိုင်ငံတွင်းက လူများစုဖြစ်တဲ့ ရှီးယာ့တ်မူဆလင်တွေနဲ့လည်း နီးနီးကပ်ကပ်ရှိနေတဲ့ ပြည်ပရန်ပါ။ နောက်ထပ် ဖြစ်နိုင်ချေရှိတဲ့ ပြည်ပရန်ကတော့ ကာ့ဒ်တွေကို လက်ခံကျားကန်ပေးထားတဲ့ တူရကီပါပဲ။ ဒီလို ပြည်တွင်းက မီးခဲတွေကြောင့် အီရတ်ဟာ ပြည်ပရန်စွယ် အီရန်တို့ တူရကီတို့ထက်ကို ပြည်တွင်းက ရန်စွယ်တွေရဲ့ ခြိမ်းခြောက်မှုက ပိုကြီးနေခဲ့ပါတယ်။ အဲဒီ ပြည်တွင်းအန္တရာယ်တွေထက် အမေရိကန်ဝင်လာမှာကိုလည်း ပိုစိုးရိမ်နေရပြန်ပါတယ်ဆိုတော့ ဂျာမဏီ၊ ဂျပန်အဖြစ်တွေနဲ့ မတူတော့ပါဘူး။

## တစ်စိတ်တည်း ဖြစ် မဖြစ်

အမေရိကန်ရဲ့ စစ်ရေးအရတိုက်ယူပေးခဲ့တဲ့ ဒီမိုကရေစီစနစ်အောင်မြင်မှုကို အဆုံးအဖြတ်ပေးတဲ့ နောက်ဆုံးအချက်ကတော့၊ တသွေးတည်း တသားတည်း၊ တစ်စိတ်တည်း ညီညီညွတ်ညွတ်ဖြစ်နေတဲ့ လူမျိုးစု လူဦးရေကြီး အဲဒီနိုင်ငံမှာ ရှိနေခြင်းရှိမရှိဆိုတာပါပဲ။ ဂျာမဏီနဲ့ ဂျပန် (ဩစတြီးယား၊ အီတလီ အပါအဝင်) နိုင်ငံတွေကိုပြန်ကြည့်ရင် ပြောစရာမလိုအောင် အလွန်ကိုရှင်းပါတယ်။ ဂျာမဏီဆို ဂျာမန်လူမျိုး၊ ဂျပန်မှာ ဂျပန်လူမျိုးစသဖြင့် အဲဒီနိုင်ငံတွေဟာ ကမ္ဘာပေါ်မှာ လူမျိုးစုတစ်မျိုးတည်းက လူဦးရေ အရေအတွက် အများဆုံးရှိနေတဲ့ နိုင်ငံတွေထဲမှာ ထိပ်ဆုံးက ပါပါတယ်။ တခြားလူမျိုးစုငယ်ကလေးတွေက ပြောပလောက်အောင် ရှိမနေဘူး။ ဒါပေမယ့် အီရတ်လို နိုင်ငံမျိုးမှာတော့ ဒီလောက် မရိုးရှင်းတော့ဘူး။ ဘယ်တော့မှလည်း တစ်သားတည်းဖြစ်နေတဲ့ လူမျိုးစုကြီး ရှိလာမှာမဟုတ်ဘူးလို့ သုံးသပ်ကြတယ်။

မဟာစစ်ပွဲကြီးလို့တွင်ခဲ့တဲ့ Great War မှာ Ottoman ဆူ(လ်)တန်ကို တော်လှန်ပြီး၊ ဘုရင် အီမာဖိုင်ဆယ် တည်ခဲ့တဲ့ အီရတ်နိုင်ငံလို့ စဖြစ်ခဲ့တဲ့ ၁၉၂၀ ခုနှစ်တွေတည်းက အီရတ်အလယ်ပိုင်းမှာ ဆွန်နီအာရပ် **(Sunni Arab)**၊ တောင်ပိုင်းမှာ ရှီးယာ့တ်အီရတ် **(Shiite)** နဲ့ မြောက်ပိုင်းမှာ ကာ့ဒ် **(Kurd)** တွေဆိုပြီး အီရတ်ဟာ အဓိကလူမျိုးစုကြီး သုံးစုနဲ့ အပိုင်းသုံးပိုင်း ခွဲခွဲခြားခြားရှိနေခဲ့ပြီးဖြစ်တယ်။ ဒီသုံးစုက ကမ္ဘာသာပျက်သွားမယ်၊ ဘယ်တော့မှ မပေါင်းစည်းနိုင်တဲ့ လူမျိုးစုကြီးသုံးစုလို့ဆိုရလောက်အောင်ကို မတည့်ဘူး။ ဆဒန် စစ်အာဏာရှင်လက်အောက်မှာသာ အီရတ်ဟာ အတုအယောင် တစ်နိုင်ငံတည်းဖြစ်နေပေမယ့်၊ အီရတ်ဟာ တကယ်တမ်းက နိုင်ငံသုံးပိုင်းပိုင်းဖို့ အမြဲစောင့်ဆိုင်းနေတဲ့နိုင်ငံဖြစ်တယ်။

ဒီလိုအခြေအနေအောက်ရှိ အီရတ်မှာ၊ အမေရိကန်စစ်အင်အားနဲ့ ဒီမိုကရေစီစနစ်သွား ဖော်ဆောင်ခြင်းကို အနက်ဖွင့်တဲ့အခါ ဒီလူမျိုးစုကြီးသုံးခုအတွက် အီရတ်နိုင်ငံဟာ သူ့ကိုယ်သူ သုံးပိုင်း၊ ဒါမှမဟုတ် ဒီထက်မက ပြန်ပိုင်းဖို့အတွက် မဲပြန်ပေးဖို့ပဲရှိတော့တယ်လို့ သုတေသီအချို့က သုံးသပ်ထားကြပါတယ်။ ဆိုတော့ အီရတ်ရဲ့အနာဂါတ်ဟာ ဒီမိုကရေစီမပါတဲ့ အီရတ်နိုင်ငံ ဖြစ်ချင်ဖြစ်၊ မဟုတ်ရင် အီရတ်မပါတဲ့ ဒီမိုကရေစီနိုင်ငံလေးတွေပဲဖြစ်သွားမယ်လို့ သုံးသပ်ကြတယ်။

## ဝီ(လ်)ဆိုနီယံ မလိုတဲ့ ဗမာ

ဒါကတော့ အမေရိကန်ရဲ့ ဝီ(လ်)ဆိုနီယံနည်းအရ ကမ္ဘာကြီးကို ဒီမိုကရေစီဖော်ဆောင်ရေးစီမံကိန်းရဲ့ အောင်မြင်မှု၊ မအောင်မြင်မှုတွေကို နိုင်ငံတကာပညာရှင်တွေ၊ သုတေသီတွေ သုံးသပ်လေ့လာထားချက်တွေပါ။ ဒီသုံးသပ်ချက်တွေအပေါ်မူတည်ပြီး အရေးအကြီးဆုံးအချက်သုံးချက်နဲ့ မြန်မာနိုင်ငံကိုကြည့်လိုက်မိတဲ့အခါ မြန်မာနိုင်ငံဟာ မဝေးတော့မယ့်ကာလမှာ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ကို ဖြစ်လာရမယ့်နိုင်ငံလို့ သုံးသပ်လို့ရနေတယ်။

အကြောင်းက မြန်မာနိုင်ငံဟာ အနောက်ဂျာမဏီ၊ ဂျပန်၊ ဩစတီးယားနဲ့ အီတလီ တို့လို ဒီမိုကရေစီအရသာကို ကောင်းကောင်းမြည်းစမ်းဖူးထားတဲ့ အတွေ့အကြုံရှိနေတာပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့တဲ့ ဒီမိုကရေစီစနစ်ကိုသွားနေရင်းကမှ ၁၉၆၂ ခုမှာ စစ်အာဏာရှင် လက်အောက်ရောက်သွားရတာဆိုတော့ ဆိုရရင် မြန်မာနိုင်ငံဟာ ဒီမိုကရေစီ စနစ်ရဲ့အတွေ့အကြုံတွေလည်း ရှိထားနေပါပြီ။ အရင် ဒီမိုကရေစီခေတ်တုန်းက ခေါင်းဆောင် လက်ကျန်တွေ မြန်မာနိုင်ငံမှာ ရှိမနေတော့ပေမယ့်၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်လိုမျိုး လူထုက အပြည့်အဝထောက်ခံမှုရထားတဲ့ ဒေါ်အောင်ဆန်းစုကြည်လို ဒီမိုကရေစီခေါင်းဆောင်မျိုး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေလိုမျိုးနဲ့၊ နောက်ဆုံး Generation Wave လို ဒီမိုကရေစီမျိုးဆက်သစ်တွေကို ရထားပြီးပါပြီ။ နောက်တခါ အရေးအကြီးဆုံးက သူတို့လို အမေရိကန်က ဝင်တိုက်ပေးခဲ့တာတောင် မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးက အံ့အားသင့် ချီးကျူး မှတ်တမ်းတင်ထားခဲ့ရတဲ့ ၈၈၈၈ လူထုအရေးတော်ပုံနဲ့ ရဟန်းသံဃာတွေဦးဆောင်တိုက်ခဲ့တဲ့ ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးတွေ ပေါ်ပေါက်လာခဲ့ရတဲ့အထိ မြန်မာလူထုဟာ ကိုယ်တိုင်တိုက်ယူခဲ့တာမို့၊ ဒီမိုကရေစီ ရေခံမြေခံက သူ့ထက်ကောင်းတာတောင် သူ့လောက် မကောင်းဘူးလို့တောင် ဆိုရပါမယ်။

ဒုတိယအချက်ဖြစ်တဲ့ ကြီးမားတဲ့ ပြည်ပအန္တရာယ် ရှိမရှိဆိုတာနဲ့ အရေးအကြီး ဆုံး တတိယအချက် တစ်သွေးတည်းတစ်သားတည်းဖြစ်နေတဲ့ လူမျိုးစု လူဦးရေကြီး ရှိမရှိ ဆိုတဲ့ အချက်တွေမှာတော့ အီရတ်နိုင်ငံနဲ့နည်းနည်း သွားဆင်နေတာတွေ့ရပါတယ်။ အီရတ် လိုပဲ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ ပြည်ပရန်ခြိမ်းခြောက်မှု မရှိလှပါဘူး။ အင်အားကြီး နိုင်ငံကြီး နှစ်နိုင်ငံကြားထဲမှာ နေနေရတာမို့ အဲဒီနိုင်ငံတွေရဲ့ခြိမ်းခြောက်စစ် ဖြစ်နိုင်လောက်တဲ့ အခြေအနေဆိုရင်တော့ ဂျပန်၊ ဂျာမဏီနိုင်ငံတွေလိုမျိုး အမေရိကန်ရေတပ်မတော်ရဲ့ အင်အား ကို မြန်မာစစ်တပ်ကိုယ်တိုင်ပါ လှမ်းမျှော်ရမယ့်အခြေအနေတောင် ဆိုက်ချင်ဆိုက်ပါလိမ့်မယ်။ ဒါပေမယ့် မြန်မာနိုင်ငံဟာ အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ မထိခလုတ်ထိခလုတ် အခြေအနေကလွဲလို့ ကြီးမားတဲ့ ပြည်ပရန် ရှိမနေတာတွေ့ရပြီး၊ အီရတ်လိုပဲ ပြည်ပရန်ဆိုတာထက်၊ ပြည်တွင်း လက်နက်ကိုင်တော်လှန်သူတွေကိုပဲ အဓိကပစ်မှတ်ထားနေရတာ တွေ့ရပါတယ်။

နောက်ဆုံး အရေးအကြီးဆုံးအချက်ဖြစ်တဲ့ ကြီးမားတဲ့ တစ်သွေးတည်းတစ်သား တည်းဖြစ်နေမယ့် လူမျိုးစုဦးရေဆိုတာကတော့ အီရတ်နဲ့တူတယ်လို့ ပြောလို့ရပေမယ့် အီရတ်လိုမဟုတ်ဘူးလို့လည်း တစ်ဖက်မှာ ပြောနိုင်ပါတယ်။ အီရတ်အခြေအနေနဲ့ ဆင်တယ် လို့ ပြောရတာက မြန်မာနိုင်ငံမှာ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ လူမျိုးစုငယ်လေးတွေအပါအဝင် ၁၃၅ မျိုး (စစ်အစိုးရအဆိုအရ) ရှိနေတယ်လို့ ဆိုတဲ့အပြင် အဲဒီ လူဦးရေများတဲ့ လူမျိုးစုတိုင်းမှာ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေ ရှိနေတဲ့အတွက် အီရတ်ထက်တောင် ရှုပ်ထွေးမယ်ဆိုရမယ့် အခြေအနေပါ။ ဒါပေမယ့် တစ်ဖက်က ပြန်တွေး ကြည့်တော့ အီရတ်လို အစ္စလာမ်ဘာသာရေးအစွန်းရောက် ရှီးယာ့တ်မွတ်ဆလင်၊ ဆွန်နီ မွတ်ဆလင်၊ ကာ့ဒ်သူပုန် စတဲ့အဖွဲ့တွေနဲ့ ရှုပ်ထွေးနေတဲ့အခြေအနေလောက် မဆိုးဘူးလို့ ဆိုရင်လည်း ရပါတယ်။

နောက်တစ်ချက်က ဗိုလ်ချုပ်အောင်ဆန်းလို၊ လူမျိုးစုငယ်လေးတွေအပေါ် ရိုးသား ပြီး စေတနာထားခဲ့တဲ့ခေါင်းဆောင်မျိုးရဲ့ စည်းရုံးမှုအောက်မှာ ပင်လုံစာချုပ် ချုပ်ဆို နိုင်ခဲ့တဲ့

အထိ ဒီလူမျိုးစုအားလုံး ညီညွတ်နိုင်တယ်ဆိုတာ သမိုင်းကသက်သေပြခဲ့တဲ့အတွက် တတိယ အရေးအကြီးဆုံးအချက်ဖြစ်တဲ့ တစ်သွေးတည်းတစ်သားတည်းဖြစ်နေတဲ့ လူမျိုးစု အရေး အတွက် ဆိုတာကလည်း ဒီမိုကရေစီဆိုတဲ့စနစ်အတွက် အသင့်ရှိနေပြီလို့ဆိုရင်လည်း ရနေ ပါတယ်။ တကယ်ညီညွတ်ကြဖို့ပဲ လိုပါတယ်။

## တစ်စိတ်တည်းပဲလား

အဲဒီလို တကယ့်ကို တစ်သွေးတည်းတစ်စိတ်တည်းပဲ ဆိုတဲ့စကားနဲ့ ကျနော်တို့ သွေးသားညီအစ်ကိုတွေ စည်းလုံးနေမယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ ပညာရှင်တွေ သုံးသပ်ပြ တဲ့ ဒီမိုကရေစီဖော်ဆောင်ရေး အောင်မြင်မှုအတွက် အရေးအကြီးဆုံးအချက် သုံးချက်နဲ့ ကိုက်ညီနေပါပြီ။ အမေရိကန်တောင် ဝင်တိုက်ပေးစရာမလိုပါဘူး။

ဒီ မြန်မာနိုင်ငံဒီမိုကရေစီရဖို့ အမေရိကန်က ဝင်တိုက်ပေးမယ်ဆိုတာကလည်း လက်တွေ့မှာ ဘယ်လိုမှ ဖြစ်လာနိုင်စရာမရှိဘူး ထင်ပါတယ်။ ဒီအချက်ကိုတော့ မြန်မာ့အရေး လေ့လာနေတဲ့ ပညာရှင်များ ကျနော့်ထက်ပိုမြင်မှာပါ။ ရယ်စရာတစ်ခုအနေနဲ့ ကျနော့်မိတ် ဆွေ အမေရိကန်တစ်ယောက်က မေးတယ် ၊ “မောင်ရင် မင်းတို့မြန်မာနိုင်ငံက ခုထိဘာလို့ ဒီစစ်အာဏာရှင် ဗိုလ်ချုပ်ဆိုးတွေ ဗိုလ်ကျလို့ရနေတာတုန်း” တဲ့၊ ကျနော်က သူ့ကို ပြန် စ တယ် “မင်းတို့ အမေရိကန်စစ်တပ်ကမှ ဝင်တိုက်မပေးတာကိုး” ဆိုတော့၊ သူက ဘာပြော တယ်မှတ်လဲ “ငါတို့က မင်းတို့ အိမ်နီးချင်းတရုတ်ကြီးကိုလည်း ကြောက်ရသေးတာကိုး” တဲ့၊ ဒီဟာသလေးပြောပြီးတော့ နှစ်ယောက်သား ရယ်ရယ်မောမောပါပဲ။ ဒါပေမယ့် တွေးစရာ တွေများဖြစ်နေသလားလို့ နောက်ပိုင်း မရေမရာ ဆက်တွေးမိပါသေးတယ်။ သေချာတာက တော့ မြန်မာမပါတဲ့ ဒီမိုကရေစီနိုင်ငံနဲ့ ဒီမိုကရေစီမပါတဲ့ မြန်မာနိုင်ငံလို့ဆိုရမယ့် အီရတ်လို အဖြစ်မျိုးမရောက်ဖို့က မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ တာဝန် ပဲဖြစ်တယ်လို့ မြင်ပါတယ်။

ဒီအမေရိကန် စစ်ရေးအရ ဝင်မဝင်ဆိုတာအပြင် ဒီမိုကရေစီအောင်မြင်စွာ ဖော် ဆောင်ရေးအတွက် တွန်းအားပေးတဲ့ အခြားအရေးကြီးတဲ့ ဒီမိုကရေစီဖော်ဆောင်မှု တတိယလှိုင်းနဲ့ စီးပွားရေးဆက်နွယ်မှု၊ ပညာတတ်အလွှာနဲ့ လူ့အသိုင်းအဝိုင်း ရေခံမြေခံ ရှိမှုဆိုတာတွေလည်း ရှိသေးတယ်။ အခွင့်ရခဲ့ရင်တော့ လေ့လာပြီးတင်ပြသွားပါဦးမယ်။

**အလင်းရောင်ဂျာနယ်သို့ ဒီမိုကရေစီလေ့လာရေး၊ နိုင်ငံတည်ဆောက်ရေးဆိုင်ရာ လေ့လာရေးနှင့် ပတ်သက်သော စာမူများကို အောက်ပါ လိပ်စာအတိုင်း စာတိုက်မှတဆင့်သော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ပေးပို့နိုင်ပါသည်။ ပေးပို့ရာတွင် စာရေးသူ၏ အမည်ရင်းနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံကို တပါတည်းထည့်သွင်းပေးစေလိုပါသည်။**

**တာဝန်ခံအယ်ဒီတာ**

P.O Box (294), CMU P.O, Chiang Mai 50202, Thailand
E-mail: <zawzawhtun@dpns.org>

# တဖက်စောင်းနေသောကမ္ဘာနှင့် ခေါင်းဆောင်မှုပညာ

## ဝင်းမြင့်မောင်

ကမ္ဘာ့နေရာအနှံ့မှာ စူးစူးရှရှအော်ဟစ်တောင်းဆိုနေတယ်။ ကမ္ဘာကြီးဟာ ဝေဒနာသည်တစ်ဦးလို ငြီးတွားနေတယ်။ ကမ္ဘာကြီးမှာ နိုင်ငံရေးရောဂါကပ်ဆိုး ဆိုက်နေတယ်။ အကြောင်းရင်းက အတွေးအခေါ်ပညာရပ်အပေါ်၊ စိတ်ဝင်စားသူနည်းသွားပြီး၊ စီးပွားရေးတွေပေါ်မှာပဲ မျိုးဆက်အလိုက် ဇောင်းပေးလာကြတယ်၊ စစ်အေးခေတ်ပြီးတော့ ပိုပြီးအားကောင်းလာတယ်။ အရင်းရှင်စနစ် Capitalism နဲ့ ဒီမိုကရေစီပေါင်းထားတဲ့ အရင်းရှင်ဒီမိုကရေစီရဲ့ အားနည်းချက်ကိုထောက်ပြီး၊ ယုဉ်နန်းလုတဲ့ ကွန်မြူနစ်စနစ်ကလည်း နှစ် ၇၀ အကြာ "နန်း" မရပဲ ပြိုပျက်သွားတဲ့ဘဝ ရောက်သွားတယ်။ အာဏာနဲ့ လူသားရဲ့အဆက်အစပ်နဲ့ ရလဒ်ကို ထည့်မတွက်တဲ့အမှားကို ကျူးလွန်ခဲ့တယ်။ လူသားသဘာဝကို အရေးပါတဲ့ "ဖက်တာ တစ်ခုလို့ လက်မခံဘဲ လိုသလိုပုံသွင်းရနိုင်တယ်လို့ ယူဆခဲ့တယ်။ နိုင်ငံရေးပေါ်လစီထဲ အရာရာကို ထိုးသိပ်ထည့်တဲ့အမှားတွေ လုပ်ခဲ့တယ်။ ကြာတော့ ကွန်မြူနစ်လူ့အဖွဲ့အစည်းဟာ လွတ်လပ်မှု ငတ်မွတ်ပြီး၊ မွန်းကျပ်တစ်ဆို့ရာက ပေါက်ကွဲပြိုလဲသွားရတယ်။ ခုတော့ စစ်အေးခေတ်လွန်နိုင်ငံရေးမှာ အတွေ့အကြုံဆင်းရဲနေတဲ့နိုင်ငံရေးသမားတွေ ပေါနေတယ်။

ဒီမိုကရက်တစ်နိုင်ငံရေးကို ဇောင်းပေးလုံးပမ်းနေတဲ့နိုင်ငံတွေမှာလည်း စီးပွားရေးအကျိုးရလဒ်တွေ ရှေ့တန်းတင် စဉ်းစားလာရင်း အဲဒါနဲ့ဆက်နွယ်နေတဲ့ သိပ္ပံနဲ့နည်းပညာတွေ အံ့မခန်းတိုးတက်လာတယ်။ အရှိန်ပြင်းလာတဲ့ဒဏ်ကို လူ့အဖွဲ့အစည်းအသီးသီးက ခံစားလာရင်း တဖက်က အချင်းချင်းယှဉ်ပြိုင်မှုဖိအားက ကြီးသည်ထက်ကြီးလာတယ်။ လူအများရဲ့ခေါင်းထဲမှာ စီးပွားရေးပဲ ဇောင်းပေးလာတယ်။ ဒီတော့ ဒဿနပညာရပ်နှင့် နိုင်ငံရေး ပညာရပ်တွေ စိတ်ဝင်စားသူ ရှားသည်ထက် ရှားသွားပြီ။

လိုရင်းချုပ်တော့ ယနေ့ကမ္ဘာမှာ တွင်ကျယ်နေတဲ့ခေါင်းဆောင်တွေဟာ ဒဿနပညာ၊ နိုင်ငံရေးပညာ၊ ခေါင်းဆောင်မှုပညာတွေ ဆင်းရဲကြတာ တွေ့ရမှာပါ။ ဒီလိုခေါင်းဆောင်မှုပညာဆင်းရဲနေတဲ့ကာလမှာ "မင်ဒဲလား" ရဲ့ ခေါင်းဆောင်မှုသင်ခန်းစာကို တွေ့တော့ မျှဝေချင်စိတ်ပေါ်လာပါတယ်။

### သတ္တိသည် ကြောက်စိတ်မရှိခြင်းဆိုသည်ထက် စိတ်ဓါတ်တက်ကြွလာအောင် တွန်းပို့ပေးနိုင်တယ်

ခေါင်းဆောင်ဆိုတာ လူသားတစ်ဦးမို့ လူသားတစ်ဦးမှာရှိတတ်တဲ့ အကြောက်စိတ်ဆိုတာ ရှိတတ်တယ်။ ၁၉၉၄ သမတ ရွေးကောက်ပွဲ မဲအောင်နိုင်ရေးကာလ၊ ဖူးလူးထောက်ခံသူတွေကို မိန့်ခွန်းခြွေဖို့ ပန်ကာတပ်လေယာဉ်ကိုစီးလာစဉ် ဆင်းကာနီး မိနစ် ၂၀ အလို၊ ပန်ကာစက်တစ်လုံး ပျက်သွားတယ်။ လေယာဉ်စီးလာသူတွေ ထိတ်ထိတ်ပြာပြာဖြစ်သွားတယ်။

အဲဒီအချိန်မှာ “မင်ဒဲလား” က သတင်းစာကို ငြိမ်ငြိမ်လေးဖတ်နေတယ်။ ရုံးတက်ဖို့ ပုံမှန်ရထားစီးလာသူလိုပဲ။ သူရဲ့တည်ငြိမ်အေးချမ်းမှုကိုကြည့်ပြီး၊ ထိတ်ထိတ်ပြာပြာဖြစ်နေသူတွေ ပြန်တည်သွားတယ်။ နောက်တော့ လေယာဉ်က ဘေးကင်းရန်ကင်းဆင်းသွားနိုင်တယ်။ ကျည်လုံကားပေါ်ရောက်တော့ “ကျနော် အဲဒီတုန်းက အရမ်းကြောက်နေတာဗျာ” လို့ ဖွင့်ပြောသွားတယ်။ အစိုးရကို လျှို့ဝှက်ဆန့်ကျင်ရတဲ့ကာလ၊ သူထောင်ကျသွားတဲ့ “ရီဗိုနီယာ” တရားစီရင်နေတဲ့ကာလ၊ “ရိဘင်” ကျွန်းပေါ်နေရတဲ့ သူ့ဘဝတွေမှာ “မင်ဒဲလားဟာ ခဏခဏ ကြောက်ရွံ့စိတ်ပေါ်တယ်။ နောက်ပိုင်းကျမှ “ကျနော် တကယ်ကြောက်တာဗျာ” လို့ ပြောပါတယ်။ မကြောက်ဘူးဆိုတာ မဆင်မခြင်ပြောတာလို့ သူက အလေးထားပြောသွားတယ်။ “ကျနော်က ရဲတယ်၊ သတ္တိရှိတယ်၊ တကမ္ဘာလုံးကို အောင်နိုင်သူဆိုပြီး၊ ဟန်ဆောင်လုပ်မပြနိုင်ဘူးဗျာ။ ဒါပေမယ့် ခေါင်းဆောင်တစ်ယောက်အနေနဲ့ ကိုယ်ရဲ့အကြောက်အလန့်ကို ပြည်သူသိသွားအောင် မနေရဘူး။ ရဲဆေးတင်မကြောက်တဲ့ပုံ လုပ်ရမယ်ဗျာ”။ ဒါဟာ တခြားသူတွေ အားတက်လာဖို့ မကြောက်တဲ့အသွင်ဆောင်ထားရမယ်လို့ သူ့ဘဝထဲက သင်ယူထားတာပဲ။ အကျဉ်းသားဘဝမှာလည်း လမ်းလျှောက်ရင် မတ်မတ်လျှောက်ရင်း ဂုဏ်ယူတဲ့ပုံစံလုပ်ပြတယ်။ သူ့ကိုတခြားအကျဉ်းသားတွေက ကြည့်ကြည့်ပြီး အကျဉ်းသားဘဝနဲ့ ကာလအကြာကြီး နေနိုင်လာကြတယ်။ သူဟာ တခြားလူတွေရဲ့ စံနမူနာဖြစ်တယ်။ သူတို့ရဲ့ကြောက်စိတ်တွေ ချေဖျက်နိုင်အောင် “အား” အဖြစ် ဖန်တီးပေးရမယ်ဆိုတာ သူကောင်းကောင်းသိတယ်။

## ရှေ့တန်းက ဦးဆောင်၊ အောက်ခြေကိုဆွဲခေါ်။

အသားအရောင်ခွဲခြားအုပ်ချုပ်တဲ့ အစိုးရနဲ့စေ့စပ်ဆွေးနွေးဖို့ “မင်းဒဲလား” က သူကိုယ်တိုင်စပြောခဲ့တယ်။ ဒါကို ANC က မနှစ်မြို့ပါဘူး။ ဆယ်စုနှစ်ချီနေတဲ့အကျဉ်းသားက စေ့စပ်ဆွေးနွေးဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အစိုးရက လက်နက်ချဖို့ပြောနေတဲ့ လက်နက်ကိုင်တိုက်ပွဲကို ထောက်ခံတယ်လို့ သူပြောခဲ့တယ်။ ပြီးတော့ (နိုပ်ကွပ်နေတဲ့) အစိုးရနဲ့ စကားဝိုင်းဆွေးနွေးပွဲလုပ်ဖို့ အချိန်ကောင်းပဲလို့ သူဆုံးဖြတ်ခဲ့တယ်။ ၁၉၈၅ မှာ အဲဒီဆွေးနွေးပွဲကို သူက ဦးဆောင်လုပ်တော့ လူအများက သူ့ကိုရှုံးနိမ့်သွားပြီးလို့ထင်ကြတယ်။ သြဇာတိက္ကမကြီးတဲ့ မိုင်းအလုပ်သမားများအမျိုးသားသမဂ္ဂခေါင်းဆောင်က သူ့ကိုသစ္စာဖေါက်သွားပြီလို့ ထင်ခဲ့တယ်။ သူက ယုံရခက်လောက်တဲ့ ဦးဆောင်ဦးရွက်လုပ်ခဲ့တယ်။ ကြီးမားလှတဲ့ စွန့်စားခန်းလုပ်ခဲ့တာပါ။

သူဟာ လမ်းမှန်ကို လျှောက်နေတာပါလို့ ANC ကို လက်ခံလာအောင် စည်းရုံးဆော်သြခဲ့တယ်။ အကျဉ်းသားရဲဘော်ရဲဘက်တွေဆီသွားပြီး သူဘာလုပ်နေတယ်ဆိုတာ ရှင်းပြခဲ့တယ်။ တဖြည်းဖြည်းပါလာအောင် ကျကျနန လုပ်ခဲ့တယ်။ ANC အတွင်းရေးမှုးက အောက်ခြေ ထောက်ခံမှုရအောင်လုပ်ပါ၊ အားတောင့်တဲ့စခန်းတစ်ခု ကမ်းခြေမှာ တပ်စွဲပြီးတာနဲ့ ရှေ့ဆက်တိုးဖို့ ပြည်သူတွေ လုပ်ခွင့်သာအောင်လုပ်ပေးဖို့ ပြောလာတယ်။ နည်းဗျူဟာကိစ္စကို “မင်ဒဲလား” က ဆွေးနွေးလိုတာ၊ မူဝါဒကိစ္စပြောတာမဟုတ်။ မယိမ်းမယိုင် သူကိုင်ထားတဲ့မူက တစ်ယောက်တစ်မဲပေးစနစ် အောင်မြင်မှုရဖို့နဲ့ အသားအရောင်ခွဲခြားအုပ်ချုပ်တဲ့စနစ်ကို အဆုံးသတ်စေဖို့ပါပဲ။ ဒီပန်းတိုင်ရောက်အောင်း အရာအားလုံးနီးပါး အထောက်

အကူပေးတာက နည်းဗျူဟာပါပဲ၊ မင်ဒဲလားဟာ လက်တွေ့အကျဆုံး "စံ" ပြုဝါဒီတစ်ဦး လည်းဖြစ်တယ်။

## နောက်ကနေဦးဆောင်ပြီး တခြားလူတွေကို ရှေ့တန်းကရှိနေတယ်လို့ ယုံကြည်လာအောင်လုပ်ပါ

ပျင်းစရာကောင်းတဲ့ နွားကျောင်းသားလူငယ်ဘဝ ညနေခင်းတွေကို ပြန်တွေးရတာကို သူကြည်နူးနေတတ်တယ်။ "နွားကျောင်းရတာ နွားတွေရဲ့နောက်ကနေပြီး ဦးဆောင်သွားရတယ်ဗျာ" အဲဒီလိုပြောမယ်။ လူငယ်ဘဝမှာ သူ့ကိုပျိုးထောင်ပေးခဲ့တဲ့ လူမျိုးစုဘုရင် "ယော်ရင်တာဘာ" ရဲ့ ဩဇာလွှမ်းမိုးမှုက သူ့အပေါ် ကြီးမားခဲ့တယ်။ သူ့နန်းတွင်းအစည်းအဝေးလုပ်တဲ့အခါ အရာထမ်းတွေက စက်ဝိုင်းပုံ ဝိုင်းထိုင်တယ်။ အားလုံးပြောပြီးမှ အကြီးအကဲက နောက်ဆုံးမှပြောတယ်။ "အကြီးအကဲရဲ့အလုပ်က ဘာလုပ်ပါလို့ပြောဖို့ မဟုတ်ဘူး၊ အားလုံးရဲ့ ဆုံမှတ်တစ်ခုကို ရှာပေးဖို့ပဲ" လို့ သူက ပြောတယ်။ နောက် အခြေအတင်ဆွေးနွေးပွဲမှာ သိပ်အချိန်စောပြီး ဝင်မပြောဖို့လည်း ပြောလေ့ရှိတယ်။

အစည်းအဝေးကျင်းပတယ်ဆိုရင် တက်ရောက်သူတချို့က "မြန်မြန်လုပ်ပါ" "ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ပါ"၊ စတာတွေ ဘယ်လိုပြောပြော မင်ဒဲလားက နားပဲထောင်တယ်၊ ပြန်မပြောဘူး။ နောက်ဆုံးကျမှ ဝင်ပြောတယ်။ တစ်ဦးချင်းရဲ့ အမြင်တွေ ဖြည်းဖြည်းချင်း စနစ်တကျ အနှစ်ချုပ်တယ်။ ပြီး သူ့ကိုယ်ပိုင်အတွေးအခေါ်ကို ဖော်ပြတယ်။ သူလိုချင်တဲ့နေရာရောက်အောင် ချမှတ်ရမယ့် ဆုံးဖြတ်ချက်တွေကို အတင်းလက်ခံလာအောင် မလုပ်ဘဲ၊ သိမ်သိမ်မွေ့မွေ့ပဲ ကိုင်သွားတယ်။

ခေါင်းဆောင်မှုပညာရဲ့ပရိယာယ်က မိမိကိုယ်မိမိ ဦးဆောင်မှုခံယူခြင်းလည်း ပါဝင်တယ်။ သူတို့ရဲ့ကိုယ်ပိုင် အိုင်ဒီယာထုတ်ပြီး လုပ်ဆောင်လာတယ်လို့ သူတို့ကိုယ်သူတို့ ထင်မြင် လာစေအောင်လုပ်ရတာ ပညာပါတဲ့အလုပ်ပါပဲလို့ သူပြောသွားတယ်။

## မိမိရန်သူကို သိအောင်လုပ်ပြီး သူတို့နှစ်သက်ဦးစားပေးတဲ့ အားကစားအကြောင်း သိနားလည်အောင်သင်ယူ

အသားရောင်ခွဲခြားအုပ်ချုပ်တဲ့စနစ်ကို ဖန်တီးတဲ့ တောင်အာဖရိကလူဖြူဘာသာစကား "အာဖရိကာအင်" ကို လွှန်ခဲ့တဲ့ ၁၉၆၀ လွန်နှစ်တွေမှာ မင်ဒဲလား စသင်ယူခဲ့တယ်။ ANC က သူ့ရဲဘော်တွေက ဒါကို စကြတယ်။ လူဖြူအာဖရိကန်တွေရဲ့ ကမ္ဘာ့အမြင်ကိုသိချင်လို့ သူက သင်တာပဲ။ တနေ့ ဒီလူဖြူတွေနဲ့ တိုက်ခိုက်ရမယ်၊ ဒါမှမဟုတ် ဆွေးနွေးညှိနှိုင်းရမှာ ရှိမယ်၊ အခြားတနည်းနည်းလည်း ရှိနိုင်တယ်။ သူ့ရဲ့ အန္တိမပန်းတိုင်ကို သူတို့ရဲ့အဆုံးပန်းတိုင်နဲ့ ချည်နှောင်ထားရမယ်ဆိုတာ သူသိတယ်။

ယှဉ်ဘက်ရဲ့ဘာသာစကားကို ပြောတတ်ရင် သူတို့အားနည်းချက်၊ အားသာချက်ကို သိနိုင်တယ်။ အဲဒါနဲ့ ကိုက်ညီတဲ့နည်းဗျူဟာ တည်ဆောက်နိုင်တယ်။ ရန်သူက အထင်ကြီးလေးစားလာအောင်လည်း သူကိုယ်သူလုပ်တယ်။ အာဖရိကန်နာတို့ရဲ့သမိုင်းကို ၎င်းတို့ဘာသာစကားနဲ့ ပြောပြချင်တဲ့သူ့ဆန္ဒကြောင့် ရိုးရိုးထောင်မှူးကအစ အထက်လူကြီးတွေအထိ

သူ့ကိုအထင်ကြီးလေးစားကြတယ်။ အာဖရိကန်နာတွေမြတ်နိုးတဲ့ Rugby ဘောလုံးကစားနည်းကို မမေ့အောင် လေ့ကျင့်တာတွေတောင် သူလုပ်လာတယ်။ ဒီတော့ အသင်းနဲ့ အားကစားသမားတွေရဲ့အရေးပါမှုကို နှိုင်းယှဉ်ကြည့်တတ်လာတယ်။

အသားမဲနဲ့ အာဖရိကန်နာ အခြေခံအားဖြင့် တူညီတဲ့အချက်တွေရှိတယ်ဆိုတာ သူနားလည်ခဲ့တယ်။ "အာဖရိကန်နာ" တွေ ကိုယ်တိုင်က အသားမဲတွေလိုပဲ "အာဖရိကန်" တွေဖြစ်ဖို့ လေးလေးနက်နက်ယုံကြည်ကြတယ်။ အာဖရိကန်နာတွေဟာ သူတို့ရဲ့လွှဲမှားတဲ့ အစွဲတွေရဲ့ သားကောင်ဖြစ်နေတယ်ဆိုတာလည်း သူသိတယ်။ ဗြိတိသျှအစိုးရနဲ့ အခြေချနေထိုင်တဲ့ လူဖြူအင်္ဂလိပ်က သူတို့ (အာဖရိကန်နာ) ကို အထင်သေးတယ်။ အသားမဲတွေလည်း ယဉ်ကျေးမှုဆိုင်ရာ သိမ်ငယ်တဲ့ခံစားချက်တွေဖြစ်သလို အာဖရိကန်နာတွေမှာလည်း ခံစားနေရတယ်။

မင်ဒဲလားက ရှေ့နေ၊ ထောင်ထဲမှာဥပဒေပြဿနာနဲ့ပတ်သက်ပြီး ထောင်ဝန်ထမ်းတွေကိုကူညီခဲ့တယ်။ သူ့လောက် ပညာမတတ်၊ လောကအတွေ့အကြုံမရှိသူတွေပါ။ အသားမဲတစ်ယောက်က သူတို့ကိုကူညီဖို့ဆန္ဒရှိတယ်။ ကူညီပေးနိုင်တယ်ဆိုတာ သူတို့အတွက် ထူးခြားနေတယ်။ အဆိုးဝါးဆုံး အရက်စက်ဆုံးနဲ့တောင် စေ့စပ်ညှိနှိုင်းရနိုင်တယ်လို့လည်း သူသိထားတယ်။

## မိတ်ဆွေသူငယ်ချင်းကို ရင်းရင်းနှီးနှီးပေါင်း ပြိုင်ဘက်ကိုပိုတောင် ရင်းရင်းပေါင်းရမယ်။

"ကူနူ" မြို့က နေအိမ်မှာ ညစာကျွေးဖို့ဖိတ်ထားတဲ့ဧည့်သည်တွေဟာ သူအပြည့်အဝ မယုံရတဲ့သူတွေပါတယ်။ သူတို့နဲ့တိုင်ပင်ဖို့ ဖိတ်ခေါ်တာပါ။ လက်ဆောင်ပေးပြီး၊ မြှောက်ပင့်ပြောသေးတယ်။ "မင်ဒဲလား" ဟာ ဆွဲဆောင်မှုရှိတဲ့ အောင်နိုင်သူပါပဲ။ ဒီလိုဆွဲဆောင်မှုတွေကို မဟာမိတ်တွေထက် ပြိုင်ဘက်တွေအပေါ် ပိုပြီး အသုံးချလေ့ရှိတယ်။

"ရိဘင်" ကျွန်းပေါ်မှာလည်း သူမနှစ်သက်တဲ့သူ၊ အားထားမရတဲ့သူတွေ သူ့ဦးနှောက်ထဲမှာ ယုံကြည်ရသူတွေအဖြစ် ပါဝင်နေတယ်။ ရင်းနှီးလာရတဲ့သူထဲမှာ "စရစ်ဟန်နီ" တစ်ယောက်ပါတယ်။ ANC တပ်ဖွဲ့ရဲ့ ခက်ထန်တဲ့တပ်ချုပ်ဖြစ်တယ်။ တချို့က ထင်တယ် "ဟန်နီ" က "မင်ဒဲလား" ကို ကြံစည်နေတယ်လို့။ ဒါပေမယ့် သူက "ဟန်နီ"နဲ့ ရင်းနှီးအောင်ကြိုးစားတယ်။ မွေးနေ့ပွဲ၊ အသုဘဆွမ်းသွတ်ဆို သွားတာပဲ၊ ဒါကို အခွင့်အလမ်းတစ်ခုအဖြစ်မြင်တယ်။ သူရဲ့ပထမဦးဆုံး ကက်ဘိနက်အစည်းအဝေးမှာ သူ့ကိုထောင်ချခဲ့တဲ့ ခေါင်းဆောင်တွေကို ထည့်ခဲ့တယ်။ မိတ်ဆွေအပေါင်းအသင်းအဖြစ် သူသိရတဲ့ ထောင်မှူးတွေကို ထည့်ထားတယ်။ တစ်ချို့ဆို သူမနှစ်မြို့သူတွေဖြစ်တယ်။

မပတ်သက်ရမယ့်သူတွေကို ရှောင်ရတဲ့ကာလတွေ ရှိတယ်။ စွဲဆောင်အားကောင်းတဲ့သူတွေလိုပဲ သူ့ကိုယ်သူ လူများက ဆွဲဆောင်တာကို လိုက်လျောရတာရှိတယ်။ တောင်အာဖရိကသမ္မတ "အက်ဖဒဗလျူဒီကလပ်" နဲ့ မြန်မြန်ရင်းနှီးနားလည်မှုရအောင် သူက ဦးဆောင်လုံးပမ်းခဲ့တာရှိတယ်။ လူပုံအလယ် "ဒီကလပ်" က တိုက်ခိုက်တော့မှ သစ္စာမဲ့တာပဲလို့ သူခံစားသွားရတယ်။

ပြိုင်ဘက်တွေကို စိတ်လိုလက်ရ လက်ခံပေါင်းသင်းတာဟာ သူတို့ကိုထိန်းချုပ်ခြင်း တစ်မျိုးပဲလို့ ယုံကြည်တယ်။ လွှမ်းမိုးဩဇာရှိတဲ့ သူ့အဝိုင်းအတွင်းထည့်ထားတာထက် သူတို့ သဘောအတိုင်း လွှတ်ထားတာက ပိုအန္တရာယ်ကြီးတယ်။ သစ္စာရှိတာကို သူမြတ်နိုးတယ်။ ဒါပေမဲ့ အဲဒါကို အစွဲအလန်းတစ်ခုလို အဖြစ်မခံဘူး။ လူဟာ မိမိအကျိုးစီးပွားအတွက်လုပ်တယ်။ အဲဒါ လူ့သဘာဝသက်သက်ပဲ။ အပြစ်အနာအဆာမဟုတ်သလို ချို့ယွင်းချက်လည်း မဟုတ်။ အကောင်းမြင်သူတစ်ဦးရဲ့ အခြားတစ်ဖက်မှာ ယုံလွယ်လွန်းတာရှိတယ်။ သူမယုံရတဲ့ သူတွေကိုဆက်ဆံရာမှာ ဆွဲဆောင်ဓါတ်ကိုသုံးပြီး အဆိပ်ပျယ်သွားစေတဲ့နည်းလမ်းပါပဲ။

## လူတစ်ယောက်ရဲ့အပြင်ပန်းအသွင်အပြင်က အရေးကြီးတယ် ပြီး ပြုံးပြဖို့မမေ့ပါနဲ့

"မင်ဒဲလား" က နွမ်းဖတ်နေတဲ့ဝတ်စုံလေးဝတ်ပြီး၊ ဆင်းရဲတဲ့ ဥပဒေကျောင်းသား တစ်ယောက်ဖြစ်နေချိန်မှာ။ "ဝေါ်ဟာ စီစူလူးနဲ့တွေ့ဖို့ သူ့ကို ခေါ်သွားတယ်။ "စီစူလူး"က ANC လူငယ်ခေါင်းဆောင်ဖြစ်ပြီး အိမ်မြေရောင်းဝယ်ရေးလုပ်ငန်းရှင် တစ်ဦးဖြစ်တယ်။ "စီစူလူး"လို အောင်မြင်ခေတ်မီတဲ့ အသားမဲတစ်ယောက်ကို သူအားကျခဲ့တယ်။ အဲဒီလိုပဲ လူပုံ ယောကျ်ားပီသတယ်။ အရပ်အမောင်းကောင်းပြီး အကြီးအကဲတစ်ဦးရဲ့သား၊ မင်းမျိုးမင်းဟန် အမူအရာယူထားတယ်။ တိမ်ထူတဲ့ကြားက ထွက်လာတဲ့ နေအလင်းလို အပြုံးမျိုးလည်း ပိုင်သူဖြစ်တယ်လို့ "မင်ဒဲလား" ကို "စီစူလူး" က မြင်တယ်။

တခါတရံခန္ဓာတည်ဆောက်ပုံနဲ့ ခေါင်းဆောင်မှုအရည်အသွေးတို့ ဆက်စပ်ဖြစ် တည်နေတာကို ကျနော်တို့ မေ့နေတတ်တယ်။ "ဂျော့ဝါရှင်တန်" (အမေရိကန်သမတ ဟောင်း) ဆိုရင် ဘယ်အခန်းဝင်ဝင်၊ အရပ်အမောင်းအကောင်းဆုံးနဲ့ သန်စွမ်းအားကောင်းတာ ထင်ပေါ်နေတယ်။ အရွယ်အစားနဲ့ အင်အားက DNA ထက် ခေါင်းဆောင်အရည်အသွေးမှာ ပိုဆက်စပ်မှုရှိတယ်။ "မင်ဒဲလား" က သူရဲ့အသွင်အပြင်က သူ့အရေးအရာမှာ ဘယ်လို တိုးတက်အောင်လုပ်ပေးတယ်ဆိုတာ နားလည်ထားတယ်။ ANC ရဲ့ လျှို့ဝှက်တပ်ဖွဲ့ခေါင်း ဆောင်အနေနဲ့ မုတ်ဆိတ်မွေးထားပြီး အလုပ်ကြမ်းလုပ် စစ်ဝတ်စုံနဲ့ ဓါတ်ပုံရိုက်ထားရမယ်လို့ သူက တိုက်တွန်းပြောခဲ့တယ်။ သူ့ဘဝတလျှောက်လုံး အဆင့်အတန်းနဲ့ သင့်တော်တဲ့ အဝတ် အစားကိစ္စကို အရေးတယူထားခဲ့တယ်။ (အနောက်တိုင်း) ဝတ်စုံကို လိုက်ဖက်အောင်ဝတ် တတ်တယ်။ သူ့ဝတ်စုံတွေကို လှုပ်ရှားသက်ဝင်ပုံတွေနဲ့ အစဉ်လိုက်ဖြန့်တော့၊ ခေတ်မီတဲ့ အာဖရိကရဲ့ ပျော်ရွှင်တတ်သောအဖိုးအဖြစ် ကြော်ငြာတဲ့ အင်္ကျီတွေဖြစ်သွားတယ်။

၁၉၉၄ သမ္မတရွေးကောက်ပွဲဝင်ပြိုင်တော့ သင်္ကေတအမှတ်တံဆိပ်တွေဟာ ကိစ္စရပ်တွေ အရေးပါသလောက် အရေးကြီးဘယ်။ သူဟာ ပရိသတ်ရှေ့မှာ စကားပြော အလွန်ကောင်းသူတော့ မဟုတ်ပါ။ သူစင်ပေါ်ရောက်တဲ့ခါ ရှန်းကန်လှုပ်ရှားရတဲ့ အမှတ်အ သား ဖြစ်တဲ့ "တိုရီတိုရီ"အက (မြို့နယ်အက)ကို ကလေ့ ရှိတယ်။ ပိုအရေးပါတာက အံ့ဩ လောက်စရာ အားလုံးပေါင်းစည်းဆွဲဆောင်ထားတဲ့ အပြုံးပါ။ တောင်အာဖရိက လူဖြူတွေ အဖို့တော့ အဲဒီအပြုံးက မင်ဒဲလားမှာ ခါးသီးတာတွေ မရှိဘူးဆိုတဲ့ သင်္ကေတပါပဲ။ သူတို့ အပေါ် စာနာမှုရှိတယ်လို့ ဖေါ်ညွှန်းနေတယ်။ "လူမဲ၊ မဲဆန္ဒရှင်တွေအတွက် ကျနော်ဟာ

ပျော်ရွှင်တတ်သော စစ်သူရဲကောင်းတစ်ယောက်ပါ။ ကျနော်တို့အောင်မြင်ပါလိမ့်မယ်။" ANC ရွေးကောက်ပွဲရဲ့ ပုံနှိပ်နေတဲ့ပိုစတာတွေက သူ့အပြုံးကို ဦးစားပေးဖော်ပြထားတယ်။ သူ့အပြုံးက ပြောလိုတဲ့ အဓိပ္ပါယ်ကို ဖေါ်ဆောင်နေတာပဲလို့ "ရာမာဖိုစာ" က ပြောသွားတယ်။

## အဖြူပဲဖြစ်ဖြစ် အမဲပဲဖြစ်ဖြစ်

လက်နက်ကိုင်ဆန့်ကျင်ရေးလှုပ်ရှားမှုကို ရပ်ဆိုင်းဖို့ဆုံးဖြတ်ရတဲ့အခါ အစိုးရကိုဖြုတ်ချဖို့ အင်အားမရှိတော့တာကို သိထားတာကြောင့်လား၊ ဒါမှမဟုတ် အကြမ်းမဖက်ရေးလှုပ်ရှားမှုကို ရွေးချယ်လိုက်ခြင်းဖြင့် နိုင်ငံတကာအမြင်ကောင်းရနိုင်တာကို သိတာကြောင့်လားမေးတော့။ ထူးဆန်းတဲ့မျက်လုံးတချက်ကြောင်ကြည့်ပြီး "နှစ်ခုစလုံးလုပ်ရမှာပေါ့" လို့ပြောတယ်။ ဘဝဆိုတာ ဒီဟာမဟုတ်ရင် ဟိုဟာဆိုတာမျိုးမဟုတ်။ ဆုံးဖြတ်ချက်တွေမှာ အစိတ်အပိုင်းအမျိုးမျိုးတွေ ရောနှောပါနေတယ်။ လူသားရဲ့ဦးနှောက်ကိုယ်တိုင်က ဘက်လိုက်မှု ရှိနေတဲ့အချက်က ရိုးစင်းရှင်းလင်းတဲ့အချက်တစ်ခုဖြစ်နေတယ်၊ အစစ်အမှန်တရားနဲ့ ကိုက်ညီမှုမရှိတတ်ဘူး၊ ဘယ်အရာမှ မြင်ရတဲ့အတိုင်း တဖြောင့်တည်းတည်ရှိနေတာ မဟုတ်ပါ။ ဆန့်ကျင်အားပြိုင်ဖြစ်စဉ်တွေနဲ့ သူက သဘောတွေ့နေသူဖြစ်တယ်။ နိုင်ငံရေးသမားတစ်ယောက်အနေနဲ့ သူက လက်တွေ့ကျသူဖြစ်တယ်။ ကမ္ဘာကြီးကလည်း နေရာအမျိုးမျိုးမှာ နည်းနည်းစီတော့ ကွဲလွဲနေတယ်။ အဲဒီဖြစ်စဉ်က အဆုံးမဲ့ဖြစ်တယ်လို့သူမြင်တယ်။

နိုင်ငံရေးခေါင်းဆောင်အနေနဲ့ "မင်ဒဲလား" က "ကက်စထရို" နဲ့ "ကဒါဖီ" ကို သစ္စာစောင့်သိသူဖြစ်တယ်။ အမေရိကန်က "မင်ဒဲလား" ကို အကြမ်းဖက်သမားအဖြစ် တံဆိပ်ကပ်တဲ့ကာလမှာ သူတို့က ANC ကို အကူအညီပေးခဲ့တယ်။ ပြဿနာရပ်တိုင်းမှာ အကြောင်းတရားများစွာ ပါဝင်နေတယ်။ အသားအရောင်ခွဲခြားတဲ့စနစ်ကို ပြတ်ပြတ်သားသား သူဆန့်ကျင်နေတဲ့အချိန်မှာ၊ ဒီ ခွဲခွဲခြားခြားအုပ်ချုပ်နေတဲ့စနစ် ဖြစ်ရတဲ့အကြောင်းက နားလည်ရခက်နေပြီး သမိုင်းရော၊ လူမှုဗေဒ စိတ်ပညာဆိုင်ရာ အချက်အလက်တွေအားလုံးပါဝင်နေတယ်။ မင်ဒဲလားရဲ့ "ကဲကုလ" သင်္ချာနည်း က "ငါရယူဖို့ အဆုံးပန်းတိုင်ဟာ ဘာလဲ။ အဲဒီနေရာရောက်ဖို့ လက်တွေ့အကျဆုံးနည်းလမ်းက ဘာလဲ" အဲဒီအဖြေကိုရှာတာပဲ။

## ထွက်ခွာခြင်းကလည်း ခေါင်းဆောင်ခေါင်းရွက်လုပ်တာပဲ။

၁၉၉၃ မှာ အသက် ၁၈ နှစ်အောက် မဲပေးခွင့်ရှိတဲ့ နိုင်ငံတွေရှိလားဆိုတဲ့ မေးခွန်းကို မေးတယ်။ နောက်မဲပေးနိုင်တဲ့ အသက်ကို ၁၄ နှစ်အထိ လျှော့ချသင့်တယ်လို့ TV ကနေအကြံပြုပြောခဲ့တယ်။ မအောင်မြင်တော့ မကျေမနပ်ဖြစ်တာ မထားပဲ၊ မိမိကိုယ်မိမိနှိမ့်ချပြီး လက်ခံတယ်။ ဒါက ခေါင်းဆောင်မှုရဲ့ သင်ခန်းစာတစ်ခုပဲ။

ရှုံးနိမ့်သွားတဲ့ အိုင်ဒီယာ၊ အလုပ် ဒါမှမဟုတ် ဆက်ဆံပေါင်းသင်းမှုတို့ကို ဘယ်လိုစွန့်လွှတ်ရမယ်လို့ သိနားလည်တယ်ဆိုတာ ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဆုံးဖြတ်ရအခက်ဆုံးအလုပ်တစ်ခုပါ။ တောင်အာဖရိကရဲ့ သမတတစ်ဦးအနေနဲ့ ထားခဲ့တဲ့အကြီးမားဆုံးအမွေအနှစ်က၊ သမတရာထူးကို သူဘယ်လိုစွန့်လွှတ်ရမယ်ဆိုတဲ့ နည်းလမ်းကို ရွေးချယ်ခဲ့တာပါပဲ။

၁၉၉၄ မှာ သမ္မတအရွေးခံရတော့၊ သမ္မတရာထူးကို ရာသက်ပန်လုပ်ဖို့ လုံးပမ်းကောင်းလုံးပမ်းနိုင်တယ်။ ထောင်ကျခံရတဲ့ဘဝအတွက် တုံ့ပြန်ပေးဆပ်စရာဟာ ဒါပဲလို့ နားလည်းထားသူတွေ အများကြီးရှိတယ်။ အာဖရိကသမိုင်းမှာ ရွေးချယ်ခံရတဲ့ ဒီမိုကရက်တစ်ခေါင်းဆောင်ထဲမှာ လက်ချိုးရေရတဲ့ ခေါင်းဆောင်တွေပဲ ရာထူးကနေ လိုလိုလားလား ဆင်းပေးကြတာ။ "မင်ဒဲလား" က သူ့ရဲ့နောက်လိုက်တွေအားလုံးအတွက် အတုယူလိုက်လုပ်ရမယ့် "စံ"တစ်ခုကို ထားခဲ့မယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ တောင်အာဖရိကတွင်မက အာဖရိကတစ်တိုက်လုံးထိပါပဲ။ "မူဂါဘီကို ဆန့်ကျင်တဲ့သူ" တိုင်းပြည်အတွက် မျိုးဆက်သစ်တွေ မွေးဖွားပေးသူ။ လိုတာမရလို့ အကြပ်ကိုင်တာမျိုးကို မလိုလားသူဖြစ်တယ်။ သူ့တာဝန်က လမ်းကြောင်းရှာပေးဖို့။ သဘော်ကို ပဲ့ကိုင်ဖို့မဟုတ်ဘူးလို့ "ရာမာဖိုစာ"က ပြောတယ်။ ခေါင်းဆောင်က မလုပ်ဖို့ ရွေးချယ်ထားတာကို (မလုပ်ရအောင်) ဦးဆောင်ရမှာ ဖြစ်သလို လုပ်ရမယ့်အရာကို လုပ်ရအောင် ဦးဆောင်ပေးရမယ်လို့ သူသိတယ်။ အဆုံးမှာတော့ မင်ဒဲလားကိုနားလည်ဖို့ အဓိကကျတဲ့အချက်က (၂၇)နှစ်ကြာ အကျဉ်းကျခံရတဲ့ဘဝပါပဲ။ ၁၉၆၄ "ရိုဘင်" ကျွန်းပေါ်ရောက်ရတဲ့ဘဝမှာ ခံစားပေါက်ကွဲတတ်တာ၊ ခေါင်းမာတာ၊ နာကျင်ခံစားလွယ်တာ စတဲ့ စရိုက်တွေရခဲ့တယ်။ ခုတော့ စည်းကမ်းရှိတဲ့၊ ရင့်ကျက်တည်ငြိမ်တဲ့ လူတစ်ယောက်ဖြစ်လာတယ်။ ပြီးခဲ့တာတွေကို နောက်ကြောင်းပြန်လှန်တတ်သူမဟုတ်၊ နောက်ဆုံး သူပြောတာက "ကျနော်ရင့်ကျက်သွားပြီ" ဆိုတာပါပဲ။ ရင့်ကျက်တဲ့သူ တစ်ယောက်ဖြစ်လာဖို့ အတွက် ဒီလောက်တန်ဖိုးကြီးတာ၊ ရှားပါးတာဟာ မရှိပါဘူး။

## သူလိုခေါင်းဆောင်မျိုး

ပြင်းပြင်းထန်ထန် ထိခိုက်နစ်နာစေတဲ့စနစ်ဆိုးထဲက တိုင်းပြည်ကိုလွတ်မြောက်အောင် သူစွမ်းဆောင်နိုင်ခဲ့တယ်။ လူဖြူလူမဲစည်းလုံးညီညွတ်ရေးကို နည်းလမ်းသစ်ရှာစွမ်းနိုင်ခဲ့တယ်။ မင်ဒဲလားက လောကီသူတော်စင်နဲ့ အနီးဆုံးတူတဲ့သူတစ်ဦးပါ။ နိုင်ငံရေးသမားပီသသူလည်း ဖြစ်တယ်။ အသားအရောင်ခွဲခြားအုပ်ချုပ်တဲ့စနစ်ကို ဖြုတ်ချပြီး၊ လူမျိုးရေးမခွဲခြားတဲ့ ဒီမိုကရက်တစ် တောင်အာဖရိကဖြစ်အောင် ဖန်တီးခဲ့တယ်။ စစ်သူရဲကောင်းအဖြစ်နဲ့ တစ်နည်း၊ အာဇာနည်သူရဲကောင်းအနေနဲ့တဖုံ၊ သံတမန်တစ်ဦးအနေနဲ့တစ်မျိုး၊ နိုင်ငံအကြီးအကဲအနေနဲ့ တစ်သွယ် အခန်းကဏ္ဍအလိုက် ချိတ်ဆက်ပြောင်းလဲလုပ်ဆောင်ရာမှာ အခါကာလကို တိတိတွက်နိုင်တာ၊ ဘယ်လိုနည်းလမ်းနဲ့သွားမယ်ဆိုတာတွေကို သူကောင်းကောင်းနားလည်တယ်။ ဆုပ်ဆုပ်ကိုင်ကိုင်ပြောမရတဲ့ စိတ္တဇဆန်တဲ့ ဒဿနအမြင်တွေကိုလည်း သူ ခိုးလိုခုလိုဖြစ်တယ်။ သူဟာ နည်းဗျူဟာကို ပိုင်နိုင်သူဖြစ်တယ်။ နည်းဗျူဟာကိုပဲ ဇောင်းပေးဦးဆောင်လုပ်တယ်။ မူဝါဒကို ပြဿနာတစ်ရပ်လို့ ထည့်ပြောလေ့မရှိဘူး။

၂၀ ရာစု နောက်ပိုင်းကာလမှာ ကမ္ဘာရဲ့ထူးခြားတဲ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်းဖြစ် နိုင်ငံခေါင်းဆောင်တစ်ဦးအဖြစ် စံထားထိုက်တဲ့ခေါင်းဆောင်တစ်ဦးနဲ့လျော်ညီစွာ ထူးခြားတဲ့ကိုယ်ရည်ကိုယ်သွေးပြည့်စုံတာ ငြင်းမရပါဘူး။ ကမ္ဘာမှာ အချမ်းသာဆုံးစာရင်းဝင် "ဘီလ်ဂိတ်" ကပင် သူလေးစားရမယ့်သူထဲမှာ "မင်ဒဲလား" လည်း ပါဝင်ပါတယ်တဲ့။

အကယ်၍များ "မင်ဒဲလား" လိုခေါင်းဆောင်မျိုး မြန်မာပြည်နိုင်ငံရေးမှာ ပေါ်လာဦးမယ်ဆိုရင် ...... ။

စာအုပ်သုံးသပ်ချက်
Book Review

# ဗီယက်နမ်ကပေးတဲ့သင်ခန်းစာ

(ဟင်နရီကစ်ဆင်ဂျား)

## ဇော်မြင့်ကျော် ဘာသာပြန်သည်

အမေရိကအဖို့တော့ ဗီယက်နမ်စစ်ပွဲဟာ ပြီးခဲ့တဲ့ရာစု ဒုတိယနှစ်ဝက်ပိုင်းမှာ စိတ်မချမ်းမြေ့ဖွယ်ရာအတိနဲ့ ကြိမ်မီးအုံးခဲ့ရတဲ့ဖြစ်ရပ်ပါ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဆယ်စုနှစ်တခုခွဲလောက် ဆန်းသစ်တဲ့နိုင်ငံခြားရေးပေါ်လစီ အောင်မြင်မှုကြောင့် ကိုယ့်ကိုယ်ကိုယုံကြည်မှုတွေ မိုးပေါ်ထောင်တက်မတတ်ဖြစ်နေစဉ်မှာ၊ ကျနော်တို့ရဲ့ ဗီယက်နမ် အပေါ်ကိုင်တွယ်မှုက အမေရိကကို သဘောထားကွဲမှုတွေနဲ့ ချန်ထားခဲ့ပါတယ်။ အမေရိကန်ပြည်တွင်းစစ်ပြီးကတည်းကဆိုရင် ဒါဟာ နောက်ထပ်တိုင်းပြည်အတွင်း အကြီးအကျယ်စိတ်ဝမ်းကွဲမှုကြီးပါပဲ။

တပ်တွေရုတ်သိမ်းအပြီး နှစ်နှစ်အကြာမှာ ကွန်ဂရက်က ဗီယက်နမ်ကိုပေးနေတဲ့ အကူအညီအထောက်အပံ့အားလုံး ဖြတ်ပစ်ခဲ့ပါတယ်။ နောက်ဆုံးကျန်ခဲ့တဲ့ အမေရိကန်တွေဟာ ဆိုင်ဂုံ (ယခု ဟိုချီမင်းမြို့တော်) က ကျနော်တို့သံရုံးခေါင်မိုးပေါ်ကနေ ရဟတ်ယာဉ်နဲ့ ထွက်ပြေးခဲ့ကြရပါတယ်။ အဲဒီ့အချိန်က စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ် ပြဇာတ်ကွက်မျိုး အခုထိမပေါ်ပေါက်သေးပါဘူး။

အခု အဲဒီ့ကာလမှာပါဝင်ခဲ့တဲ့ မျက်မြင်သက်သေအရေအတွက်ဟာ တစတစလျော့ပါးလာပြီး၊ သံမှိုနှက်ခံထားရတဲ့ခံစားချက်တွေက သူတို့ကိုစိတ်ထောင်းကိုယ်ကြေ စိတ်ဒဏ်ရာဒဏ်ချက်တွေပေးခဲ့ပါတယ်။ သူတို့ရဲ့အတိတ်တွေက အချင်းချင်းကြား သဘောထားမတိုက်ဆိုင်မှုတွေနဲ့ ခွဲထားရစ်ခဲ့ပါတယ်။ ယနေ့ နိုင်ငံကိုဦးဆောင်နေတဲ့ ငယ်ရွယ်တဲ့ခေါင်းဆောင်များအဖို့တော့ သူတို့ဖခင်များရဲ့ အငြင်းပွားခဲ့မှုတွေအပေါ် နားလည်နိုင်စွမ်းမရှိရှာဘဲ၊ သူတို့ဆောင်ရွက်နေတဲ့ မျက်မှောက်ပေါ်လစီတွေမှာ အလားတူအကျပ်အတည်းမျိုးတွေထဲ မရှောင်လွှဲသာဘဲ ထပ်ချော်ကျကုန်ပါတယ်။

အခု ဂေါ်ဒွန်အမ်ဂိုစတိန်းရဲ့ "ဘေးဆိုးထဲကသင်ခန်းစာများ၊ မတ်ဂျော့ဘန်ဒီနှင့် ဗီယက်နမ်စစ်ပွဲ တူရူရာလမ်း" (Lessons in Disaster: Mc Gcorge Bundy and the Path to War in Vietnam) စာအုပ်က အဲဒီ့ဟာကွက်တွေကို မဖြည့်ပေးနိုင်သေးပါဘူး။ သို့သော် တောင်ဗီယက်နမ်ကို အမေရိကန်စနစ်အတွက် ခုခံမှုအတွင်း ၁၉၆၁ – ၁၉၆၆ ငါးနှစ်တာ ကာလကို အများကြီး မီးမောင်းထိုးပြပါတယ်။ အဲဒီ့ခေတ်ထင်ရှားတဲ့ အမေရိကန်ပြည်သူ့ဝန်ထမ်းများထဲက တစ်ယောက်ဖြစ်တဲ့ မက်ဂျော့ဘန်ဒီရဲ့ကြိုးပမ်းမှုတွေကို ခြေရာကောက်ရင်း၊ အမေရိကရဲ့ ကံဆိုးမိုးမှောင်ဖြစ်ရပ်ထဲဝင်ခဲ့ပုံကို ဒီစာအုပ်က ကြိုးစားရှာဖွေတင်ပြထားပါတယ်။

# မက်ဂျော့ဘန်ဒီ ဘယ်သူလဲ

ကျနော် ဟားဗတ်တက္ကသိုလ်မှာရှိနေတုန်းက၊ မက်ဂျော့ဘန်ဒီဟာ တက္ကသိုလ်ရဲ့ မဟာဌာနမှူးဖြစ်ပါတယ်။ ဟားဗတ်ဘွဲ့ရ မျိုးဆက်တခုလုံးအတွက် ဂျော့ဘန်ဒီဆိုတာ ပညာရှင်နဲ့ တက်ကြွလှုပ်ရှားသူ၊ အားလုံးရဲ့ စံပြအချစ်တော်ပါ။ သူ့ရဲ့ထူးခြားတက်မြက်တဲ့ ဉာဏ်ပညာကို ပြည်သူ့အကျိုးပြုလုပ်ငန်းတွေမှာ လုံးလုံးလျားလျား နှစ်မြှုပ်ထားသူဖြစ်ပါတယ်။ ဘန်ဒီဟာ သူမတူအောင်ထက်မြက်သူ၊ ရှင်းရှင်းလင်းလင်းထုတ်ဖော်တင်ပြနိုင်သူ။ ဘော်စတွန်ဗြဟ္မာဏ အလွှာ (ဟားဗတ်ပညာတတ်အသိုင်းအဝိုင်း) နောက်ကွယ်မှာတော့ သူဟာ နွေးထွေးပြီး ဆင်ခြင်တုံတရား အားကောင်းတဲ့ လူသားတစ်ဦးပါပဲ။

ဟားဗတ်ကော်မတီရဲ့ ရွေးချယ်မှုကြောင့်၊ ဒေါက်တာဘွဲ့ရယူခြင်းမရှိသေးဘဲနဲ့ အရည်အချင်းပြည့်မီတဲ့ဌာနမှူးအဖြစ် သူ့ကို ခန့်အပ်ခဲ့ပါတယ်။ ဌာနမှူးဖြစ်တဲ့အချိန် သူ့အသက်က (၃၄)နှစ်။ နောက်အစိုးရအဖွဲ့ပြောင်းလဲရင် ရီပတ်ဗလစ်ကန်ဖြစ်ဖြစ် ဒီမိုကရက်ဖြစ်ဖြစ် ဘန်ဒီကို အစိုးရအုပ်ချုပ်ရေးအဖွဲ့ထဲ ထည့်မှာပဲလို့ ဟားဗတ်အသိုင်းအဝိုင်းမှာ ယုံကြည်ထားကြပါတယ်။ သူနဲ့ခေတ်ပြိုင်အများအပြားက သူ့ကို အနာဂတ်နိုင်ငံခြားရေးဝန်ကြီး (Secretary of State) လောင်းလို့ မြင်ခဲ့ကြပါတယ်။

၁၉၆၁ ခုနှစ်မှာ သမ္မတဂျွန်အက်ဖ်ကနေဒီက ဘန်ဒီကို အမျိုးသားလုံခြုံရေးအကြံပေး ခန့်အပ်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီရာထူးဟာ အစိုးရအဖွဲ့ထဲ အလွန်အရေးပါတဲ့နေရာအဖြစ် ယူဆထားကြပါတယ်၊ ဘန်ဒီက အမျိုးသားလုံခြုံရေးအရာရှိတာဝန်ကို ခေတ်မီတိုးတက်အောင် လုပ်ဆောင်ခဲ့ပါတယ်။ အမျိုးသားလုံခြုံရေးနဲ့ပတ်သက်တဲ့ အခြားဌာနတွေရဲ့ မှတ်တမ်းမှတ်ရာစာချုပ်စာတမ်းတွေ အလွန်များပြားလာတာနဲ့အမျှ ဘန်ဒီရဲ့ရုံးဟာ ဗဟိုရုံးကြီး ဖြစ်သွားပါတယ်။

အဲဒီ့ကတည်းက အမျိုးသားလုံခြုံရေးကောင်စီဟာ သမတအတွက် ရွေးချယ်စဉ်းစားလုပ်ကိုင်ရမယ့်နည်းလမ်းအဖုံဖုံကို စုစည်းတင်ပြထုတ်လုပ်ပေးရာဌာန ဖြစ်လာပါတယ်။ ဒီလုပ်ငန်းကြီးတွေကို လျစ်လျူရှုထားခဲ့ရင်၊ သမတဟာ မျက်မမြင်ပုဏ္ဏားထက်ဆိုးသွားမယ်။ မဟာဗျူဟာလမ်းညွှန်ချက်မရှိဘဲ အကျပ်အတည်းတွေ တစ်ခုပြီးတစ်ခုဆိုက်မှာကျိန်းသေပါတယ်။

ဘန်ဒီဟာ ဟားဗတ်မှာ စီမံကိုင်တွယ်ခဲ့သလိုမျိုးပဲ၊ သူ့တာဝန်အသစ်တွေမှာ ငါးနှစ်တာ ပီပြင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီအထဲမှာ ဘာလင်အကျပ်အတည်း၊ ကျူးဘားဒုံးကျည်ကာလနဲ့ နျူကလီးယားစမ်းသပ်မှု ပိတ်ပင်ရေးသဘောတူညီချက်တို့ ပါဝင်ပါတယ်။ ဒီ့နောက် သူပူးတွဲစီမံကိုင်တွယ်ခဲ့တဲ့ ဗီယက်နမ်စစ်ပွဲ ကံဆိုးမိုးမှောင်ကျမှုနဲ့အတူ သြဇာကျဆင်းသွားခဲ့ရတယ်။ ၁၉၆၆ ခုနှစ်မှာ သူ အငြိမ်းစားယူခဲ့ပြီး၊ နောက် ဘယ်တော့မှ အစိုးရဝန်ထမ်းမလုပ်တော့ပါဘူး။

အစိုးရဌာနကိုကျောခိုင်းလာပြီးနောက် ဘန်ဒီ့ခမျာ အများရဲ့ဝေဖန်စရာ ပစ်မှတ်ဖြစ်လာခဲ့ပါတယ်။ 'အကောင်းဆုံးနဲ့အတော်ဆုံး' (The Best and the Brightest) ရေးတဲ့ ဒေးဗစ်ဟယ်လ်ဘာစတမ်းကဆိုရင် ဘန်ဒီကို ဗီယက်နမ်မှာ အမေရိကန်တွေကို လမ်းပျောက်

စေခဲ့သူလို့ ထိုးနှက်ဝေဖန်ပါတယ်။ အဲဒီစာအုပ်မှာ ဗီယက်နမ်စစ်ပွဲရဲ့ နောက်ဆက်တွဲသုံးသပ်ချက်အများစုကို ဖော်ပြခဲ့ပါတယ်။

ဘန်ဒီက သူ့အပေါ် မှိုချိုးမှျစ်ချိုး ကဲ့ရဲ့ပြစ်တင်မှုများကို သိက္ခာရှိစွာနဲ့သည်းခံတယ်။ ဝေဖန်မှုတွေကို တိုက်ရိုက်ပြန်ဖြေကြားခြင်းမပြုဘဲ၊ ဝေဖန်သူအချို့နဲ့ တစ်ဦးချင်းသဘောတူခဲ့တာတွေရှိပါတယ်။ သူ့ဘဝနေဝင်ချိန်မှာ အမေရိကကို မျှော်လင့်ချက်ကနေ စိတ်ပျက်ကြေကွဲမှုဆီ တွန်းပို့ပေးခဲ့တဲ့ဖြစ်ရပ်တွေကို ပြန်လည်ကုစားဖို့ အချက်အလက်စုဆောင်းမှုတွေ သုတေသနလက်ထောက်အကူတယောက်နဲ့ လုပ်နေရှာပါတယ်။ စာမူကြမ်း မစတင်နိုင်သေးခင် သူ ကွယ်လွန်သွားပါတယ်။

## ကပ်ဆိုးထဲမှ သင်ခန်းစာများ

ဘန်ဒီရဲ့ သုတေသနသမား ဂေါ်ဒွန်အမ်ဂိုးလ်စတိန်း (Gordon M. Goldstein) က သူ့ဆရာနဲ့ ပူးပေါင်းပြုစုထားတာတွေ၊ ဘန်ဒီကိုယ်တိုင်ရဲ့ ရေးသားချက်မှတ်စုတို့နဲ့အတူ စာအုပ်ထုတ်လိုက်ပါတယ်။ ဂိုးလ်စတိန်းကိုယ်တိုင်ရဲ့ အားထုတ်မှုတွေပါသလို၊ သုတေသနသမားရဲ့အမြင်တွေလည်း တင်ပြထားပါတယ်။ ဒီစာအုပ်ဟာ အတော့်ကို ထူးဆန်းစိတ်လှုပ်ရှားဖွယ်ကောင်းပါတယ်။

စာအုပ်မှာ သူရဲကောင်း ဘယ်သူလို့ မပြောထားသလို၊ သုတေသနသမားရဲ့ စစ်မှန်မှုကိုလည်း ပြသထားပါတယ်။ 'ကပ်ဆိုးထဲမှသင်ခန်းစာများ' စာအုပ်ဟာ ဆယ်စုနှစ်အချို့မှာ လွန်ကျူးမှားယွင်းမှုတွေကို သံဝေဂရမှုနဲ့အတူ ဘန်ဒီရဲ့ဆောင်ရွက်ချက်မျက်နှာစာတွေ၊ ကံဆိုးမိုးမှောင်ကျမှုတွေကို ရှင်းလင်းဖော်ပြထားပါတယ်။ ဒီစာအုပ်ဟာ ရှေ့ဆက်သွားရဦးမယ့် ခရီးအတွက် ပြတင်းတံခါးတချပ် လှစ်ပြလိုက်ခြင်းဖြစ်ပါတယ်။ နောက်ဒီစာအုပ်က လွန်ခဲ့တဲ့ မျိုးဆက်တခုမှာ အစိတ်စိတ်အမွှာမွှာဖြစ်သွားတဲ့ အခြေအတင်ဖြစ်မှုတွေကို လွန်မြောက်ဖို့ရန် မစွမ်းနိုင်ရှာတဲ့ အမေရိကကို နောက်ထပ်သက်သေပြလိုက်ခြင်းလည်း ဖြစ်ပါတယ်။

ဘန်ဒီဟာ ဥရောပနဲ့ ဆိုဗီယက်ယူနီယံမှာ အမေရိကရဲ့ စစ်ပြီးခေတ်ပေါ်လစီအမွေကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်သူဖြစ်ပါတယ်။ သူကျရှုံးသွားတဲ့နေရာက အရှေ့တောင်အာရှမှာဖြစ်ပါတယ်။ စစ်ပြီးခေတ် ဥရောပပြန်လည်တည်ဆောက်ရေးနဲ့ နောက်ဆုံးစစ်အေးတိုက်ပွဲကိုတောင် အောင်နိုင်ခဲ့တဲ့ အမေရိကန်မူဝါဒရေးရာတွေဟာ အရှေ့တောင်အာရှဆီဖြန့်ကျက်ရာမှာတော့ ခွက်ခွက်လန် ရှုံးနိမ့်သွားခဲ့ရပါတယ်။

အဓိက အခက်အခဲက အရှေ့တောင်အာရှမှာ မတူခြားနားတဲ့မဟာဗျူဟာ အခင်းအကျင်း ရှိနေပါတယ်။ ဥရောပမှာက အစိုးရအင်စတီကျူးရှင်းများဟာ ဒုတိယကမ္ဘာစစ်အပျက်အစီးပုံထဲကကို ပြန်လည်ရှင်သန်လာကြတယ်။ ဥရောပရင်ဆိုင်ခဲ့ရတဲ့ ခြိမ်းခြောက်မှုတွေက သူတို့စီးပွားရေး မျှော်လင့်ချက်ရှင်သန်ဖို့နဲ့ သူတို့နယ်စပ်မျဉ်းတလျှောက် ဆိုဗီယက်တပ်တွေ ဝိုင်းပတ်ထားမှုဖြစ်ပါတယ်။ အမေရိကန်မာရှယ်စီမံကိန်းက ပထမပြဿနာကို ကူညီနိုင်ခဲ့ပြီး၊ နေတိုးမဟာမိတ်အဖွဲ့က ဒုတိယခြိမ်းခြောက်မှုကို ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

တောင်ဗီယက်နမ်မှာ အဲဒီအနေအထားမျိုးတွေ မရှိပါဘူး။ ဗီယက်နမ်ကိုခွဲခြားပိုင်းဖြတ်ထားတဲ့မျဉ်းက စစ်မဲ့ဇုံသဘောမျိုးသာဖြစ်ပါတယ်။ နိုင်ငံတကာနယ်နမိတ်နယ်စပ်မျဉ်းတစ်ခုအဖြစ် တောင်ဗီယက်နမ်ဟန္တိုင်းအစိုးရက ဘယ်တုန်းကမှလက်မခံခဲ့ပါဘူး။ ဟန္တိုင်းမှာ ပျောက်ကြားစစ်ပွဲတွေကြောင့် အစိုးရအင်စတီကျူးရှင်းများ ချည့်နဲ့သွားခဲ့ပါတယ်။ နယ်နိမိတ်မျဉ်းမရှိတဲ့ အဲဒီစစ်ပွဲမှာ၊ စစ်ရေးထိန်းချုပ်မှုဟာ ခြားနားတဲ့အခ်ပ္ပါယ်ဆောင်ခဲ့ပါတယ်။

ဥရောပမှာတော့ အခြေခိုင်အောင် ထူထောင်ထားတဲ့နိုင်ငံများ (established states) ရှိခဲ့ပါတယ်။ အစိုးရကိုယ်စီမှာ တရားဝင်မှု (legitimacy) ကို အခိုင်အမာထူထောင်ထားပြီးသား ဖြစ်ကြပါတယ်။ တောင်ဗီယက်နမ်မှာက နိုင်ငံတခုဆိုတဲ့ပိုင်ဆိုင်မှုအမွေ လုံးဝမရှိခဲ့ပါဘူး။ အစိုးရအင်စတီကျူးရှင်းတွေဆိုတာလည်း ဒရစပ် စစ်ရေးတိုက်ခိုက်မှုတွေအောက်မှာ ဖန်တီးယူနေရကာ နယ်မြေပိုင်နက်တည်တံခိုင်မြဲမှု (territorial integrity) ဖြစ်ပြီး၊ အရှေ့တောင်အာရှမှာစိန်ခေါ်မှုက အစိုးရရဲ့တရားဝင်မှုဖြစ်ပါတယ်။

## ဒိုမီနိုသီအိုရီနှင့် အစဉ်အလာကမထွက်နိုင်တဲ့ ကနေဒီ

ကနေဒီအစိုးရသစ်ဟာ အဲဒီခြားနားချက်အပေါ် ဟန်ပြပြောဆို လောက္ကတ်လုပ်နေတာကလွဲလို့၊ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ဘယ်တော့မှ မဖြေရှင်းခဲ့ပါဘူး။ သူ့အရင် ထရူးမင်းနဲ့ အိုက်စင်ဟောင်ဝါအစိုးရများ လက်ထက်မှာကတည်းက အမေရိကန် ဟာ တာဝန်ကတိတွေ တဖြည်းဖြည်း တိုးမြှင့်ခဲ့ကြတယ်။

အိုက်စင်ဟောင်ဝါအစိုးရနှစ်ဆုံးပိုင်းမှာ အင်ဒိုချိုင်းနားရှိ တိုင်းပြည်အားလုံးမှာ သူ့တပ်အင်အားတွေ ချထားဖို့ကို ဆုံးဖြတ်ထားပြီးသား ဖြစ်ပါတယ်။ ရာထူးအပြောင်း အလဲကာလမှာ အိုက်စင်ဟောင်ဝါက နောက်တက်လာမယ့်သမတကို ပြောထားတာရှိတယ်။ မြောက်ဗီယက်နမ်က ဆက်ပြီးထိုးဖောက်လာရင်၊ အမေရိကန်တိုက်ခိုက်ရေးတပ်တွေကို လာအိုဘက်ပို့ထားသင့်တယ် ဆိုတာပါ။

ကနေဒီ အစိုးရဟာ အဲဒီပြဿနာတွေနဲ့ပတ်သက်ရင် အစဉ်အလာအသိပညာကို လက်ခံခဲ့ပေမယ့်၊ မဟာဗျူဟာကို ပယ်ချပါတယ်။ သူ့ရှေ့က ပါတီနှစ်ခုရဲ့သမတများလိုပဲ၊ ဝိုင်းရံထိန်းချုပ်ရေးမှု (containment) ကို ခွဲခြားပစ်လို့မရဘူးလို့ ယူဆထားတယ်။ တောင်ဗီယက်နမ်ပြိုလဲမှုရဲ့ ဒိုမီနိုအကျိုးဆက် (domino effect) ဟာ သဘာဝအတိုင်း အခြား သက်ဆိုင်တဲ့နိုင်ငံများကိုလည် ဆက်ပြိုလဲစေမယ်လို့ ယူဆထားပါတယ်။

ဒိုမီနိုသီအိုရီအရ နိုင်ငံတစ်နိုင်ငံကို ကွန်မြူနစ်တို့လက်အောက်မကျရောက်အောင် ထိန်းမထားနိုင်ဘူးဆိုရင်၊ အခြားနိုင်ငံတွေလည်း ထိန်းဖို့ခက်ပြီး အားလုံးပြိုဆင်းကုန်မယ်လို့ ဆိုထားတယ်။ ဒါကြောင့် ဝိုင်းရံထိန်ချုပ်ရေးမှုဟာ အရေးကြီးပါတယ်။

စာရေးဆရာဂိုးလ်စတိန်းရဲ့ ဖော်ပြချက်အရဆိုရင်၊ ဘန်ဒီနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေက ဒိုမီနိုအကျိုးဆက်ဖြစ်ရင် ဖိလစ်ပိုင်၊ ထိုင်း၊ ဂျပန်၊ မလေး ရှား၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနဲ့ ထိုင်ဝမ်တို့ ပါဝင်သွားမယ်လို့ အခ်ပ္ပါယ်ဖွင့်ထားတယ်။

ကနေဒီအစိုးရသစ်က ဖွင့်ဆိုချက်အသစ်တွေတောင် လုပ်လိုက်သေးတယ်။ ဗီယက်နမ်ကို ကမ္ဘာ့စစ်အေး ရှေ့တန်းမျက်နှာစာများထဲက တစ်ခုလို့တောင် ဆက်ပြီး မသတ်မှတ်

တော့ဘဲ တကယ့်ဗဟိုချက်မရှေ့တန်းမျက်နှာစာကြီးလို့ သတ်မှတ်လိုက်တယ်။ အစဉ်အလာကျူးကျော်မှုတွေကို နေတိုးမဟာမိတ်အဖွဲ့က ဟန့်တားထားမယ်။ ဗီယက်နမ်ကိုတော့ ပျောက်ကျားစစ်တွေနဲ့ပဲ ရေရှည်အားကုန်စိတ်ပျက်သွားစေမယ်။ တရုတ်နဲ့ဆိုဗီယက်ကိုတော့ ကမ္ဘာလုံးဆိုင်ရာ ချိန်ခွင်လျှာထိန်းညှိရေးမှာ အဆင့်တူအဖြစ် လက်ခံအသိပြုမယ်ပေါ့။

အခု ဆယ်စုနှစ်လေးခုနီးပါးရှိလာတဲ့အချိန်မှာတော့၊ ကနေဒီအစိုးရရဲ့ အမြင်အယူအဆတွေအပေါ် စိန်ခေါ်ထောက်ပြစရာတွေ ရှိလာပါတယ်။ ကွန်မြူနစ်ဝါဒကို မပြိုလဲနိုင်တဲ့ ကျောက်ဆိုင်ကြီးလို့မြင်ခဲ့တာ မှားယွင်းတာ တွေ့ကြရပြီ။ တောင်ဗီယက်နမ်ပြိုလဲမှုဟာ ဒိုမီနိုအကျိုးဆက်တွေထဲ ကျဆင်းမသွားဘူး။ ဗီယက်နမ်ပျောက်ကျားစစ်ကို လွယ်လွယ်ဖြေရှင်းလို့ရမယ်လို့ တွက်ခဲ့တာ တက်တက်စင်လွဲသွားပြီး ပိုဆိုးရွားသွားခဲ့ရတယ်။

စာရေးသူဂိုးလ်စတိန်းကတော့ ဘန်ဒီဟာ အဲဒီဖြစ်နိုင်ခြေတွေကို တွက်ချက်ပြနိုင်သင့်တယ်လို့ သူ့ဆရာကို ဝေဖန်ပြပါတယ်။ အဲဒီဖြစ်နိုင်ခြေမျိုးတွေကို သမတအာရုံစိုက်အောင် တင်ပြဖို့ကောင်းတယ်လို့ သူ့စာအုပ်မှာ ထောက်ပြပါတယ်။ သို့သော် ကျနော်တို့အမှတ်ပြန်ရရမှာက အစဉ်အလာအသိအမြင်ပညာကပဲ အစိုးတွေရဲ့ဆောင်ရွက်မှုတွေကို မောင်းနှင်နေပြီး၊ အဲဒီအစဉ်အလာယုံကြည်ချက်ကို ဖေါက်ထွက်လုပ်ဆောင်တာမျိုး မရှိခဲ့ဘူး။

ရှိနှင့်ပြီးသား အစဉ်အလာအသိပညာယုံကြည်ချက်နဲ့ စိတ်ထင့်မှုတွေအကြား ညှပ်မိနေတဲ့ဘန်ဒီဟာ အရင်က ကျွမ်းဝင်ပြီးသားပုံစံတွေနဲ့ပဲ အကျပ်အတည်းကို စီမံကိုင်တွယ်ဖို့ အာရုံစိုက်ပါတော့တယ်။ ဘယ်ဝန်ကြီးအဆင့်ရှိ အရာရှိကမှလည်း ထူထောင်ထားပြီးသား အမြင်ယုံကြည်ချက်ကို စိန်ခေါ်လုပ်နိုင်စွမ်း မရှိကြပါဘူး။ ပညာရှင်တွေကလည်း ကိုင်တွယ်မှုပုံစံအသစ် ချမပြနိုင်ခဲ့ပါဘူး။

သမတအပေါ် သြဇာလွှမ်းဖို့ကြိုးစားတဲ့ ပုဂ္ဂိုလ်ရေးပေးစာတွေနဲ့ ဌာနတွင်းစာတမ်းတွေကြောင့်၊ အမျိုးသားလုံခြုံရေးကောင်စီအစည်းအဝေးတွေ၊ ဝန်ကြီးအဆင့်အစည်းဝေးတွေမှာ အခြေအတင်ဆွေးနွေးပွဲတွေ ရှိခဲ့ပါတယ်။ ဆုံးဖြတ်ချက်တွေ ချခဲ့ကြပေမယ့်၊ အကျပ်အတည်းဖြေရှင်းနိုင်ရေးအတွက် ဘယ်လိုမဟာဗျူဟာကိုမှ သဘောတူ မချနိုင်ခဲ့ကြပါဘူး။ ကနေဒီအစိုးရဟာ ကြုံရာကျပန်းဆုံးဖြတ်ချက်တလှေကြီးနဲ့ စခန်းသွားခဲ့ရပါတယ်။

## ပြည်တွင်းစစ်ဟာ တရားဝင်မှုကိစ္စ၊ အာဏာမရှိရင် လုံခြုံရေးမရ

ဂိုးလ်စတိန်းရဲ့ စာအုပ်ဖတ်ရာမှာ၊ ဘန်ဒီရဲ့ပြောစကားတစ်ခုဖော်ပြမှုက အတော်အံ့သြစရာဖြစ်နေတယ်။ ၁၉၆၁ နိုဝင်ဘာမှာ၊ ဘန်ဒီက သမတကနေဒီဆီ စာရေးခဲ့တယ်။ “မနေ့ကရေကူးကန်မှာ သမတကြီးက ကျနော်ဘယ်လိုတွေးထားသလဲဆိုတာ မေးတယ်။ ကျနော်တွေးထားတာက ဒီလိုပါ၊ ဗီယက်နမ်အတွင်းမှာ စစ်ရေးဆောင်ရွက်ဖို့လိုနေပြီမို့ ကျနော်တို့ တပ်မတခုလောက် စေလွှတ်ကြဖို့ သဘောတူသင့်ပြီ” ဆိုပြီး ရေးထားတယ်။ စာရေးသူဂိုးလ်စတိန်းက ဘန်ဒီရေးသားထားတဲ့ အထောက်အထားလည်း မပြသလို၊ ‘တပ်မတခုလောက်’ ဆိုတာ ဘယ်လိုအဓိပ္ပါယ်ဖွင့်သလဲဆိုတာလည်း မဖော်ပြဘူး။ ဘယ်လိုမဟာဗျူဟာရလဒ်မျိုးကို ဆန္ဒရှိတယ်ဆိုတာလည်း ပြောမထားခဲ့ပါဘူး။

အရှေ့တောင်အာရှဆီ တိုက်ခိုက်ရေးတပ်တွေစေလွှတ်ဖို့ ကနေဒီက ဆန့်ကျင်တယ်လို့ ဂိုးလ်စတိန်က ဆိုတယ်။ ၁၉၆၁ မှာ လာအိုမှာ အိုက်စင်ဟောင်ဝါရဲ့ တပ်ချထားရေး အယူအဆကို ကနေဒီက အပြတ်ငြင်းပယ်တယ်။ ၁၉၆၃ မှာ ဗီယက်နမ်နဲ့ပတ်သက်တဲ့ အလားတူ အဆိုပြုချက်ကိုလည်း လက်မခံခဲ့ဘူး။ ဒီလိုလုပ်တာဟာ မဟာဗျူဟာဆုံးဖြတ်ချက် တစ်ခုထက် နှောင့်နှေးကြန့်ကြာမှုကိုသာ ပိုပြီးရလဒ်ထင်စေခဲ့ပါတယ်။

တတယ်တော့ ကနေဒီဟာ စိတ်နှစ်ခွဖြစ်နေခဲ့ပါတယ်။ အမျိုးသားလုံခြုံရေးအတွက် တောင်ဗီယက်နမ်ဟာ မရှိမဖြစ် ဆက်ရှင်သန်အောင် လုပ်ထားရမယ်ဆိုတာနဲ့ အဲဒီ့ပန်းတိုင်ကို ရဖို့ဆိုရင် အမေရိကန်တိုက်ခိုက်ရေးတပ်တွေ စေလွှတ်ရမယ်ဆိုတဲ့ နှစ်ခုအကြား ဗျာများပြီး ဝေခွဲမရ ဖြစ်နေပါတယ်။ အဲဒီ့ တပ်တွေပို့ရေး ဆုံးဖြတ်ချက်ကို ၁၉၆၃ မှာ ရွှေ့ဆိုင်းနိုင်ခဲ့ပါတယ်။ သို့သော် ဂျွန်ဆင်သမတဖြစ်လာပြီး ဗီယက်နမ်ပြိုလုခါနီး ၁၉၆၅ မှာတော့ ဆုံးဖြတ်ချက်ဟာ လုံးဝရှောင်လို့မရအောင် ဖြစ်လာခဲ့ပါတယ်။

အားလုံးမြင်ခဲ့ရတဲ့အတိုင်းပါပဲ။ ကနေဒီရဲ့ သမတနောက်ဆုံးရက်သတ္တပတ်တွေမှာ ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်တွေဟာ သူ့နောက်သမတဖြစ်လာတဲ့ ဂျွန်ဆင်ရဲ့ရွေးချယ်မှုနည်းလမ်းတွေကို ပိုပြီးအကျပ်အတည်းတွေ ဖြစ်စေခဲ့ပါတယ်။ အမျိုးသားလုံခြုံရေးကောင်စီရဲ့ မတိကျတဲ့ လုပ်ရပ်တွေက ကြမ္မာငင်မှုတွေ ဖြစ်စေခဲ့ပါတယ်။

နိုင်ငံရေးအင်စတီကျူးရှင်းတွေ မတည်ငြိမ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ပျောက်ကျားစစ်က မရှောင်လွှဲသာဘဲ လုံးဝဖြေရှင်းလို့မရတဲ့ အကျပ်အတည်းတွေ ထုတ်လုပ်ပေးပါတယ်။ ပြည်တွင်းစစ်ဆိုတာ တရားဝင်မှု (legitimacy) နဲ့ လုံးဝသက်ဆိုင်နေပြီး၊ တရားဝင်မှုဆိုတာ လုံခြုံမှု မရှိဘဲနဲ့ မရရှိနိုင်ပါဘူး။ အဲဒီ့ တရားဝင်မှုနဲ့ လုံခြုံမှုရရှိရေးလိုအပ်ချက်တွေအကြားမှာ အမြဲဟာနေ တတ်တယ်။

လုံခြုံရေးဟာ အာဏာမရှိရင် မဖြစ်နိုင်ပါဘူး။ တရားဝင်မှုဟာလည်း အများသဘောတူညီမှုမရရင် ရေရှည်ထိန်းမထားနိုင်ပါဘူး။ သို့သော် ဒီမိုကရေစီနည်းကျ သဘောတူညီမှု ရရှိဖို့ အချိန်အတိုင်းအတာ ပမာဏဟာ လုံခြုံရေးရအောင်လုပ်ဖို့ အတိုင်းအတာထက် ပိုကြာညောင်းတတ်ပါတယ်။

## လုပ်ကြံမှုနဲ့ နှောင့်နှေးတဲ့သမတ

၁၉၆၃ ခုနှစ် ဗီယက်နမ်မှာပျောက်ကျားစစ် မီးရှိန်မြင့်တက်လာပါတယ်။ တောင်ဗီယက်နမ်အုပ်ချုပ်ရေးရဲ့ ချို့နဲ့မှုက အားလုံးထွက်ပေါက်မရှိ ချောင်ပိတ်မိစေတဲ့ အခြေခံအကြောင်းတရားပဲလို့ အမေရိကန်အရာရှိတွေက ယုံကြည်လာကြပါတယ်။ ကနေဒီနဲ့ ဘန်ဒီနှစ်ဦးစလုံး တောင်ဗီယက်နမ်က ပြန်လာပြီးနောက်၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးဝန်ထမ်းတွေက ဆိုင်ဂုံက အမေရိကန်သံအမတ်ကို ညွှန်ကြားချက်ပေးလိုက်တယ်။ ဆိုင်ဂုံမှာ စစ်အာဏာသိမ်းမှုအသုံးပြုပြီး သမတအသစ်ပြောင်းပစ်ဖို့။

သမ္မတ 'ဒိုု' နဲ့ သူ့ညီဟာ မကြာမီ လုပ်ကြံခံရပါတယ်။ အဲဒီ့ မဟာဗျူဟာအတွင်း တောင်ဗီယက်နမ်မှာ အာဏာသိမ်းမှုတွေ ဆက်တိုက်ဖြစ်လာပြီး ပြဿနာတွေ တလှေကြီးတက်ပါတယ်။ အဲဒီ့လို ကသောင်းကနင်းအခြေအနေတွေမှာ မြောက်ဗီယက်နမ် ဟန္နိုင်းဘက်

က တောင်ဘက်ကို ပုံမှန်တပ်တွေနဲ့ဝင်တိုက်ဖို့ အခွင့်ကောင်းပဲလို့ ယူဆလိုက်ကြပါတယ်။

နောက်သုံးပတ်လောက်အကြာမှာ ကနေဒီ လုပ်ကြံခံရပါတယ်။ အမေရိကန်တိုက်ခိုက်ရေးတပ်တွေ စေလွှတ်ဖို့ဆုံးဖြတ်ချက်ဟာ ၁၉၆၃ ခုနှစ်မှာ ဆိုင်းငံ့လိုက်ရပြီး၊ သမတဂျွန်ဆင်လက်ထဲ ကျရောက်လာပါတယ်။ စာရေးသူဂိုးလ်စတိန်းက အိမ်ဖြူတော်အတွင်းအခြေအနေဆွေးနွေးမှုတွေနဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို ခြေရာခံကြည့်ပါတယ်။ အဓိကအကြံပေးတွေဖြစ်တဲ့ ဒင်းရပ်စ်၊ ရောဘက် မက်နာမားရား၊ ဘန်ဒီတို့နဲ့ စစ်ဦးစီးချုပ်အဖွဲ့က တိုက်ခိုက်ရေးတပ်တွေ စေလွှတ်ချထားဖို့ကို အခိုင်အမာထောက်ခံကြပါတယ်။

စာရေးသူဂိုးလ်စတိန်းက သမ္မတကနေဒီကို ဝေဖန်ပြပါတယ်။ ကနေဒီဟာ အရှေ့တောင်အာရှအသိုင်းအဝိုင်းတစ်ခုလုံး ဝိုင်ရံထိန်းချုပ်ထားရေး ဒိုမီနိုသီအိုရီကို လက်ခံထားပြီး၊ အဲဒီ့ဆောင်ရွက်မှုအကျိုးဆက်တွေနဲ့ပဲ ဆက်နေမယ့်သူဖြစ်လိမ့်မယ်။ အရှေ့တောင်အာရှဆီအမေရိကရဲ့ ပြည်ပသွားရောက်တိုက်ခိုက်ရေးတပ်အများအပြားကို စေလွှတ်ချင်ပုံမပေါ်ဘူး။ သို့သော် သူ့ရဲ့ဆောင်ရွက်ချက်တွေဟာ အမျိုးသားလုံခြုံရေးအကြံပေးတွေ၊ နိုင်ငံခြားရေးမူဝါဒရေးရာပုဂ္ဂိုလ်များရဲ့အမြင်တွေက အခိုင်အမာနောက်ကွယ်က ရှိနေသလားဆိုတာ ကျနော်တို့မသိနိုင်ကြပါဘူး။ ဘန်ဒီတို့လို အဓိကအကြံပေးတွေက နှောင့်နှေးကြန့်ကြာတဲ့သမတဖြစ်သွားအောင် ဝိုင်းလုပ်ခဲ့လေသလားဆိုတာ ပြောမရဘူး။

## အောင်ပွဲရဲ့အဓိပ္ပါယ်

အမေရိကန်ပြည်ထောင်စုဟာ စစ်ပွဲသွားပြီဆိုရင်၊ အောင်ပွဲဆိုတာဘယ်လိုလဲ၊ အောင်ပွဲကို ဘယ်လိုနည်းနဲ့ အောင်မြင်အောင်လုပ်မှာလဲဆိုတာတွေ အဓိပ္ပါယ်ကျကျနနဖွင့်ဆိုဖော်ပြထားသင့်တယ်။ ဒါမှမဟုတ်လဲ သူ့ရဲ့စစ်ရေးဆောင်ရွက်မှုကို ဘယ်လိုအဆုံးသတ်မလဲ၊ ဘယ်လိုသံတမန်နည်းတွေနဲ့ စခန်းသွားမလဲဆိုတာ ကျကျနနအဆိုပြုထားရမယ်။

ဗီယက်နမ်ကို အမေရိကန်တပ်တွေ စေလွှတ်ပြန်တော့လည်း ပြည်သူအများရဲ့ ယုံကြည်ကိုးစားမှုနဲ့ မှန်ကန်တဲ့စေ့စပ်ဆွေးနွေးရေးလမ်းကြောင်း မပါခဲ့ပြန်ဘူး။ စေ့စပ်ဆွေးနွေးရင် ဘယ်လိုအချက်တွေပါဝင်ရမယ်ဆိုတာ ဘယ်တော့မှ အဓိပ္ပါယ်ဖွင့်မထားဘူး။ ယုံကြည်မှုအမှတ်နဲ့ပတ်သက်ပြီး စဉ်းစားကြည့်ဖို့ စာရေးသူ ဂိုးလ်စတိန်းက ဘန်ဒီရဲ့အံ့သြဖွယ်စကားတစ်ခုကို ကိုးကားဖော်ပြပါတယ်။ 'အမေရိကန်တပ်သားတစ်သိန်းလွှတ်ပြီး ရှုံးနိမ့်သွားတာထက်စာရင်၊ ဟနွိုင်ဘက်က တိုက်လာတာတစ်ခုလုံးကို မခုခံနိုင်တာက အမေရိကရဲ့ ယုံကြည်မှုအတွက် ပိုကောင်းအုံးမယ်' တဲ့။ ဆိုလိုတာက တပ်တွေစေလွှတ်ခြင်းထက် ဒီအတိုင်းရှုံးနိမ့်လိုက်တာက အမေရိကန်ပြည်သူလုထုအမြင်မှာ ပိုကောင်းမယ်ပေ့ါ။

နောက်ထပ် မိမိဘာသာပျက်စီးစေတဲ့ ကိစ္စကတော့ အင်ဒိုချိုင်းနားကို တခုတည်းသော မဟာဗျူဟာကွင်းပြင်အဖြစ်မြင်ဖို့ရန် နှောင့်နှေးနေခြင်းပါပဲ။ ဒီနေရာမှာ အိုင်စင်ဟောင်ဝါလုံးဝမှန်ခဲ့ပါတယ်။ ဗီယက်နမ်ကို ခုခံကာကွယ်ဖို့အတွက် လာအိုဟာ မဖြစ်မနေခံတပ်လို့ အိုက်စင်ဟောင်ဝါက ပြောခဲ့တာပဲ။ သို့သော် ဘန်ဒီက အဲဒီအဆိုကို သူလက်မခံနိုင်ကြောင်း ကနေဒီကို ပြောခဲ့တယ်။ ဘန်ဒီ ပြောပုံက "လာအိုဟာ ၁၉၅၄ ပြီးကတည်းက ဘယ်တော့မှ ကျနော်တို့ဟာ မဟုတ်တော့ဘူး။ တောင်ဗီယက်နမ်သာ ကျနော်တို့ဟာနဲ့ ကျနော်တို့လိုချင်

တဲ့ဟာပဲ” လို့ ဆိုခဲ့တယ်။

အဲဒီခြားနားချက်က မှုမမှန်တဲ့အခြေအနေတွေ ဖြစ်စေပါတယ်။ အဲဒီ အမြင်ကြောင့်ပဲ အမေရိကန်သန်းတစ်ဝက်ဟာ ဗီယက်နမ်မှာ ပိုနေမြဲကျားနေမြဲပြန်ရဖို့ တိုက်ခိုက်ခဲ့ကြရတယ်။ ရန်သူ့တပ်တွေက ကမ္ဘာဒီးယားမှာ အခြေခံစခန်းတွေတည်ပြီး လာအိုဘက်ကနေထောက်ပံ့မှု လမ်းကြောင်းတွေရယူသွားလို့ အမေရိကန်စစ်ရေးဗျူဟာ မအောင်မြင်နိုင် ဖြစ်ခဲ့ရပါတယ်။

စေ့စပ်ဆွေးနွေးရေးကိစ္စနဲ့ပတ်သက်ပြီး ဘန်ဒီပြောတာက ဟန္တိုင်းက ကွန်မြူနစ်တွေရဲ့ တောင်ဗီယက်နမ်ကို လွှမ်းမိုးဖို့ကြိုးစားမှုတွေ အရည်ပျော်ကျဆင်းသွားတာနဲ့ အပေးအယူလုပ် ညှိနှိုင်းဆွေးနွေးမှု **(compromise)** တွေ သံတမန်နည်းလမ်းကတဆင့် ပေါ်ထွက်လာလိမ့်မယ်။ တကယ်တော့ ဒါဟာ သရေပွဲအနေအထားကို ရှာတာ၊ အောင်ပွဲမဟုတ်ဘူး။ သို့သော် သရေပွဲအနေအထားက ‘ပျောက်ကျားတစ်ယောက်ဟာ မရှုံးရင် နိုင်ရမယ်၊ သရေဆိုတာ မရှိ’ ဆိုတဲ့ အဆိုအမိန့်ကို ချိုးဖေါက်သလိုဖြစ်နေတယ်။

သံတမန်နည်းနဲ့ အပေးအယူညှိနှိုင်းမယ်ဆိုတဲ့ ထွက်ပေါက်ကြံစည်မှုဟာ အမေရိကန်တွေရဲ့ နောင်တမှာ ပိုကဲနေတယ်။ ရန်သူဟန္တိုင်းဘက်ခြမ်းမှာ အပေးအယူလုပ်ဖို့ စိတ်ကူးထဲတောင် မထည့်ကြဘူး။ သူတို့က အပြတ်တိုက်ရေးပဲ။ ဟန္တိုင်းက ကွန်မြူနစ်ခေါင်းဆောင်တွေဟာ ပြင်သစ်ကို ဆယ်စုနှစ်တစ်ခု တိုက်ခိုက်ခဲ့ကြတယ်။ အမေရိကန်နဲ့ ဆယ်စုတစ်ခုလောက်ပဲ တိုက်ပွဲတွေ ဖြစ်ခဲ့ကြတယ်။ သူတို့အမြဲလိုချင်တာက ဘယ်သူနဲ့ဖြစ်ဖြစ် နိုင်ငံရေးအပေးအယူလုပ်မှုတွေရဖို့ မဟုတ်ဘူး။ အောင်နိုင်ဖို့ တိုက်ကြတာသာ ဖြစ်တယ်။

အမှန်က အပေးအယူအလျှော့အတင်းဖြစ်လာဖို့ လိုအပ်တဲ့ကြိုးစားရမှုတွေဟာ အောင်ပွဲရဖို့လိုအပ်ချက်တွေနဲ့ ခွဲခြားထားလို့မရဘူး။ အပေးအယူ အလျှော့အတင်းလုပ်ဖို့ဆိုတာ အောင်ပွဲအတွက် ဖြစ်ရမှာ။ နောက်ပိုင်း ကျနော်အစိုးရအဖွဲ့ထဲ ပါဝင်ထမ်းဆောင်လာတော့ ခါးသီးတဲ့အတွေ့အကြုံတွေကနေ သင်ခန်းစာထုတ်ယူခဲ့ပါတယ်။

## ဝေဒနာတွေကပေးခဲ့တဲ့ သင်ခန်းစာ

ဒီစာအုပ်အပေါ် သုံးသပ်ချက်ရေးရာမှာ၊ မျိုးဆက်တစ်ခုကြုံတွေ့ခဲ့ရတဲ့ နာကျင်ခံခက်ဝေဒနာတွေကို အကျဉ်းချုပ်မဖော်ပြဘဲ မနေနိုင်အောင် ဖြစ်မိပါတယ်။ လေ့လာထုတ်ယူလို့ ရသမျှ အနည်းငယ်ကို အောက်ပါအတိုင်း စီစဉ်ကြည့်ပါတယ်။

(၁) သမတကို စစ်ပွဲဆင်နွှဲဖို့ စဉ်းစားခိုင်းတဲ့အခါ၊ အကြံပေးတွေက ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခြေအနေတွေကို အတည်ပြုချက်အပေါ် အခြေခံသုံးသပ်ပြီး သူ့ဆီ တင်ပြပေးရမယ်။

(၂) စစ်ပွဲရဲ့ရည်ရွယ်ချက်က အောင်ပွဲပဲ။ သရေပွဲဆိုတာ နောက်ဆုံးရွေးချယ်မှုသာ ဖြစ်သင့်တယ်။ သရေနဲ့ ပိုနေမြဲကျားနေမြဲဆိုတာ မဟာဗျူဟာမှာ ဆန္ဒမရှိသင့်တဲ့ အရာ။

(၃) အောင်ပွဲရဲ့အဓိပ္ပါယ်ကို ဖွင့်ဆိုဖို့လိုမယ်။ အမေရိကန်ပြည်သူတွေရဲ့အမြင်မှာ ရေရှည်ထိန်းထားနိုင်တဲ့ အောင်မြင်တဲ့ရလဒ်တခုအဖြစ် အောင်ပွဲကိုဖွင့်ဆိုဖို့ လိုမယ်။

(၄) ရေရှည်စဉ်ဆက်မပြတ်ထိန်းထားနိုင်မယ့် သံတမန်မူဘောင်တစ်ခု သမတကို တင်ပြပေးရမယ်။

(၅) သံတမန်နည်းလမ်းနဲ့ မဟာဗျူဟာကို ပေါ်လစီရဲ့ အဆင့်ဆင့်တွေမှာသာမကဘဲ၊ ဖြစ်ရပ်တခုလုံးရဲ့ အရေးကြီးဆုံးကိစ္စအဖြစ် သဘောထားရမယ်။

(၆) သံတမန်နည်းလမ်းနဲ့ မဟာဗျူဟာအတွက် လုပ်ပိုင်ခွင့်အာဏာကို ရှင်းရှင်းလင်းလင်း တာဝန်အပ်နှင်းပေးရမယ်။

(၇) အစိုးရရော ဝေဖန်သူတွေပါ ဆွေးနွေးပွဲ ဒီဘိတ် ဆောင်ရွက်သင့်တယ်။ ကျနော်တို့လူ့အဖွဲ့အစည်းရဲ့ညီညွတ်မှုဟာ ကမ္ဘာကြီးရဲ့မျှော်လင့်ချက်ပဲဆိုတဲ့ အသိအမြင်ပေါ်အခြေခံပြီး ဆွေးနွေးပွဲတွေလုပ်ရပါမယ်။

## နိဂုံး

ဘန်ဒီဟာ အစောကြီးကတည်းက ဒီလိုမျိုးကောက်ချက်တွေ ဆွဲထားနိုင်သင့်တယ်လို့ ဂိုးလ်စတိန်းရဲ့စာအုပ်က ဖော်ပြနေပါတယ်။ ဒီလိုလုပ်ဖို့ဆိုရင် ဘန်ဒီဟာ သူ့အရင်စောစောပိုင်း (၁၅)နှစ်လောက်က သမတထရူးမင်းရဲ့ မက်အာသာနဲ့အငြင်းပွားမှုတွေကစပြီး မျိုးဆက်တခုရဲ့အမြင်တွေကို ငြင်းပယ်နိုင်စွမ်းရှိရလိမ့်မယ်။

သူတို့နှစ်ဦးအကြား အငြင်းပွားမှုအချက်တွေက အင်အားကို အသေးအဖွဲကိစ္စတွေမှာတောင် သုံးသင့်တယ်။ မဟာဗျူဟာနဲ့ သံတမန်နည်းလမ်းကို အမြဲတမ်းခွဲခြားပြီး လုပ်ကိုင်ရမယ့် သီးခြားနယ်ပယ်တွေဖြစ်တယ်။ မရှင်းမလင်း ဗလုံးဗထွေး ကမ္ဘာလုံးဆိုင်ရာအပြုအမူကို ထူထောင်ထားခြင်းဟာ အောင်မြင်တဲ့ပေါ်လစီပဲဆိုတဲ့ အဆိုအမိန့်ကို အမေရိကန်မူဝါဒတွေမှာ အသုံးပြုတယ်။ အဲဒီ့ မူဝါဒတွေကို သူတို့မျိုးဆက်ရဲ့ အကောင်းဆုံးနည်းလမ်းတွေအဖြစ် ၁၉၆၀ ပြည့်လွန်အစောပိုင်းမှာ ဗီယက်နမ်မှာ အကောင်အထည်ဖော်ခဲ့ကြတယ်။ ပေါ်လစီပြုလုပ်သူတွေမှာ အမြင်မှားယွင်းချို့တဲ့သွားရင်၊ ဝေဖန်သူတွေကလည်း အားနာနေလို့မရတော့ဘူး။

သမိုင်းတလျှောက်လုံး အမေရိက က အသိအမှတ်ပြုခဲ့တဲ့ ပြဿနာတိုင်းကို အမေရိကရဲ့ရင်းမြစ်နဲ့ အိုင်ဒီယာကိုသုံးပြီး ဖြေရှင်းနိုင်ခဲ့တာ သက်သေပါပဲ။ ဗီယက်နမ်ကတော့ မလွယ်လှတဲ့ ခေါင်းမာလွန်းတဲ့ တမျိုးတဘာသာ ပြဿနာပါ။ သမတကနေဒီ လုပ်ကြံခံရမှုအပေါ် ဝိုင်းကြွေးခြင်းနဲ့ မိမိဘာသာဖန်တီးတည်ဆောက်တဲ့ သီအိုရီတွေက ဂယ်ပေါက်ပိတ်အရှုပ်အထွေးတွေ ဖြစ်လာခြင်း၊ ခေါင်းဆောင်တွေရဲ့မပြည့်ဝမှုနဲ့ အတွေ့အကြုံအားနည်းမှုက အမေရိကကို ရှုံးနိမ့်မှုချောက်ထဲ တွန်းပို့ခဲ့ပါတယ်။ ဒါကနေ မပြီးနိုင်မစီးနိုင်တဲ့ အမျိုးသားရေးငြင်းခုန်ပွဲအထိ တောက်လျှောက်ဦးတည်လာခဲ့ပါတယ်။

ဒီနေရာမှာ ဘန်ဒီဟာ သားကောင်ဖြစ်ခဲ့ရပါတယ်။ ပြောင်းလဲနေတဲ့ကမ္ဘာတစ်ခုနဲ့လိုက်လျောညီထွေ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဘန်ဒီဟာ ဗီယက်နမ်စစ်ပွဲရဲ့တရားခံအစစ်နဲ့ တရားကျစရာ ဖြစ်ခဲ့ရပါတယ်။

**ရည်ညွှန်း** 'What Vietnam teaches us' by Henry Kissinger

# ပြည်တွင်းစစ်အပြီးပြန်လည်တည်ဆောက်ရေး

## ဂဲနွယ်မိုး

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့မှ 'ဘားရက် ဟူစိန် အိုဘားမား' ဆိုတဲ့လူမည်း တစ်ယောက် အမေရိကန်ပြည်ထောင်စုမှာ သမ္မတဖြစ်ဖို့ မဲအပြတ်အသတ်ရခဲ့တာကြောင့်၊ အဲဒီနေ့မှာပဲ အမေရိကန်ပြည်တွင်းစစ်ဟာ အမှန်တကယ်ပြီးဆုံးသွားခဲ့ပါတယ်။

အမေရိကန်ပြည်တွင်းစစ်ဟာ ၁၈၆၁ ခု၊ ဇူလိုင် (၂၁)ရက်နေ့မှာ ဗာဂျီးနီးယား ပြည်နယ်မှာ စတင်ခဲ့ပြီး၊ နောက်နှစ်ပေါင်း (၁၄၇)နှစ်အကြာမှာ အဲဒီ ပြည်နယ်ရဲ့မဲပုံးတွေက တဆင့် အဆုံးသတ်နိုင်ခဲ့ပါပြီ။ ဗာဂျီးနီးယားပြည်နယ်ဟာ ကျွန်စနစ်ကိုကောင်းချီးပေးခဲ့ပါတယ်။ ၁၈၆၁ ခုနှစ်မှာ ပြည်ထောင်စုကနေခွဲထွက်ဖို့ကြိုးစားခဲ့တာကြောင့် ပြည်တွင်းစစ်မီးလောင် ခဲ့ပါတယ်။ အခုဗာဂျီးနီးယားက လူဖြူတွေကပဲ အမေရိကန် ပြည်ထောင်စုရဲ့ (၄၄)ဦးမြောက် သမတအဖြစ် ဒီမိုကရက်ပါတီက လူမည်းဘားရက်အိုဘားမားကို မဲပေးခဲ့ပြီး၊ ပြည်တွင်းစစ်ရဲ့ နောက်ဆုံးစာမျက်နှာကို အဆုံးသတ်နိုင်ခဲ့ပါတယ်။

အမေရိကမှာ လူဖြူလူမည်းအကြားတင်းမာမှုတွေက အမြဲရှိခဲ့ပြီး၊ လူမည်းအခွင့် အရေး လှုပ်ရှားမှု၊ ပညာရေးရပိုင်ခွင့်တောင်းဆိုမှု၊ မာတင်လူသာကင်းရဲ့ တိုက်ပွဲခေါ်သံ၊ ၁၉၆၄ ခုနှစ် ပြည်သူ့ရပိုင်ခွင့်အက်ဥပဒေတွေနဲ့ တဆင့်ပြီးတဆင့်လှုပ်ရှားခဲ့ကြပါတယ်။ ပြည်တွင်းစစ် ဟာ ပြီးဆုံးသွားတယ်ရယ်လို့မရှိဘဲ အခု လူဖြူအများစုက အာဖရိကန်အမေရိကန်တယောက် ကို သမ္မတအဖြစ်ရွေးချက်လိုက်တော့မှ အမှန်တကယ် နိဂုံးချုပ်နိုင်တယ်လို့ဆိုရပါမယ်။

အခက်အခဲအကျပ်အတည်းပေါင်းစုံကြားက အမေရိကဟာ ပြီးခဲ့တဲ့အင်္ဂါနေ့ မှာတော့ မတူခြားနားတဲ့နိုင်ငံတနိုင်ငံဖြစ်သွားပါပြီ။ တန်းတူအခွင့်အရေးရဖို့ ကြိုးပမ်းမှုတွေဟာ သမိုင်းနဲ့ချီကြာညောင်းပေမယ့်၊ နိုင်ငံသားတိုင်း၊ ကလေးတိုင်း၊ ပြောင်းရွှေ့အခြေချလာသူတိုင်း အတွက် အမေရိကမှာ အရာရာဖြစ်နိုင်တယ်ဆိုတာ ပြောနေကြပါပြီ။ နာမည်ကျော် 'အမေရိ ကန်အိပ်မက်' တွေပြန်လည်နိုးထလာပါပြီ။

သေချာတာကတော့ ရာစုတစ်ခုမှာ တစ်ကြိမ်ဖြစ်တတ်တဲ့စီးပွားရေးကပ်က လူမဲ တစ်ယောက် သမတဖြစ်လာဖို့၊ လူဖြူတွေကိုလှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။ အိုဘားမားရဲ့ 'အပြောင်းအလဲ' (change) ဆိုတဲ့ကြွေးကြော်သံ မက်ဆေ့ချ်က တကမ္ဘာလုံးကို လှုပ်နှိုး လိုက်ပြီး၊ မတူညီမှုတွေကို ဆွဲစေ့လိုက်ပါတယ်။ ဒါကြောင့်ပဲ သူဟာ ပထမဆုံးအမေရိကန် လူမည်းသမတ ဖြစ်လာခဲ့ပါတယ်။

သို့သော် ကြီးကျယ်အောင်မြင်မယ့်သမတမျိုး သူဖြစ်လာနိုင်ပါ့မလား။ အိုဘားမား မှာ အခွင့်အရေးတွေရှိနေပါတယ်။ အမေရိကရဲ့ အမိုက်မှောင်ဆုံးကာလတွေ၊ ကမ္ဘာ့လူထုရဲ့ စိတ်ဓာတ် အဆုံးစွန်ကျဆုံးနေတဲ့ကာလတွေမှာ အကြီးကျယ်ဆုံးသမ္မတတွေ မွေးထုတ် တတ်ပါတယ်။ လင်ကွန်း၊ ရုစဗဲ့နဲ့ ထရူးမင်း တို့ဟာ ဒီလိုကာလတွေမှာ ပေါ်ထွက်လာခဲ့ သူတွေပါ။

ဟားဗတ်တက္ကသိုလ်နိုင်ငံရေးပညာရှင် မိုက်ကယ်လ်ဆန်ဒယ်လ်က "ဒီကနေ့ လူအများစုက ဈေးကွက်တွေ နှောင်းကြိုးမဲ့လွှတ်ထားခြင်းဟာ ပြည်သူ့အကျိုးပြုလုပ်ငန်း **(public goods)** ဖြစ်လာမယ်ဆိုတာမျိုးကို လက်မခံကြတော့ဘူး။ ဈေးကွက်စနစ်က ချမ်းသာပေါကြွယ်ဝမှု ဖြစ်စေတယ်။ ဒါပေမယ့် မလုံခြုံမှု၊ လူတန်းစားမညီမျှမှုနဲ့ အန္တရာယ် ပေါင်းစုံကိုလည်း ဖြစ်ပေါ်စေတယ်။ အခု ဈေးကွက်စနစ် အလွန်အကျွံကျင့်သုံးမှုက စီးပွားရေး ကျဆင်းမှုနဲ့ ပြဿနာပေါင်းစုံ ရောပြွမ်းပါလာတယ်။ အိုဘားမားက ဈေးကွက်စနစ်ကို ထိန်း ချုပ်ပေးရမယ်၊ အလုပ်လက်မဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုပြဿနာတွေကိုဖြေရှင်းပြီး နိုင်ငံ သားတွေကို အကာအကွယ်ပေးရမယ်။ စွမ်းအင်မီခိုလွန်းမှုကျော်လွှားဖို့ အစိုးရကဏ္ဍအသစ် ဖန်ဆင်းရလိမ့်မယ်။ အများကောင်းကျိုးလုပ်ငန်းတွေ တကယ်အထမြောက်လာဖို့ အစိုးရ ကဏ္ဍကို ကရိယာတစ်ခုလို ကိုင်တွယ်အသုံးချရလိမ့်မယ်လို့ဆိုပါတယ်။"

ဒါတွေအားလုံးဟာ မလွယ်လှတဲ့စိန်ခေါ်မှုတွေပါပဲ။ အမေရိကန်ပြည်တွင်းစစ်ဟာ တကယ်ပြီးဆုံးသွားပေမယ့်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေက ငံ့လင့်ကြိုဆိုနေပါ တယ်။

၁၉၃၀ ပြည့်လွန်အစောပိုင်းကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအထွေထွေအကျပ်အတည်း များက အမေရိကကို ခေတ်သစ်တစ်ခုစတင်ဖို့ စိန်ခေါ်ခဲ့ပါတယ်။ ဖရန်ကလင် ဒီလာနို ရုစဗဲ့ ရဲ့ ကျွမ်းကျင်မှုနဲ့ရည်မှန်းချက်တွေက ခေတ်သစ်မှာဦးဆောင်မှုပေးပြီး ပုံဖော်နိုင်ခဲ့ပါတယ်။ အိုဘားမားကလည်း ရာစုသစ်စိန်ခေါ်မှုများအတွက် အလားတူဦးဆောင်မှုမျိုးပေးဖို့ ကျွမ်း ကျင်မှုနဲ့ အရည်အချင်းကို ပြသရပါလိမ့်မယ်။

အုပ်ချုပ်မှုပုံစံသစ်နဲ့ ဆန်းသစ်တီထွင်မှုအိုင်ဒီယာသစ်တွေအတွက် အိုဘားမား ကိုယ်စားပြုနိုင်ရပါလိမ့်မယ်။ ကမ္ဘာ့အလယ်မှာ ပုံပျက်သွားတဲ့ အမေရိကန်ရဲ့ပုံရိပ်ကို အိုဘားမား ပြန်ဆင်သနိုင်ရပါမယ်။ ဒါဟာ သမိုင်းက အိုဘားမားပုခုံးပေါ်တင်ပေးလိုက်တဲ့ တာဝန်ဝတ္တရားများပါပဲလို့ ဆိုကြပါတယ်။

**ရည်ညွှန်း** Finishing Our Works by Thomas L. Friedman
Obama's Third Way by Fareed Zakaria

